
www.burmeseclassic.com

ဟာသလုံးချင်းဝတ္ထုသစ်

# အချော့တော်

အေးရာအေးကြောင်းနော် .. ချစ်



www.burmeseclassic.com

www.burmeseclassic.com


**စီစဉ်သူ**

မောင်သွေးရှင်

| | |
|---|---|
| မျက်နှာဖုံးသရုပ်ဖော် | ကာတွန်းမောင်မောင်ညွှက် |
| ဒီဇိုင်း | ရောင်မျိုး (Rays) |
| မျက်နှာဖုံးဖလင် | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာ | DEEP BLUE |
| စာအုပ်ချုပ် | မချို |
| ထုတ်ဝေသည့်ကာလ | ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ |
| တန်ဖိုး | (၁၀၀၀) ကျပ် |

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၃၀၀၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၃၈၀၆၀၆ ... အရ
ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက် (၀၇၀၉၅)၊ အမှတ် (၁၁၇)
လမ်း ၄၀ (အလယ်)၊ ကျောက်တံတားမြို့နယ်တွင် မျက်နှာဖုံးပုံနှိပ်၍
ဒေါ်သန်းသန်းရွှေ၊ သဇင်မင်းပုံနှိပ်တိုက် (၀၈၂၁)၊ အမှတ် (၁၁၇)၊ ၃၉လမ်း၊
ရန်ကုန်မြို့၌ အတွင်းစာသား ရိုက်နှိပ်ပြီး၊ ဦးကျော်ဟင်း၊ ယုံကြည်ချက်
စာပေ (၁၉၁၀)၊ အမှတ် (၁၀၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့မှ ပထမအကြိမ်
အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

<u>ဖြန့်ချိရေး</u>
ဆောင်းစာပေ
တိုက် (၅၇)၊ အခန်း (၄-F)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၀၉၅၂၉၊


နှမောဗုဒ္ဓဿ

ဂါသနာစာပေ စာစဉ် (၉)

# အာရှော့ဓောါ

# အေးရာအေးကြောင်းနော်..ချစ်

(ဟာသလုံးချင်းဝတ္ထုသစ်)


<u>ဂါသနာစာပေ</u>
အခန်း (၂)၊ ဗိုလ်တထောင် အထက (၆)၊ ဂျီအီးစီ
ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၀၃၇၇၊ ၃၇၀၃၇၈၊ ၃၇၀၃၇၉


www.burmeseclassic.com

www.burmeseclassic.com

အာပြဲအောင် ဆက်တိုက်ဖတ်ရတော့မည့်

**အာဇရာဇော်**

၏

ဟာသလုံးချင်းဝတ္ထုသစ်များ

---

ယခုလ

**အေးရာအေးကြောင်းနော်...ချစ်**

---

နောက်လ

**ချစ်မှာပဲ**

စာမူခွင့်ပြုချက် - ၅၀၁၆/၈၁၀၅၁၂

---

ဟိုးနောက်လ

........................... ?

နောက်ဆက်၍

........................... ?

ဆက်တိုက်ထွက်လာပါတော့မည်။

**

ရယ်သောသူ အသက်ရှည်ပါသတဲ့။

ကျွန်တော်ကတော့...

"ရယ်သောသူ အာပြဲမည်" ဟူသော ဆောင်ပုဒ်သစ် လက်ကိုင်ထား၍ ဟာသဝတ္ထုများကို ရေးဖွဲ့ပါသည်။

အာပြဲရင်း အသက်ရှည်နိုင်ကြပါစေ။

**အာဇရာဇော်** ဟူသည် ရယ်မောလို၊ အချောကြိုက်သူများအတွက်သာဖြစ်ပါ၏။

**အာဇရာဇော်**

**

www.burmeseclassic.com

### အေးရာအေးကြောင်းနော်..ချစ်

အချစ်ပြီးတော့ အချစ်လာ..
တို့နှစ်ယောက်ကြားမှာ မုသားနာမပြစ်..
အေးရာအေးကြောင်းနော်..ချစ်။

ယောက်ျားကြီးက မုသားနာကျ..
တို့နှစ်ယောက်မှာ မုသားနာမပြစ်..
အေးရာအေးကြောင်းနော်..ချစ်။

အချစ်တန်ခိုး..နှစ်ဆတိုးရ..
ယောက်ျားမပျော့..မိန်းမကြွ..
ချစ်တကာသစ်..မေတ္တာစစ်..
အေးရာအေးကြောင်းနော်..ချစ်။

ပူးတွဲကဗျာရေး..
နှင်းမောင်/ချစ်ပန်းမြင့်

## ❮၁❯

အောင်မင်္ဂလာအဝေးပြေးဂိတ်..။

ရန်ကုန်ရွှေမြို့တော်မှသည် မြန်မာပြည်တစ်နံတစ်လျားသို့ ခရီးဆန့်နိုင်သော ကားဂိတ်စခန်းဖြစ်သည်။ မြောက်ဥက္ကလာပမှာ တည်ရှိသည်။ ယခင် ကြည့်မြင်တိုင်ဆိုင်မလိုက်မှ မြောက်ဥက္ကလာပသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်မှာ မကြာလှသေး။

ထိုကားဂိတ်ဝင်းအတွင်းသို့ အမှတ်(၄၃)စီးတီးဘတ်စ်ကြီးတစ်စီး ပန်းလျှလေးတွဲ့စွာ မောင်းဝင်လာ၏။

ပန်းမည်ဆိုလည်း ပန်းလောက်သည်။ ရန်ကုန်မြို့လယ် ဆူးလေ ၄ နီးခြံမှ ဂိတ်စထွက်သည်မှာ အဝေးပြေးအရောက် မောင်းချိန်တစ်နာရီခန့်ကြာသည်။ မှတ်တိုင်တိုင်းမှာ ရပ်လိုက်၊ မောင်းလိုက်။ သူတက်ခါဆင်းနှင့် မပျင်းမရိမောင်းလာရသည်မှာ တစ်နေ့လည်းမဟုတ်။

"ငါလည်း ကားမောင်းရတာကြာတော့ ငြီးငွေ့လာပြီကွာ။ မငွေမျက်နှာကြောင့်သာ မောင်းနေရတာ"

ကားဆရာကိုဒေါ်စိန်က သို့ကလိုပင်ညည်းရှာ၏။ ဒါကိုကြားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့် စပယ်ရာမောင်မောင်ဟောက်က ဝင်ဖောက်သည်။

"ဆရာက ဆရာ့မိန်းမမျက်နှာကြောင့် မောင်းနေရသလို တပည့်ကလည်း ကလေးငါးယောက်ပါးစပ်ပေါက်ကြောင့် ရောင်းနေရတာ။ အဲဒီကလေးတွေသာ မွေးကတည်းက ပါးစပ်လေးတွေပါမလာရင် ဘယ်လောက်ကောင်းမလဲ"

မောင်မောင်ဟောက်စကားကြောင့် ကိုဒေါ်စိန်မျက်မှောင်ကုပ်၏။

"ငါပြောတဲ့အထဲမှာ ငါ့မိန်းမလို့ မပါပါဘူး"

"ဆရာပဲ မငွေမျက်နှာကြောင့်ဆို"

"ဟ. . မငွေဆိုတာ မိန်းမမဟုတ်ဘူးကွ။ ငွေ. . ငွေ. . ပိုက်ဆံကိုပြောတာ"

ဆရာတပည့်နှစ်ယောက် စကားဆက်မပြောဖြစ်ကြတော့။ ဆက်ပြောလျှင်လည်း အပေါက်အလမ်းတည့်ဖွယ်မရှိ။ ကိုဒေါ်စိန်က ဒေါသကြီးသည်။ မီးပွိုင့်မှာ မီးနီပြထားလို့ ကားရပ်ထားရရင်တောင်. .

"တောက်. . မီးနီကလည်း မိပဲမိနိုင်လွန်းတယ်။ လောကမှာ အနီမရှိဘဲ အစိမ်းချည်းဆိုရင် ကောင်းမှာ။ ရပ်စရာမလိုဘူး။ ဝေါခနဲ ဝေါခနဲပဲ"

ဟု တွေးရင်း လက်ဝါးနှစ်ဖက်ကို ပွတ်နေသေး၏။ ဝေါခနဲဝေါခနဲ မောင်းဖို့သာသူသိ၏။ ဝှောခနဲဆို နတ်ပြည်ရောက်သွားမှာကိုတော့ သူထည့်မစဉ်းစား။

စပယ်ရာမောင်မောင်ဟောက်ကလည်း ခရီးသည်တိုင်းကို သူ့တပည့်မှတ်ပြီး ဟောက်လိုက်ရတာအမော။ ဘယ်သူမှ သူ့ပြန်မပြောသည်ကိုပင် အားကိုးကာ ဘဝင်မြင့်နေသေး၏။

တကယ်တော့ ခရီးသည်များက မပြောချင်လို့ကို မပြောခြင်းဖြစ်သည်။





လိုရင်းကား ကိုယ်လိုရာခရီးရောက်ဖို့ပဲမဟုတ်လား။

အနှီကိုရွှေယာဉ်မောင်းနှင့် ကိုရွှေစပယ်ရာတို့မောင်းလာသော (၄၃) လိုင်းကားကြီး အောင်မင်္ဂလာအဝေးပြေးဂိတ်အတွင်း မောင်းဝင်လာပြီးသကာလ မှတ်တိုင်မှာ ထိုးရပ်လိုက်သည်။

"တဲ. . အောင်မင်္ဂလာအဝေးပြေးဂိတ်ဆိုတာ ရောက်ပြီ။ မြန်မြန်ဆင်းလေ။ ကိုယ့်ယောက္ခမကား မှတ်နေလို့လား"

စပယ်ရာမောင်မောင်ဟောက်က နောက်ဆုံးပိတ်လေးတောင် အလွတ်မပေး။ ဟောက်ဖြစ်အောင် ဟောက်လိုက်သေးသည်။

သူဟောက်ချင်လောက်အောင်လည်း ကောင်လေးတစ်ယောက်က လုပ်နေ၏။

ကြည့်ပါဦး. . ။

အိတ်တစ်လုံးကိုလွယ်၊ အိတ်ကြီးတစ်လုံးကိုဆွဲ၍ မဆင်းချင်သလိုလို ဆင်းချင်သလိုလိုလုပ်ကာ ဆင်းနေ၏။

သူ့ကိုကြည့်ကာ စပယ်ရာက ဟောက်နေခြင်းဖြစ်သည်။

သို့သော်. .

သူကတော့ မမှု။ ဂရုစိုက်ပုံလည်းမပေါ်။

ကားပေါ်က နောက်ဆုံးမှဆင်းလာပြီး မြေဝသုန်မှာ ခြေစုံရပ်နေလေတော့၏။

ဘယ်မှလည်း ဆက်မလျှောက်။

တခြားခရီးသည်တွေက ကိုယ့်ခရီးကိုယ်သွားကုန်ကြပြီ။

သူက ဘယ်မှမသွားသေး။

အိတ်တစ်လုံးကိုလွယ်၊ အိတ်ကြီးတစ်လုံးကိုတော့ မနိုင်မနင်းဆွဲလျက် တောင်ကိုကြည့်သည်။

မြောက်ကို ကြည့်သေး၏။

www.burmeseclassic.com



တစ်ဖန် အနောက်ကိုကြည့်သည်။

ပြီးတော့ အရှေ့ကြည့်ပြန်သည်။

ဘာကြည့်မှန်းလဲမသိ . .။

သူ့ကိုကြည့်၍ ပန်းသီးသည်ကောင်လေးတစ်ယောက်က အပြေးအလွှားရောက်လာပြီး အွှက်သွက်မေး၏။

"ဆရာ . . ပန်းသီးဝယ်မလို့မဟုတ်လား။ ပန်းသီးတွေ ကောင်းတယ်ဆရာ။ ဘယ်နှလုံးယူမလဲ။ လျှော့ပေးမယ်"

ပန်းသီးသည်လေးက လျှာထွက်မတတ်ပြောလေတော့ သူက ပြုံးပြ၏။ ပန်းသီးသည်လေးက အဟုတ်မှတ်ပြီး . .

"ဆရာ ဘယ်နှလုံးယူမလဲ။ တစ်လုံးမှ သုံးရာငါးဆယ်တည်း"

ဟု မေးလေသော် သူက ခေါင်းယမ်းပြလေ၏။ မယူဘူးပေါ့။

ပန်းသီးသည်လေး ညစ်သွား၏။ သူ့အား စူကြည့်ကြည့်ကာ ထွက်သွားတော့၏။

ပန်းသီးသည်ထွက်သွားတော့ လိမ္မော်သီးသည်ရောက်လာ၏။

လိမ္မော်သီးသည်လည်း ထိုနည်းနှင်နှင် ပြန်သွားရ၏။

သူ့အခြေအနေကိုကြည့်၍ ခရီးသွားမည့်သူတစ်ယောက်မှန်းသိသော ဇည့်ကြိုကားလက်မှတ်ပွဲစားကောင်လေးတစ်ယောက်ကလည်း အနားရောက်လာပြီး . .

"ဆရာ . . ဘယ်သွားချင်လဲ။ မန္တလေး၊ တောင်ကြီး၊ ထားဝယ်၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပုဂံ၊ ညောင်ဦး . . အကုန်ရမယ်။ ဆရာဘယ်သွားချင်လဲ"

ဟုမေးရာ ခရီးသွားမည့်သူငယ်က ဗိုက်ကိုပွတ်ရင်း ပြန်မေး၏။

"ငါသွားချင်တဲ့နေရာ မင်းပို့ပေးနိုင်မှာလား"

"ဟာ . . ပို့မှာပေါ့။ ဒါ ကျွန်တော့်အလုပ်ပဲ"





ပွဲစားလေးက အားရဝမ်းသာပြော၏။ သူ့အတွက် ခရီးသည်တစ်ယောက်ရတော့မည်မို့ ဖိုးရသည့်မျက်နှာမျိုးဖြစ်သွားသည်။

"ကဲ . . ပြောလေဆရာ။ ဆရာ့အိတ်ပေး။ ကျွန်တော်ဆွဲခဲ့မယ်။ ဆရာဘယ်သွားချင်လဲ။ ကျွန်တော်ပို့ပေးမယ်"

"ငါသွားချင်တဲ့နေရာ အမြန်ပို့ကွာ။ အရေးကြီးတယ်"

"စိတ်ချဆရာ။ ဆရာဘယ်သွားမှာလဲ"

"ငါအိမ်သာသွားချင်နေတာ။ မင်းလိုက်ပို့"

"ဗျာ . ."

ပွဲစားလေးမျက်နှာ အီးမှန်သလိုဖြစ်သွား၏။ တကယ်တော့ အီးက ပါတောင်မပါရသေး။

"မြန်မြန်ပို့ကွာ။ ကြာရင် ပေါက်ကွဲလွင့်စင်ကုန်လိမ့်မယ်"

"ဟုတ် . . ဟုတ်ကဲ့ . . လာ . . လာ"

ပေါက်ကွဲရုံတင်မက လွင့်စင်ဦးမည်ဆိုတော့ ပွဲစားလေး လန့်သွား၏။ နဂိုကမှ အီးမှန်ချင်သလိုလိုဖြစ်မနေရသည့်အထဲ ပေါက်ကွဲလွင့်စင်လာလျှင် တစ်ကိုယ်လုံးမှန်ကုန်တော့မည်။

မြန်မြန်ပို့လိုက်တာအကောင်းဆုံးဟု တွေးမိ၍လည်း အိမ်သာရှိရာ အမြန်လိုက်ပို့လိုက်ရတော့သည်။

ပွဲစားလေးက ရှေ့ကအိတ်ကိုဆွဲ၍ ပေစောင်းပေစောင်းနှင့် တက်သုတ်နှင်လျက် . .

နောက်မှာတော့ 'ကိုပါချင်' က အိတ်ကိုလွယ်၊ ဗိုက်ကိုပွတ်ကာ ရှုံ့မဲ့ရှုံ့မဲ့နှင့် လျှောက်လှမ်းလျက်ရှိချေ၏။

"ကဲ . . ဆရာကိုပါချင်ရေ၊ ဝင်ပေတော့"

"မင်းစောင့်ဦးကွာ။ အဲဒီအိတ်လည်း ယူထားဦး။ ငါအမြန်သွားသန့်ရှင်းနဲ့သွားပြီး ပြန်ထွက်လာခဲ့မယ်"



www.burmeseclassic.com

မည်မျှပါချင်နေသလဲတော့မသိ။ ချာတိတ်အား အိတ်အပ်ထားကာ အိမ်သာထဲ ဝွတ်ဝင်သွားတော့၏။

အိမ်သာထဲဝင်သွားသည့် ကိုပါချင်အား စောင့်ရင်း ပွဲစားလေး ညည်းရှာ၏။

"တောက်. . ငါ့လုပ်သက်တစ်လျှောက် ကားဂိတ်မပို့ဘဲ အိမ်သာပို့ပေးရတာ ဒီတစ်ယောက်ပဲရှိသေးတယ်။ ဘယ်လိုလူစားလဲမသိဘူး။ ဟွန်း. . လူပုံကိုက အူသလိုလို၊ လည်သလိုလိုနဲ့"

ပွဲစားလေးပြောမည်ဆိုလည်း ပြောလောက်ပါပေ၏။ ကိုပါချင်ပုံစံကိုလည်း ကြည့်ပါဦး။

အရပ်က ပိန်ပိန်ပါးပါး. .

အသားက မဖြူမညို. .

ဆံပင်က ဒွေးကေလည်းမဟုတ်၊ ခွေးကေလည်းမဟုတ်။ တိုတိုညှပ်ထား၏။ ဘာမှန်းတော့မသိ။

လူက ပျာတာပျာတာနှင့်။ စကားပြောတာကလည်း ပြောချင်သလိုလို၊ မပြောချင်သလိုလိုနှင့်။

သူ့အမည်ရင်းကား နှင်းမောင်တည်း။

ဆားပုလင်းနှင်းမောင်နှင့် ဘာမှမဆိုင်။ ငံပြာရည်ပုလင်းနှင်းမောင်နှင့်လည်း မပတ်သက်။

ဝတ်ထားတာက တီရှပ်အနက်။ ဂျင်းဘောင်းဘီအနက်။

သူ့ခိုးဇာတ်ပြားနှင့် ဆွေမျိုးတော်သလိုလိုပုံစံမျိုး။

ယင်းနှင်းမောင်တစ်ယောက် အိမ်သာထဲဝင်သွားသည်မှာ ကြာလှသဖြင့် ပွဲစားလေးက လှမ်းအော်၏။

"ကိုပါချင်အစ်ကိုကြီး. . ထွက်ခဲ့တော့လေ။ မထွက်သေးဘူးလား"

"ထွက်တုန်းကွ. . ထွက်ပြီးရင် ထွက်မှာပေါ့"





နှင်းမောင်က အထဲမှ အံကြိတ်သံကြီးနှင့်ပြန်အော်၏။ ဤတွင် အိမ်သာမအားသေး၍စောင့်နေသောလူတစ်ယောက်ကလည်း ဗိုက်ကိုနှိပ်ကာ မဲ့ရှုံ့လျက် အိမ်သာထဲသို့လှမ်းအော်၏။

"အထဲကလူ ထွက်မှာဆိုမြန်မြန်ထွက်။ ဒီမှာလည်း အမှန်အကန်ထွက်တော့မယ်"

"ထွက်နေပါပြီဗျ. . ထွက်မှာပါ။ ခဏလေးအောင့်ထား"

"မအောင့်နိုင်ဘူးကွ။ မင်းက အထဲရောက်နေတော့ အေးရာအေးကြောင်းပေါ့။ ငါက မအေးနိုင်ဘူး။ မြန်မြန်ထွက်"

အပြင်ကလူကလည်း မအောင့်နိုင်တော့သဖြင့် ဖိဟောက်၏။

သိပ်မကြာ။ နှင်းမောင် အိမ်သာထဲမှထွက်လာ၏။ သူ့မျက်နှာက ပြုံးတုံ့တုံ့နှင့်။

"ကဲ. . အေးရာအေးကြောင်းဖြစ်သွားပြီ။ ငါ့ကို အောင်စိုးမိုးကားဂိတ်လိုက်ပို့။ မော်လမြိုင်သွားမှာ။ လက်မှတ်ဝယ်ပြီးသားကွ"

"ဗျာ. ."

ပွဲစားလေးမျက်နှာ အီးမှန်သလိုဖြစ်သွားပြန်၏။ လက်မှတ်လေးများ ဝယ်ပေးရမလားဟု စောင့်နေခဲ့ခြင်းပါ။ ယခုတော့ ကိုပါချင်က လက်မှတ်ဝယ်ပြီးသားတဲ့။

"တော်ပြီဗျာ။ ကိုယ့်ဘာသာကိုယ်သွားတော့။ ဒီနေ့ ပြဿဒါးပဲ"

ပွဲစားလေးက အိတ်ကိုထိုးပေးရင်းပြောရာ နှင်းမောင်က လက်ကိုဖမ်းဆွဲထားရင်း. .

"ဒီနေ့ ရက်ရာဇာပါကွာ။ ရက်ရာဇာမို့ ခရီးထွက်လာတာပေါ့။ မောင်ရင်ချမ်းအေး ခရီးဝေးတဲ့ကွ. . ။ မှတ်ထား"

(နှင်းမောင် ပါးစပ်ထဲတွေ့ရာ ပြောလိုက်ခြင်းဖြစ်ပါသဖြင့် အဟုတ်မှတ်ပြီး ရက်တွက်ကာ ခရီးမထွက်ပါရန်)

www.burmeseclassic.com



"မှတ်တော့ဘူးဗျာ။ ခင်ဗျားမပြောလည်း ဒီဂိတ်မှာ လူတွေ နေ့တိုင်းခရီးထွက်နေတာပဲ"

"အန်. ."

"မအန့်ပါနဲ့ဗျာ။ အမှန်အကန်ပြောတာ။ စိတ်ကောင်းမထား ပြဿဒါး၊ စိတ်လေးဖြူပါ ရက်ရာဇာတဲ့။ မှတ်ထားဦး"

ချာတိတ်က အားကျမခံပြန်ပြောနေသဖြင့် နှင်းမောင်စိတ် ဝင်စားသွားသည်။ ချာတိတ်ကိုလည်း အထင်ကြီးစွာကြည့်ရင်း မေးလိုက်၏။

"မင်းကလည်း အလာကြီးပဲ။ အဲဒါ ဘယ်ပညာရှိမှာခဲ့တဲ့ အဆို အမိန့်လဲဟင်"

"ဒီပညာရှိလေဗျာ"

ချာတိတ်က လက်မလေးထောင်၊ ရင်ကိုကော့ပြနေသဖြင့် နှင်းမောင်မဲ့သွား၏။

ကြာကြာမမဲ့နိုင်။ ချာတိတ်က အိတ်ကိုဆွဲပြီး ရှေ့ကသုတ်သုတ် သွားသဖြင့် နှင်းမောင်အမီလိုက်နေရ၏။

"တဲ. . ဒါ အောင်စိုးမိုးကားဂိတ်။ ခင်ဗျားသွားချင်တဲ့နေရာ တွေ အကုန်ပို့ပြီးပြီ။ ကျွန်တော်သွားတော့မယ်"

သွားတော့မယ်ဆိုပြီး ချာတိတ်ကရပ်မြဲရပ်နေသဖြင့် နှင်းမောင် သဘောပေါက်သွား၏။ ချာတိတ်အား လက်ကာပြပြီး အိတ်ပေါင်းစုံလိုက် စမ်းနေ၏။

သူလွယ်ထားသည့်ဟမ်းဘက်အိတ်ကို ဆွဲဖွင့်ပြီး အထဲမှ အိတ် လတ်တစ်လုံးကို ထုတ်လိုက်၏။

အိတ်လတ်ကိုဖွင့်ပြီး အိတ်လေးကိုထုတ်ပြန်၏။

အိတ်လေးကိုဖွင့်ပြီး အိတ်သားသားလေး၊ မွေးကင်းစအိတ်ငယ်လေး ကို ဖွင့်၏။





ထိုအိတ်သားသားလေးထဲမှ ငါးရာတန်တစ်ရွက် ဆွဲထုတ်လိုက် ၏။ ကောင်လေးက သူ့ပေးမည်မှတ်ပြီး ပျော်သွား၏။

နှင်းမောင်က ငါးရာတန်ကို ဘောင်းဘီအိတ်ထဲ ထိုးထည့်တော့ ချာတိတ်မဲ့သွား၏။

လာပြန်ပြီ နောက်တစ်ရွက်။ နှစ်ရာတန်တစ်ရွက် ထုတ်ပြန်၏။

"နှစ်ရာဆိုရင်လည်း မဆိုးပါဘူး"

ဟု ချာတိတ်တွေးနေတုန်း နှင်းမောင်က သူ့ဘောင်းဘီအိတ်ထဲ ထည့်လိုက်ပြန်၏။

"ဟိုက်. . သွားပြန်ပြီပဟ"

ချာတိတ် ညစ်ညည်း ညည်းလိုက်၏။ ဒါကို နှင်းမောင်က ဘာ ပြန်ပြောသည်မှတ်ပါသနည်း။

"မသွားသေးပါဘူးကွာ။ ကားက ညနေနှစ်နာရီမှ ထွက်မှာပါ"

ပြောရင်း ပိုက်ဆံအိတ်ထဲမှ တစ်ရာတန်တစ်ရွက်ဆွဲထုတ်ပြန် ၏။ ထိုတစ်ရာတန်ကိုကိုင်ရင်း နှင်းမောင်စဉ်းစားနေ၏။

ချာတိတ်ခမျာလည်း ပေးနိုးပေးနိုး စောင့်နေရသည်မှာ မောလှ ပါဘိ။

"ဟင်း. ."

နှင်းမောင်ထံမှ သက်ပြင်းချသံပါ။ နောက်ဆက်တွဲ ဆုံးဖြတ် ချက်အသံလည်း ထွက်လာ၏။

"ဟယ်. . တစ်ရာကြီးတောင်။ ပေးလိုက်ပါတော့မယ်"

ငွေတစ်ရာပေးရမှာ သိန်းတစ်ရာပေးရမည်များ မှတ်နေလား မသိ။

ဆုံးဖြတ်ပြီးတာတောင် လက်ကလိုက်မလာသေးသဖြင့် ချာတိတ် တင်းသွားကာ. .

www.burmeseclassic.com



"အဲဒီလောက်စိတ်ဆင်းရဲနေရင်လည်း မပေးပါနဲ့ အစ်ကိုရာ။ ပြန်ထည့်ထား . . ပြန်ထည့်ထား"

"အေး . . ကောင်းသားပဲ"

နှင်းမောင်က အူသလိုလိုလုပ်ရင်း ပြန်ထည့်မလိုလုပ်လိုက်သေး၏။ နောက်မှ သတိရသွားပြီး . .

"အဟီး . . မင်းကိုပေးဖို့ပဲဟာ။ ဘာလို့ ပြန်ထည့်ခိုင်းရတာလဲ။ ငါက ယောင်တတ်တယ်ကွ။ ရော့ . . ရော့ . . ငါ မယောင်ခင်ယူသွား"

ဟု ဆိုကာ ရက်ရက်ရောရောကြီးပေးနေသဖြင့် ချာတိတ်က ဆတ်ဆို လှမ်းယူကာ ထွက်သွား၏။ ချာတိတ်က အေးအေးဆေးဆေး မသွားဘဲ သီချင်းတစ်ပုဒ်ကို ညည်းသွားလိုက်သေးသည်။

"ဒီလိုလူမျိုး . . တစ်ရာမကပင် . . တွေ့ခဲ့ရင် . . ထာဝရပင် . . စော်ဖို့မြင် . ."

ချာတိတ်က သူ့စောင်းဆိုသွားမှန်းသိသဖြင့် နှင်းမောင်တင်းသွားသည်။

"တောက် . . လူပုံကိုက"

သူ့ကျောခိုင်းထွက်သွားသောချာတိတ်ကို မနက်ျမချမ်းပြော လိုက်သော နှင်းမောင် ပြုံသဒါးမလွတ်ပြန်။

အကြောင်းကား လည်ကတုံးလက်ရှည်အကျီအဖြူဝတ်၍ ယောဂီ ရောင်လုံချည်ဝတ်ကာ ဆံပင်ရှည်ကြီးကို စုစည်းထားသောလူတစ်ဦးက နှင်းမောင်အား စူးစူးရဲရဲကြည့်လျက် . .

"ဟေ့ကောင် . . ဘာပြောတာလဲ"

ဟု လှမ်းဟောက်တော့၏။ ခုနကစပယ်ရာနှင့် ဆွေမျိုးတော်ပုံ ရသည်။ နှင်းမောင် ပြုံးတုံးပြုံတဲဖြစ်သွားကာ . .

"ဗျာ . . ဘာမှမပြောရပါလား"





ဟု ဖြောင့်ကွယ် ကွယ်လေ၏။

"ဘာမပြောရမှာလဲ။ ငါ့ကိုကြည့်ပြီး မင်းပြောတာ။ တောက် တောင်ခေါက်လိုက်သေးတာ။ နားနဲ့ကြားပြီး မျက်စိနဲ့မြင်တာကွ"

"ဩော် . . ရုပ်မြင်သံကြားပေါ့။ ကြော်ငြာတွေများတယ်နော်"

"ဟေ့ကောင် . . အူသလိုလို၊ ထူသလိုလိုလုပ်မနေနဲ့။ မင်း ငါ့ကို တောင်းပန်"

"ဗျာ . . ဘာကိုတောင်းပန်ရမှာလဲဗျာ။ ပန်းကိုတောင်းပြီး ပန့်ရ အောင်လည်း ကျွန်တော်က မိန်းကလေးမှမဟုတ် . . ဟုတ် . . ဟုတ်"

"တော် . . တိတ်"

လူကြီးက စွတ်အော်လိုက်သဖြင့် နှင်းမောင်လန့်သွား၏။

"မင်း ငါ့ကို ဘာမှတ်သလဲ။ တစ်မျိုးဆော်တဲ့ ဘိုးတော်ဦးနှစ်လုံး ဆိုတာ ငါပဲ"

"ဗျာ . . ဘိုးတော်ဉနှစ်လုံး"

"ဟေ့ကောင် . . ထပ်စော်ကားပြန့်ပြီ။ ဦးနှစ်လုံးကွ . . ဦးနှစ်လုံး။ မင်းစက္ကင်းရောင်းစော်ကားတဲ့အတွက် ငါ့ကိုထိုင်ကန်တော့ပြီး တောင်းပန်"

"ဟာ . . လူကြားထဲ။ ရှက်စရာကြီး"

တကယ်လည်း လူတွေက ဝိုင်းကြည့်နေကြလေပြီ။ နှင်းမောင် ရှက်ရှက်ရှိလှသဖြင့် ကြံရာမရဖြစ်ပြီး ထဖောက်တော့၏။

"ဟား . . ဟား . . ရယ်ရတယ် . . ဗြဲ"

"ဗုဒ္ဓေါ"

"ဗုဒ္ဓေါဆို အဟုတ်ပြောရရင် ဘိုးတော်ယောင်ဆောင် လိုက်ညာ နေတဲ့လူတွေကို လိုက်စုံစမ်းဖော်ထုတ်နေတဲ့ ငံပြာရည်ပုလင်းနှင်းမောင် ဆိုတာ ကျုပ်ပဲ။ ဘိုးတော်ဆိုရင် လိုင်စင်ပြ"

နှင်းမောင်၏ ပြောမိပြောရာစကားကြောင့် ဘိုးတော်ခမျာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတသွား၏။ နှင်းမောင်ကို ဇဝေဇဝါကြည့်ကာ. .

"ငံပြာရည်ပုလင်းနှင်းမောင်. . ဆားပုလင်းနှင်းမောင်နဲ့ ဘာကွာလဲ"

ဟု မေး၏။ နှင်းမောင်က. .

"ကွာတာပေါ့။ ဆားပုလင်းခေတ်က ကျန်ခဲ့ပြီ။ ဆားပုလင်းနဲ့ ငံပြာရည်ပုလင်း ဘယ်ဟာက တန်ဖိုးကြီးလဲ။ တီဗီကြော်ငြာထဲမှာ ဆားကြော်ငြာတာ တွေ့လို့လား။ ငံပြာရည်ပဲ ကြော်ငြာတာမဟုတ်လား။ ဒီလောက်ဆို သဘောပေါက်"

နှင်းမောင်က မေးကိုပွတ်ရင်း ခပ်တည်တည်နှင့်ပြောလေရာ ဘိုးတော်ဖျားနေလေတော့၏။

"ဩော်. . ဘယ်သူလဲလို့။ မောင်နှင်းမောင်ကိုး. .။ နေကောင်းတယ်နော်။ ဘယ်သွားမလို့လဲဟင်"

ဘိုးတော် လေသံပြောင်းသွားလေပြီ။ နှင်းမောင်လည်း မထူးတော့ပြီမို့ ဆက်သွန်၏။

"အခုမှ နှင်းမောင်တွေ၊ ကာင်းကောင်တွေ လာလုပ်မနေနဲ့။ ဘိုးတော်ဆိုရင် လိုင်စင်ပြ"

"ဟင်း. . ဘယ်ဘိုးတော်ကိုမှ လိုင်စင်ထုတ်မပေးသေးဘူးလေ"

"ဒါဆို မှတ်ပုံတင်ပြ"

"ဟင်း. . ပျောက်သွားတာ ပြန်လုပ်ရင် တစ်သောင်းပေးရမယ်ဆိုလို့ မလုပ်ရသေးဘူးလေ"

"ဒါဆို ရပ်ကွက်ထောက်ခံစာရောပါလား"

"ပါဘူး"

"အထောက်အထား ဘာမှမပါဘဲနဲ့များ လျှောက်သွားနေရတယ်။ ဆွဲစိခံချင်လို့လား"





"ငါ့ကို ဘယ်သူမှမစိပါဘူး။ သိကြပါတယ်"

တကယ်လည်း သိကြပါ၏။ စကားပြောနေတုန်းပင် လူတစ်စုရောက်လာပြီး ဘိုးတော်ကို ဝိုင်းချုပ်ခေါ်သွားကြသည်။

ထိုဘိုးတော်ကား စိတ္တဇဖောက်ပြန်နေသူဟု ဆိုပါသော်။

"ငါတော့ မှားပဟ"

ဟု တွေးရင်း ဘေးဘီဝဲယာကြည့်လိုက်တော့. .

အားပါး. . ပါး. .

ပြုံးစိစိ မျက်လုံးများ. . ။

□

အမှန်းပြီ၊ အချစ်လာ ကျကာ၊ စမ္မတာ
စေဒနာ မကြေညာနှင့်
ချစ်ပန်းလေးများပွင့်..ဟင့်..ဟင့်..



"ဟော့ကောင်နှင်းမောင်။ ဘာဖြစ်နေတာလဲ။ ရောက်တာ ကြာပြီလား"

"ဟာကွာ. .။ မင်းနောက်ကျလှချည်လား။ ငါရောက်နေတာ ကြာပေါ့။ မင်းကိုမျှော်နေတာ"

"ငါ မင်းကိုပြောထားသားပဲ။ အလုပ်တွေဖြတ်ပြီးမှ မီအောင် လာခဲ့ပါ့မယ်လို့။ အခုမှ ခြောက်ခွဲပဲရှိသေးတာ။ နေပါဦး. .။ မင်းက ဘာဖြစ်နေတာလဲ။ မင်းကို ဘာလို့ဝိုင်းကြည့်နေကြတာလဲ"

ချစ်ပန်းပွင့်က ဘေးဘီဝဲယာသို့အကဲခတ်ရင်း မေး၏။ ခုန ဖြစ်စဉ်ကြောင့် နှင်းမောင်ကို လူတချို့က ကြည့်နေကြခြင်း။ ကောင်းကောင်းကြည့်သည်မဟုတ်။ ပြုံးစိစိနှင့် ကြည့်နေကြခြင်းပါ။ ဒါတောင် နှင်းမောင်က မှင်အပြည့်ဖြင့် ဖောလျှောလုပ်သေး၏။

"ကွာ. .ကောင်မလေးတစ်ယောက်က ငါ့ကို ခွေးနဲ့လူမှားပြီး အော်တိုလာရေးခိုင်းလို့ကွာ။ အဲဒါ မဟုတ်ပါဘူး၊ လူမှားနေပြီဆိုတာ မယုံလို့ ကျေနပ်အောင် သူ့စာအုပ်လေးမှာ စာတစ်ကြောင်းရေးပြီး လက်မှတ်ထိုးပေးရသေးတယ်"

"ဟာ. . မင်း ခွေးလက်မှတ်တုထိုးတယ်။ ဆွဲစိခံရတော့မှာပဲ"

ဝါသနာတယ

www.burmeseclassic.com



"ငါဒီလောက်မအပါဘူးကွာ။ ခွေးလို့ ထိုးပါမလားကွ"

"မင်းဘယ်လိုရေး၊ ဘယ်လိုလက်မှတ်ထိုးလိုက်တာလဲ"

"ချစ်တတ်တဲ့ခွေး. . လို့ ထိုးပေးလိုက်တာ"

နှင်းမောင်စကားဆုံးတော့ ချစ်ပန်းပွင့် ဟက်ဟက်ပက်ပက် ရယ်၏။

ခုနကကြည့်နေသည့် လူများထဲမှ လူကြီးတစ်ဦးက "လာမြန် ပဟ တစ်ယောက်" ဟု မှတ်ချက်ချရင်း ပြုံး၏။

ထိုစဉ်မှာပင် ဂိတ်မှတာဝန်ရှိသူက ခရီးသည်များကို ဆော်ဩ၏။ (ဆော်ဩခြင်းသည် ပြဿနာမရှိ။ စော်ကားခြင်းသည်သာ ပြဿနာ ရှိနိုင်၏။ ဤကား. . စကားချပ်)

"အောင်စိုးမိုးကားဖြင့် မုတ္တမသို့လိုက်ပါမည့် ခရီးသည်များ ယာဉ်အမှတ် ၄ခ/၇၇၆၉ သို့ အေးရာအေးကြောင်းတက်ရောက်နိုင်ကြ ပါပြီခင်ဗျား"

ဆော်ဩသူက အေးရာအေးကြောင်း တက်ခိုင်းသော်လည်း ခရီးသည်များက စုပြုံတိုးဝှေ့တက်ကြသည်။

ထိုအထဲမှာ နှင်းမောင်နှင့် ချစ်ပန်းပွင့်လည်းပါ၏။ သူတို့ခုံ နံပါတ်က (၃၅၊ ၃၆) ဆိုတော့ နောက်နားမှာရောက်နေ၏။ ဒါတောင် တစ်ရက်ကြိုဖြတ်ထားရခြင်းဖြစ်သည်။ သည်ရက်မှာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြင့် တိုက်ဆိုင်နေသဖြင့် ခရီးသွားများလှသည်။

"ဟော့ကောင်. . လာ. . ဒီမှာ သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်"

နှင်းမောင်က ခုံနေရာကို ရှာဖွေတွေ့ရှိပြီး ချစ်ပန်းပွင့်ကိုခေါ် ၏။ လက်ထဲမှအိတ်ကြီးကိုလည်း ခုံတည့်တည့်စင်ပေါ်သို့ တင်လိုက်၏။

"ဟူး. . "

သက်ပြင်းကိုမှုတ်ထုတ်ပြီး သေးခုံမှာ ဟန်ကျပန်ကျထိုင်ချ





လိုက်၏။ ချစ်ပန်းပွင့်ကလည်း သူ့အိတ်ကို စင်ပေါ်တင်ပြီး ဝင်ထိုင် လိုက်၏။

ထိုင်မည်မှမကြာသေး. . ။

ပြဿနာက စလာ၏။

ကောင်မလေးနှစ်ယောက် တက်လာ၏။

အကျအနထိုင်နေသော ချစ်ပန်းပွင့်တို့အား မြုံကြည့်ကာ. .

"ဒီမှာ. . ဒီမှာ. . ဒါ ကျွန်မတို့နေရာရှင့်"

ချစ်ပန်းပွင့်က နှင်းမောင်အား တံတောင်ဖြင့်တွက်ကာ. .

"ဟော့ကောင်နှင်းမောင်၊ ဒီမှာ လာရစ်နေတယ်။ ပြလိုက်ဦး"

ဟု ပြောရာ ကောင်မလေးမျက်နှာ ရဲခနဲဖြစ်သွား၏။ နှင်းမောင် က အထောက်အထားဖြင့် ရဲရဲကြီးပြလိုက်၏။

"ကျွန်တော်တို့ခုံနံပါတ်က သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်ဗျ။ ဒီမှာမမြင်ဘူးလား သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်။ စာလုံးကြီးနဲ့ကို ရေး ထားတာ"

နှင်းမောင်က သူ့ရှေ့တည့်တည့်မှာရေးထားသည့် ခုံနံပါတ်စာ လုံးကြီးများကို ထိုးပြနေခြင်းဖြစ်သည်။

စင်စစ် နံပါတ်ရေးထားသည်မှာ ခုံ၏နောက်ကျောမှာဖြစ်လေ ရာ ထိုခုံသည်သာလျှင် အမှန်အကန်ဖြစ်၏။

နှင်းမောင်က အူသလိုလို လည်သလိုလိုနှင့် ခုံနံပါတ်ကို မျက်စိ ရှေ့ထားငြင်းနေလေရာ ကောင်မလေးက တွေသွား၏။ သူ့နောက် မှ ကပ်ပါလာသည့် ကောင်မလေးက လက်ကုပ်၏။

"အဲဒါ ရှင်တို့ခုံနော်"

"ဟုတ်. . "

"အမှန်အကန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်မတို့ ဒီမှာပဲထိုင်ပါတော့မယ်။ ဆောရီးနော်"

"မစောတော့ဘူး။ ခုနစ်နာရီထိုးတော့မယ်"

ချစ်ပန်းပွင့်က နာရီကြည့်ရင်း ဖျော့င်သလိုပြောသေး၏။ ကောင်မလေးများက ဂရုမစိုက်။

စင်ပေါ်သို့ သူတို့အိတ်များတင်ရန် နေရာမရှိသဖြင့် ပွစိပွစိ လုပ်နေ၏။

"ဒီမှာကားဆရာ. . လာပါဦး။ အိတ်ထားစရာ နေရာမရှိတော့ဘူး။ လုပ်ပေးပါဦး"

ကားသမားလေးကိုလှမ်းခေါ်ကာ ရစ်နေ၏။ ကားသမားလေးကလည်း နှစ်ခါမခေါ်ရ။ အမြေးလေးရောက်လာပြီး မေး၏။

"အစ်မလေး. . ဘာအခက်အခဲရှိလဲ ပြောပါ။ အေးရာအေးကြောင်း ဖြစ်စေရမယ်"

"တို့အိတ်တွေ ထားလို့မရဘူး။ လုပ်ပေးဦး"

"ရပါတယ် အစ်မလေး။ အေးရာအေးကြောင်းပေ့ါ"

ကားသမားလေးက ပြောပြောဆိုဆို စင်ပေါ်မှအိတ်များကို အတင်းဆွဲဈေ့နေ၏။ အတင်းဖြဲကာ ကောင်မလေးအိတ်ကို သွင်းဖို့ကြံနေ၏။ နှင်းမောင်က သူ့အိတ်ကိုအတင်းတွန်းနေသည့် ကားသမားလေးကိုကြည့်ကာ. .

"ဟေ့ကောင်. . ငါ့အိတ်ထဲမှာ ပေါက်ပြဲတတ်တဲ့ပစ္စည်းတွေပါတယ်။ အတင်းတွန်းမနေနဲ့။ အထဲမှာ ပေါက်ပြဲကုန်လို့ ပူရာပူကြောင်း ဖြစ်သွားမယ်"

ဟု ထဟောက်၏။ ကားသမားလေးက ဟောလစ်ပြုံး ပြုံးပြရင်း ဆင်ခြေပေး၏။

"စိတ်ချအစ်ကို။ အစ်ကို့ဟာ မပြဲစေရဘူး။ ကျွန်တော့်လက်က





ယဉ်ပါတယ်"

နှင်းမောင်ဘာမှပြန်မပြောတော့။ ကားသမားလေးက အိတ်ကိုနေရာချပေးပြီး ကောင်မလေးများထိုင်နေသည်ကိုကြည့်ကာ. .

"အစ်မလေးတို့ခုံက နောက်မှာလေ။ မှားနေပြီ"

ဟု ပြော၏။ ကောင်မလေးက ကားသမားအား မျက်စိမှိတ်ပြကာ. .

"သိတယ်. . ။ ငါတို့ကျေနပ်ရင် ပြီးတာပဲမဟုတ်လား"

ဟု ပြောရာ ကားသမားလေး ခေါင်းညိတ်၏။ ထောက်ခံချက်လည်း ပေးသွားသေး၏။

"ရပါတယ်. . ။ အေးရာအေးကြောင်းပေ့ါ"

ကားသမားလေးနှင့် ကောင်မလေးနှစ်ယောက် အပြန်အလှန်ပြောဆိုသံကြားမှ နှင်းမောင်ဓာတ်ပေါက်သွား၏။ တကယ်တော့ ရှေ့ခုံသာလျှင် သူတို့ခုံတည်း။

ယခုသူတို့ထိုင်နေသည့်ခုံက ကောင်မလေးတွေခုံဖြစ်လိမ့်မည်။

ငပြောရည်ပုလင်းနှင်းမောင်တို့ လွဲလေပြီ။ သူတို့ခုံဘေးကမှန်က ဖွင့်၍ပိတ်၍ရသည်။ ယခုထိုင်နေသည့်ခုံက ဘေးမှာ မှန်သေကြီးနှင့်။ နှင်းမောင် မကျေနပ်။ ထအော်သည်။

"မကျေနပ်ဘူး"

အသံကျယ်သွားသဖြင့် တစ်ကားလုံးရှိလူများ ငိုင်းကြည့်ကြသည်။ ကားသမားလေးက ပြုံးတုံးပြုံတဲဖြင့် ပြေးလာပြီး မေး၏။

"အစ်ကို. . ဘာဖြစ်လို့လဲ"

"မကျေနပ်ဘူး. . လုံးဝမကျေနပ်ဘူး"

"အစ်ကို သီချင်းအော်မဆိုပါနဲ့ဗျာ။ ဒါ. . ကာရာအိုကေအခန်း မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းဆိုတာ မဟုတ်ဘူးကွ ညီလေးရ။ ပေါက်ကွဲလွင့်စင်တာ"

"ပေါက်ကွဲတတ်တဲ့ပစ္စည်းတွေ ကားပေါ်မတင်ရဘူးလေအစ်ကို။ အစ်ကိုတစ်ယောက်တည်း ပေါက်ကွဲတာရော၊ ပေါက်ပြဲတာရော ရှုပ်ယှက်ကိုခတ်နေတာပဲ"

ကားသမားလေးက ခေါင်းကုတ်နေ၏။ ကောင်မလေးနှစ်ယောက်ကတော့ တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးပစ်ပြရင်း ပြုံးနေကြ၏။

ဤတွင် ချစ်ပန်းပွင့်က ဝင်ရှင်းပြရသည်။

"ဒီလို ညီလေးရာ။ အစ်ကိုတို့ခုံက သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်ကွ။ အဲဒါ အစ်ကိုတို့ခုံမှာ သူများတွေက ဝင်ထိုင်နေပြီး သူများခုံမှာ အစ်ကိုတို့ဝင်ထိုင်နေရတယ်ကွာ။ အဲဒါ ကြည့်ပြောပေးပါ။ ဒါပါပဲ"

"ဟုတ်တယ်။ အဲဒီအတိုင်းပဲ"

နှင်းမောင်က ဝင်ရောက်၍စကားကြိုလိုက်သေး၏။ ကားဆရာလေးက ကောင်မလေးများကိုမေး၏။

"အစ်မလေးတို့. . ဟုတ်သလား"

မေးမယ့်သာမေးရသည်။ ဟုတ်မှန်းသိပြီးသားကြီး။ တရားလိုမရှိ၍သာ အမှုမဖွင့်ရခြင်းပါ။ တရားလိုရှိလာတော့လည်း မလွဲမရှောင်သာ အမှုဖွင့်ပေးရတော့၏။

"ဟုတ်တယ်. . ဟုတ်တယ်။ သူတို့ပဲ အမျိုးမျိုး"

"ဟုတ်ပ့ါ. .။ သူတို့ကပဲ ပပတို့ခုံ ထိုင်နှင့်သေး။ မုန့်လာဥ၊ ခရမ်းသီး၊ ရုံးပဒေသီးလုပ်ပါတယ်။ မုန်းဖို့ကောင်းပါတယ်။ ဟွန်း. ."

မုန်းရုံမုန်းပြီး ဟင်းအိုးထဲထည့်မချက်လိုက်၍ တော်သေး၏။ မုန်းတာလောက်ကတော့ ချစ်ပန်းပွင့်မမှု။





"အမုန်းပြီး အချစ်လာ။ ဤကား ဓမ္မတာ။ ဝေဒနာ မကြေညာနှင့်။ ချစ်ပန်းလေးများပွင့်. . ဟင့်. . ဟင့်. . ပျော်စရာကြီး"

ချစ်ပန်းပွင့်က ကဗျာလိုလို၊ စာလိုလို တိုးတိုးလေးရွတ်နေရာ ပပဆိုသောကောင်မလေးက မျက်စောင်းထိုး၏။

မလွဲမရှောင်သာသဖြင့် နေရာချင်းလဲပေးလိုက်ရသဖြင့် မကျေမချမ်းဖြစ်နေကြပုံရ၏။

"တောက်. . သူခိုးက လူကိုဟစ်တာ အနာဆုံးပဲ"

မပက သို့ကလိုပြောတော့ ချစ်ပန်းပွင့်က မကြားတကြားပြန်ပြော၏။

"သူခိုးက လူကိုချစ်ရင်တော့ နာဖို့မလိုပါဘူးနော့"

"စမ်းကြည့်လေ။ မီးပွင့်သွားမယ်။ နှင်းပွင့်လက်က ယဉ်ပြီးသား"

ကောင်မလေးများက ကြိမ်းလည်းကြိမ်း၊ သူတို့နာမည်များပါထည့်ကြော်ငြာနေသဖြင့် နှင်းမောင်တို့အကြိုက်တွေ့သွားကြ၏။

ချစ်ပန်းပွင့်က နှင်းမောင်ကို လက်တို့ပြော၏။

"ဟေ့ကောင်နှင်းမောင်။ တို့ကားထဲမှာ နှင်းတွေဝေနေပြီ။ နှင်းပွင့်နှင်းစက်လေးတွေနဲ့ ပက်ဖျန်းလိုက်ရင် ချစ်ပန်းလေးတွေပွင့်ပြီပေါ့"

"ပွင့်ဦးဟာ"

"ဘုတ်. ."

"ဟိုက်. . ဆော်ပဟ"

နှင်းပွင့်ဖြူကား တကယ့်ကိုလက်ယဉ်လှ၏။ သူမလက်ထဲမှာကိုင်ထားသည့် လိမ္မော်သီးနှင့် ချစ်ပန်းပွင့်အား နောက်မှလှမ်းပစ်လိုက်ခြင်းဖြစ်၏။ လိမ္မော်သီးက လည်ပင်းကိုထိသွား၏။

"ချစ်ပန်းပွင့်တို့များ ကံကောင်းချင်တော့ လိမ္မော်သီးကျွေးမယ့်သူနဲ့။ ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com

ချစ်ပန်းပွင့်က လိမ္မော်သီးကိုကောက်လိုက်ပြီး ပြန်မပေးဘဲ အခွံနွှာစားနေတော့၏။ နှင်းမောင်ကိုလည်း ကျွေးသေး၏။

"ချိုသကွာ"

နှင်းမောင်က လိမ္မော်သီးစားရင်း မချိုမချဉ်မျက်နှာဖြင့်ပြော၏။ ကောင်မလေးများကတော့ ဘာမှဆက်မပြောတော့ဘဲ ရေသန့်ဘူးများဖြင့် အလုပ်ရှုပ်နေ၏။

ကားမထွက်မီ ရေသန့်ဘူးတစ်ဘူးစီ ဝေ၏။ ရေသန့်ဘူးဝေပြီးတော့ ကားစထွက်လေပြီ။

ကားထွက်တော့ ပြတင်းပေါက်ဘေးမှာထိုင်သည့် နှင်းမောင်က အပြင်သို့ငေးရင်း လိုက်လာသည်။ နောက်ကကောင်မလေးများလည်း ဘယ်လိုလိုက်လာကြသည်တော့ သူမသိတော့။

သူသိသည်မှာ ဝမ်းရစ်ကာ ဗိုက်နာလာခြင်းဖြစ်၏။ လိမ္မော်သီးစားမိတာ မှားပြီဟု သိလိုက်၏။ အင်အင်းပါချင်သလိုလို၊ အီအီးပေါက်ချင်သလိုလိုဖြစ်နေ၏။ မျက်နှာကလည်း ရှုံ့မဲ့လို့။ ဒါကိုမြင်သော ချစ်ပန်းပွင့်က မေး၏။

"နှင်းမောင် . . ဘာဖြစ်နေတာလဲ"

နှင်းမောင်က ချစ်ပန်းပွင့်အား ပါးစပ်ကိုလက်ညှိုးဖြင့်ပိတ်ပြ၏။ ဗိုက်ကိုနှိပ်ပြ၏။

"ဗိုက်နာနေတာလား။ ဂျင်မခါနာမောင်းခိုင်းရမလား"

တိုးတိုးဆိုကာမှ ဟစ်နေသဖြင့် နှင်းမောင်ရှက်သွား၏။ နောက်ကိုလှည့်ကြည့်၏။ ကောင်မလေးများမျက်နှာက စပ်ဖြဲဖြဲ။

နှင်းမောင် ဇက်လေးပုသွားသည်။ ဗိုက်က ပိုနာလာသလိုပင်။

မတတ်နိုင်သည့်အဆုံး ကားရှေ့ကို လှမ်းအော်ရတော့၏။

"ကားဆရာ . . ဟိုးထား"





ကားသမားလေးက လှမ်းကြည့်ပြီး မေး၏။

"ဟိုဆရာ . . ဘာဖြစ်ပြန်ပြီလဲ"

"ဗိုက်နာလို့"

"ဆေးရုံမောင်းရမလား"

"အိမ်သာ . . အိမ်သာ . ."

"တောက် . . ဘယ်ကအိမ်သာရှိမလဲ။ ကားထွက်တာမှ မကြာသေးဘူး။ ဆရာရေ . . ပြဿဒါးမလွတ်ဘူး ။ အင်အင်းတောပါတယ်။ ခဏရပ်ပေးလိုက်ဦး"

ကားမောင်းသူက သဘောကောင်းပါသည်။ သင့်ရာနေရာမှာ လမ်းဘေးချရပ်ပေးလိုက်၏။

ကမျောသောပါးဆင်းသွားသော နှင်းမောင်ကိုကြည့်၍ တစ်ကားလုံး ပြုံးစိစိ။

ဆင်းသွားတာ နှင်းမောင်တစ်ယောက်တည်း။ ပြန်တက်လာတော့လည်း နှင်းမောင်တစ်ယောက်တည်း။

ကားမောင်းသူကား လွန်စွာသဘောကောင်းလှ၏။ နှင်းမောင်ပြန်တက်လာတော့ မမြင်မစမ်းဖြစ်မှာစိုး၍ထင့်။

ကားတွင်းမှမီးလုံးများကြီးများကို ထိန်အောင်ဖွင့်ပေးထားလိုက်သေး၏။

ကားတွင်းမီးရောင်အောက်မှာ နှင်းမောင်မျက်နှာက စပ်ဖြဲဖြဲ။

ခရီးသည်များကတော့ ပြုံးစေ့စေ့။

ကောင်မလေးနှစ်ယောက်ကတော့ မရယ်မိအောင် နှုတ်ခမ်းလေးများကိုက်ထား၏။

လက်ညှိုးလေးများကိုကွေးပြီး နှာခေါင်းပိတ်ထားလိုက်သေး၏။

နှင်းမောင်မျက်နှာကြီးကတော့ နီရဲလို့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပန်းပွင့်လည်း ချစ်ပန်းမပွင့်နိုင်တော့။

ကိုယ့်လူက ပြဿဒါးလုပ်နေတော့ သူ့ချစ်ပန်းတံခါးကိုလည်း ယာယီပိတ်ထားရတော့၏။

"တောက်. . မင်းလုပ်တာနဲ့ နှင်းပွင့်လေးတွေကြွေတာတောင် ချစ်ပန်းက ပွင့်လို့မဖြစ်တော့ဘူး"

ဟု ပြောရာ နှင်းမောင်ကလည်း ပြန်ပြော၏။

"ဟာ. . ငါကလည်း ပွင့်ချင်ပါ့မလား။ မအောင့်နိုင်လို့ ပွင့်ရတာ။ ငါလည်း ရှက်တာပဲ"

နှစ်ယောက်သား ဆက်စကားမပြောတော့။ အိပ်ချင်ယောင်ဆောင်နေလိုက်တာ ကောင်းမည်ဟုတွေးရင်း မျက်လုံးများမှေးထားလိုက်ကြတော့သည်။





'အေးရာအေးကြောင်း မြန်မာ့ထမင်းဆိုင်'

ပဲခူးမြို့မဝင်ခင်မှာ ကားထိုးရပ်လိုက်သည်။ ကားသမားလေးက သတိပေးပြောကြားသည်။

"ခရီးသည်များခင်ဗျား။ ဒီဆိုင်မှာ ထမင်းဟင်းနဲ့ လက်ဖက်ရည်များ ရနိုင်ပါတယ်။ ထမင်းစားမှာမို့ နာရီဝက်နားပါမယ်။ ထမင်းစားလိုသူများ ထမင်းစားနိုင်ကြပြီး ဝမ်းမမိုင်သူများကတော့ ဝမ်းနုန်းစာတွေ မစားဖို့ သတိပေးအပ်ပါတယ်"

ကားသမားလေးက ရိုးရိုးမပြော။ ရှယ်ပြောခြင်းဖြစ်၏။ နှင်းမောင်တို့ရှိရာနံ့သို့ လှည့်ကြည့်ပြောခြင်းဖြစ်သည်။ တစ်ကားလုံး ခွက်ပေါက်ကြသည်။ ပြုံးစိစိလုပ်ကြ၏။

တော်ပါသေးသည်။ ကားပေါ်မှခရီးသည်များ ပြုံးရုံပြုံးတာကြပေလို့။

မပြုံးဘဲ ဝါးလုံးကွဲသာရယ်ချလိုက်ရှင်တော့ နှင်းမောင် ကားပေါ်မှခုန်ချမိမလားမသိ။

ကားသမားလေးက ခရီးသည်များကိုမှာကြားပြီး ရှေ့မှဆင်းသွား၏။ ဆိုင်ထဲဝင်သွားပြီး ဆိုင်မှကောင်မလေးတစ်ယောက်ကို တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးနှင့် မှာကြားနေ၏။ နှင်းမောင်ကိုလည်း ကွက်ကြည့်ကွက်ကြည့် လုပ်၏။

ထမင်းဆိုင်ကား လူတွေကျပ်နေ၏။ ရပ်ထားသည့်ကားများမှ လည်း များလှသည်။ ယခင်က ပဲခူးအဝင်မှာ ဒီဆိုင်မတွေ့။

ယခုမှ ဆိုင်သစ်ဖွင့်ထားဟန်တူသည်။ အစားအသောက် ကောင်းပုံရ၏။ စားသောက်နေကြသူများ ကျပ်လို့။

"တို့လည်း ထမင်းပဲစားကြရအောင်ကွာ"

"အေး. . ကောင်းတယ်။ ငါလည်း ဆာနေပြီ"

နှင်းမောင်နှင့်ချစ်ပန်းပွင့်က ထမင်းစားရန် စားပွဲလွတ်ကိုရှာ ထိုင်၏။

သူတို့မှ ထိုင်မပြီးသေး။ ကောင်မလေးနှစ်ယောက်ကို ရှေ့ခုံမှာ နေရာချပေးနေ၏။

ကြည့်လိုက်တော့ ပပနှင့် နှင်းပွင့်ဖြူ။

ကောင်မလေးများက သူတို့ကိုမြင်တော့ နှာခေါင်းရှုံ့ကာ ဆိုင် ကကောင်မလေးကို မေး၏။

"တခြားနေရာ မရှိတော့ဘူးလား"

"မရှိတော့ဘူး အစ်မလေး။ ပြည့်နေပြီ"

မတတ်နိုင်။ ထိုင်ကြရတော့၏။ နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့က ထမင်းမှာပြီး ဟင်းမေးကြ၏။

"ဘာဟင်းတွေရှိလဲ"

"အစုံရှိပါတယ်။ ဒါပေမဲ့ ဟိုအစ်ကိုကြီးကိုတော့ ကြက်သားဟင်း တစ်မျိုးပဲ ရောင်းရပါလိမ့်မယ်"

ဆိုင်ကကောင်မလေးစကားကြောင့် နှင်းမောင်မျက်လုံးပြူး သွား၏။ ရေနွေးငှဲ့သောက်နေကြသော ပပနှင့်နှင်းပွင့်တို့လည်း အံ့သြစွာ





ကြည့်ကုန်ကြ၏။

နှင်းမောင်က မကျေနပ်မနပ်လေသံဖြင့် မေး၏။

"ငါ ပိုက်ဆံပေးပြီးစားမှာပဲဟာ။ ဘာလို့ ကြက်သားတစ်မျိုး တည်း ရောင်းရမှာလဲ"

"ဟို. . ကားဆရာလေးက မှာထားလို့ပါ။ အဲဒီအစ်ကိုကြီးကို ဝမ်းနူးစာတွေ လုံးဝမရောင်းရဘူးတဲ့။ သူတို့ ကားခဏခဏရပ်မပေး နိုင်ဘူးတဲ့"

သွားပြီ။ နှင်းမောင်မျက်နှာ ရဲခနဲ။ ချစ်ပန်းပွင့်ကလည်း ဟဲခနဲ ဖြစ်သွားပြီ။

"ဖလူး. . ဖလူး"

"ဟာ. . ဟာ. . ရေနဲ့ပက်တယ်"

ရေနွေးသောက်ရင်း ရယ်ချင်စိတ်ကို ကြိတ်မှိတ်အောင့်ထား သည့် နှင်းပွင့်ဖြူထံမှ ပွင့်ထွက်လွင့်စင်လာခြင်းပါ။

ရေနွေးများက စားပွဲပေါ်မှတစ်ဆင့် နှင်းမောင်ကိုထိမှန်ကုန်၏။

"ဆောရီးနော်. . ရေနွေးက တအားပူလို့"

နှင်းပွင့်က မုန်လာဥရော၊ ခရမ်းသီးပါ ပစ်ကျွေးလိုက်၏။ စားပွဲ ထိုးကောင်မလေးကတော့ စားပွဲပေါ်ကိုသုတ်ရင်း ရေနွေးအိုးကို ကိုင် ကြည့်ကာ. .

"ပူလည်း ပူဘဲနဲ့"

ဟု တိုးတိုးလေးပြော၏။ ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ နှင်းမောင်ကျေနပ်ပြီးသား။

"ရပါတယ်. . အေးရာအေးကြောင်းပါ။ ရေစက်ဆုံကြဦးမယ့် နိမိတ်ပုံပဲပေါ့"

အရှက်မရှိ သရက်စေ့မျက်နှာဖြင့် ပြောနေခြင်းတည်း။ စနေနိ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဆိုတာမျိုးလည်း ဖြစ်သေးသည်တစ်မှဲ့။

ဘာပဲဖြစ်ဖြစ်. .

ပဲခူးမြို့အဝင်က အေးရာအေးကြောင်းမြန်မာထမင်းဆိုင်မှာ သူတို့တတွေ အေးရာအေးကြောင်းဖြစ်သွားကြပြီ။

ရန်ကုန်မှ ည (၇) နာရီ ကားစထွက်ပြီး ထိုဆိုင်ကိုရောက်တော့ ည (၉း၁၅) နာရီ။ ကားပြန်ထွက်တော့ (၉း၅၀) နာရီ။

ရန်ကုန်ကထွက်ကတည်းက ပူရာပူကြောင်းဖြစ်ခဲ့သမျှ ထိုဆိုင်ရောက်မှ အားလုံး အေးရာအေးကြောင်းတွေဖြစ်ကုန်ရသည်။

"စားနော်. .။ ညီမလေးတို့စားတာ အစ်ကိုမောင်ရှင်းလိုက်မယ်။ မိတ်ဖြစ်ဆွေဖြစ်၊ အေးရာအေးကြောင်းပေါ့"

နှင်းမောင် လောကွတ်တွေချော်နေ၏။ နှင်းမောင်ရှင်းမှာ သေချာသွားတော့ ချစ်ပန်းပွင့်က အအေးထပ်မှာ၏။

နှင်းမောင်ကတော့ တဟဲဟဲ. .။

ချစ်ပန်းပွင့်ကလည်း ပါးဖြိုနွားဖြို။

နှင်းပွင့်ဖြူကလည်း ခပ်ကဲကဲ။

"အားနာလိုက်တာရှင်" ဟု ဆိုကာ ဟင်းပွဲတွေထပ်မှာ၏။

ပပကလည်း ထမကာရှိတစ်မယ် ကျေနပ်နှစ်သိမ့် ပီတိတွေဝေလျက်. .။

"စေတနာရှိလို့လားမသိဘူး။ စားလို့သိပ်ကောင်းတာပဲ"

ဟု ဆိုကာ အပီအပြင်လွေးလေ၏။ မော်လမြိုင်သူတွေပဲလေ။ စားမှာပေါ့ကွယ်. . နော့်။

"ရပါတယ်. . စားစမ်းပါ"

ဟူသော နှင်းမောင်အသံကြီးက တုန်အက်အက်။

ငွေရှင်းဖို့ ပိုက်ဆံအိတ်ဖွင့်တော့ လက်တုန်နေသဖြင့် လက်တစ်





ဖက်ဖြင့် ဖမ်းဆုပ်ထားရသေး။

အရေးထဲ ကားသမားလေးက အနားကပ်လာပြီး. .

"အစ်ကိုလေး. . ကားမထွက်ခင် အိမ်သာလေးဘာလေးတက်ထားဦး။ ကားမောင်းနေမှ မအော်နဲ့"

ဟု လာပြောသေး၏။ နှင်းမောင်က. .

"ရပါတယ်။ အေးရာအေးကြောင်းဖြစ်သွားပြီ"

ဟု ခပ်တည်တည်ပြန်ပြော၏။

ကားသမားလေးက ပြုံးပြီးထွက်သွားသည်။

တစ်ယောက်တည်းလည်း ပြောသွားသေး၏။

"ဒီအစ်ကိုကြီး တကယ်ကိုအေးရာအေးကြောင်းဖြစ်သွားပြီပဲ။ အားကျလိုက်တာ"

တကယ်တော့ နှင်းမောင် ရင်းလိုက်ရ၊ ရှင်းလိုက်ရတာကို မသိရှာသော အားကျခြင်းပါ။

ထမင်းအဝစား (၇၀၀) ကျပ်နှင့် ဟင်းလိုက်ပွဲ၊ အအေးဖိုးတွေပါ ပေါင်းရှင်းလိုက်လျှင် (၄၀၀၀) ကျော်ခန့် ခိုက်သွား၏။

ရှိစေ. .။

သူတို့လေးတွေနှင့် အဆင်ပြေသွားသည်ကပဲ ကျေနပ်စရာ။

"အောင်စိုးမိုးခရီးသည်များ. . ကားထွက်ပါတော့မယ်"

ကားသမားလေးအော်သံကြောင့် ကားပေါ် အလျှိုအလျှိုပြန်တက်ကြသည်။ အားလုံး ကိုယ့်နေရာကိုယ်ပြန်ထိုင်ကြပြီးသည်နှင့် ကားစထွက်တော့သည်။

"အစ်ကိုတို့ စားဦး. ."

ပပက အသင့်စိတ်လာသည့် ဖရဲသီးစိတ်များကို ကျွေးသည်။ ချစ်ပန်းပွင့် နိုက်စား၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင်ကပါ နှိုက်မည်လုပ်တော့ ချစ်ပန်းပွင့်က တားသည်။

"ဟော့ကောင်. . မင်း ဝမ်းနူးစာတွေ မစားရဘူးလေ"

"ရပါပြီကွာ။ အေးရာအေးကြောင်းပါ"

နှင်းမောင်က ပြောရင်း နှိုက်စား၏။ စားရင်း အတွဲလိုက်လှမ်းပစ်လိုက်သည်။

"ကျွေးတဲ့သူတွေရဲ့ စေတနာကြောင့် ဖရဲသီးလေးက ပိုချိုနေသလိုပဲ။ ဒီလိုဖရဲသီးမျိုး အမြဲစားနေရရင် ကောင်းမှာ"

"ဒါဆို ဖရဲသီးရောင်းတဲ့မိန်းမ ယူထားပေါ့"

"အန်. ."

နှင်းမောင်အတွဲလိုက်ပစ်လိုက်သည်ကို နှင်းပွင့်က တစ်ခုတောင့်တည်းနှင့် ပြန်ပစ်တဲ့ပြန်လိုက်ရာ နှင်းမောင်နှလုံးသားကို တည့်တည့်ကြီး ထိသွား၏။

နှင်းမောင် ထပ်မပစ်ရဲ။ ကားပေါ်မှာ မအိပ်ကြဘဲ နောက်လှည့်စကားပြောနေကြသော သူတို့ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပြီလေ။

သို့နှင့် အားလုံးငြိမ်သွားကြ၏။





"ကျိုက်ထီးရိုးသွားမယ့် ခရီးသည်များခင်ဗျား. . ။ ကျိုက်ထိုရောက်ပါပြီ"

ကျိုက်ထိုရောက်ပြီဆို၍ နှင်းမောင် ငိုက်နေရာမှ မျက်လုံးဖွင့်ကြည့်လိုက်သည်။

တစ်ကားလုံး မီးတွေလင်း၍ ခရီးသည်တွေ လှုပ်လှုပ်ရွရွလုပ်နေကြသည်။ ကျိုက်ထီးရိုးတက်မည့်ခရီးသည်များ အတော်များလှ၏။

မနက်ဖြန်ဆို တန်ဆောင်မုန်းလပြည့်နေ့ဆိုတော့ လပြည့်အမီ ကျိုက်ထီးရိုးတက်ကြသည့် ဘုရားဖူးများမှာ ကြုံရာ၊ ရရာကားနှင့် လိုက်ခဲ့ကြခြင်းတည်း။

သည်ရာသီ၊ သည်အချိန်မျိုးတွင် ကားလက်မှတ်၊ ရထားလက်မှတ်များ ဝယ်၍မလွယ်တော့။ နှင်းမောင်တို့တောင် တစ်ရက်ကြိုဝယ်ထား၍ ရခြင်းပါ။ ဒါတောင် နေရာကောင်းကောင်းမရတော့။

ကျိုက်ထိုတွင် အလယ်တန်းတစ်တန်းလုံးနှင့် နောက်ဆုံးတန်းတစ်တန်းလုံး ဆင်းသွားကြ၏။

လွတ်သွားသောနောက်ဆုံးတန်းသည်ကား (၅)ယောက်ထိုင်ခုံရှည်ကြီးဖြစ်၏။ ဆိုဖာနှင့်ဘာနှင့် ဆန့်ဆန့်ကြီးအိပ်လိုက်နိုင်မည်မို့ နှင်းမောင်မျက်စိကျသွားသည်။

"ငါ နောက်မှာ တစ်ယောက်တည်းသွားယူလိုက်ဦးမယ်။ မင်းလည်း ကျယ်ကျယ်ထိုင်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင် နောက်ခုံသို့ထသွားသည်။ နှင်းမောင်ထသွားသည်ကို နှင်းပွင့်ဖြူက လိုက်ကြည့်၏။ နှင်းမောင်က နောက်ခုံလွတ်အား မျက်စပစ်ပြလိုက်ပြီး. .

"နောက်မှာ အေးရာအေးကြောင်း သွားထိုင်တော့မယ်"

ဟု ပြောသွားသေးသည်။ နောက်ခုံပေါ် ရောက်သည်နှင့် လွယ်ထားသည့်အိတ်အား ခေါင်းအုံးလုပ်ကာ စိတ်ရှိလက်ရှိလှဲအိပ်လိုက်၏။

"အား. . ဇိမ်ပဲ"

နှင်းမောင် ကြာကြာမဇိမ်လိုက်ရပါ။ သူ့နားသို့ နှင်းပွင့်ဖြူ ရောက်လာပြီး ရှယ်ယာခွဲတော့၏။

"တစ်ယောက်တည်း လောဘမကြီးနဲ့။ ဟိုမှာ နှစ်ယောက်ထိုင်ရတာ ကျပ်တယ်။ ကျွန်မလည်း ဒီမှာကျယ်ကျယ်လွင့်လွင့်ထိုင်မှာပေါ့။ တစ်ဝက်စီပဲ"

"ရပါတယ်ဗျာ။ လွတ်လပ်စွာထိုင်ပါ။ ငိုက်ချင်လည်း ငိုက်ပါ"

ဟု ပြောပြီး နှင်းမောင်ကွေးကွေးလေးအိပ်လိုက်၏။ နှင်းပွင့်ဖြူက လွတ်နေသောခုံတစ်ခြမ်းမှာ ဝင်ထိုင်သည်။ ခုံနောက်မှီဆိုဖာကို ခေါင်းအပ်ကာ ငုတ်တုတ်လေးကွေးတော့၏။

တကယ်တော့ နှင်းမောင်အိပ်မည်ကြံသော်လည်း မအိပ်ဖြစ်တော့ပါ။ မျက်လုံးကိုဖွင့်၍ နှင်းပွင့်ကို ခိုးကြည့်နေမိသည်။

နှင်းပွင့်ကလည်း မျက်လုံးဖွင့်အကြည့်နှင့် ဆုံမိသွားကြလေတော့. .

"ဒိုး"

"အို့. . အမေ့"

ကားက ချိုင့်ထဲအီးအကျနှင့် မျက်လုံးချင်းဆုံခိုက် ကြုံသွားသမို့ ကားဆောင့်သံနှင့် ရင်ခုန်သံ ရောသွား၏။ နှင်းပွင့်ကလည်း ခုံပေါ်မှ





ပြုတ်ကျမလိုဖြစ်သွားပြီး ယောင်အော်၏။

နှင်းပွင့် ဆွဲမိဆွဲရာ ဆွဲထားလိုက်မိသည်ကား နှင်းမောင်၏ ခြေထောက်ကြီး။

နှင်းပွင့်အောက်သို့ပြုတ်မကျသော်လည်း ဆိုဖာကြီးက လျှောကျလေတော့ သူမပါ ကျလုဆဲဆဲ။ ခြေထောက်အဆွဲခံထားရသည့် နှင်းမောင်မှာလည်း ကိုးရိုးကားရားဖြစ်နေ၏။

"လွှတ်ပါဗျ. . ။ ထမရတော့ဘူး"

"လွှတ်ရင် ကျွန်မကျသွားမှာပေါ့"

"ဒါဆို ခဏကိုင်ထား။ ကိုယ်အသာထမယ်"

နှင်းမောင်က လက်ထောက်၍ အသာထ၏။ ထထိုင်ပြီး ဘာမပြောညာမပြောနှင့် နှင်းပွင့်လက်ကို အုပ်ကိုင်လိုက်၏။

နှင်းပွင့်တွန့်သွားသည်။

တွန့်တွန့်ကြီးနှင့်ပင် နှင်းမောင်လက်ကို အားယူ၍ထရ၏။

နှစ်ယောက်လုံး ထပြီး ဆိုဖာကို ပြန်တင်ရသည်။

နှင်းမောင်ပြန်ထိုင်၏။ မအိပ်တော့ဘဲ နောက်မှီ၍ထိုင်နေ၏။ အကြံထုတ်နေခြင်းပင်ဖြစ်လိမ့်မည်။

နှင်းပွင့်ဖြူကတော့ ခုနလိုပဲ ငုတ်တုတ်ငိုက်ဖို့ လုပ်နေ၏။

နှင်းမောင်က နှင်းပွင့်ဖြူကိုကြည့်သည်။ စကားမရှိ စကားရှာပြောသည်။

"မင်းလက်တွေ အေးစက်နေတာပဲ"

"ဟုတ်တယ်. . လန့်သွားလို့"

"အခုအေးမိနေဦးမယ်"

"ရပါတယ်"

"ရပါတယ်မလုပ်နဲ့။ လက်လေးပြန်နွေးသွားဖို့လိုတယ်၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

နွေးပေးရမလား"

"ရှင်. ."

"ဟိုကွာ. . ဟင်းတွေအေးရင် မီးဖိုပေါ်တင်၊ ပြန်နွေးသလို နွေးပေးရမလားလို့"

"မီးဖိုမှ မရှိတာ"

"မီးဖို ကိုယ့်မှာပါတယ်။ ထောင့်ငါးရာအားအပြည့်ပဲ။ ပေး. . ကိုယ်နွေးပေးမယ်"

နှင်းမောင်က ညာတာပါတေးနှင့် နှင်းပွင့်လက်လေးကို လှမ်းကိုင်သည်။

နှင်းပွင့်ရုန်းသော်လည်း မရ။ ပြုတ်စာနှင်ညှပ်ထားသလို မြဲမြဲကြီးဆွဲထားသည်။

"မကြာခင် နွေးသွားလိမ့်မယ်။ ကြည့်နေ"

ကြည့်နေဆိုပြီး နှင်းပွင့်လက်ကို ဖွဖွလေးဆုပ်နယ်ပေးနေ၏။ နှင်းပွင့်လည်း မရုန်းမိတော့။

ရိုးသားပုံရသော နှင်းမောင်၏မျက်နှာလေးကိုပင် ခိုးကြည့်နေမိသည်။

သြော်. . နှင်းချင်းထားတော့ နှင်းချင်းရောပြီပေါ့ကွယ်. . နော့။ ချစ်ပန်းပွင့်ကိုလည်း ကြည့်လိုက်ဦး။

ပပတစ်ယောက်တည်းရှိသောခုံကို ဘယ်အချိန်က ရောက်နေသည်မသိရ။

ပပနှင့် စကားတွေပြော၊ ဖော့ရွှေလုပ်နေ၏။ နောက်က နှင်းမောင်ကိုလည်း ကြည့်ကာ လက်မထောင်ပြလိုက်သေးသည်။

ဘို့. . သူတို့တတွေ အေးရာအေးကြောင်းတွေ ဖြစ်ကုန်ကြပါရောလားကွယ်ရို့။

☐







www.burmeseclassic.com

www.burmeseclassic.com

"ဟင်..ငကျိုကျိုရဲ့၊ ဒါ ချစ်သူ့ရဲ့မျက်ရည်စတွေလား"

"မျက်ရည်စတွေ ငါ့ဆီလွင့်လာလို့ ယိုးမပ်ထဲက နေ ရင်ထဲတောင် ကျောက်သွားပြီ။ သနားပါတယ်ကွာ"

<ႏ၂>

"မဆုံ..မင်းသားနှင်းမောင်တော့ ဒီအချိန်ဆို မော်လမြိုင်ကူး မယ့်ဇက်ပေါ် ရောက်နေရောပေါ့"

ဦးခင်မောင်က နာရီကိုလှမ်းကြည့်ရင်း ပြော၏။ နာရီက နံနက် (၆) နာရီကို ညွှန်ပြနေ၏။

ရန်ကုန်မှ မော်လမြိုင်သွားသည်ဆိုရာ၌ မော်လမြိုင်သို့ တိုက်ရိုက်ရောက်ခြင်းမဟုတ်။ မုတ္တမသို့ရောက်ပြီးမှ ကူးတို့သင်္ဘောဖြင့် မော်လမြိုင်သို့ ကူးရခြင်းပါ။

သိပ်ကြာလှသည်တော့မဟုတ်။ မုတ္တမဘက်မှကူးလျှင် ရေစုန်ဖြစ်၍ မိနစ်နှစ်ဆယ်ခန့်ပဲကြာသည်။ မော်လမြိုင်မှကူးလျှင်တော့ ရေဆန်ဖြစ်၍ သုံးဆယ့်ငါးမိနစ်ခန့်ကြာသည်။ သံလွင်မြစ်ရေက ရေစီးတော့ သန်လှ၏။ [ယခုအခါ သံလွင်တံတား(မော်လမြိုင်)ကို အောင်မြင်စွာဆောက်လုပ်ပြီးစီးသွားပြီဖြစ်ရာ ရန်ကုန်မြို့မှ မော်လမြိုင်သို့ ကား၊ ရထားဖြင့် တိုက်ရိုက်သွားရောက်နိုင်ပါပြီ။ မြန်မာအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့သော ထိုတံတားကြီးသည် မြန်မာပြည်မှာ အရှည်ဆုံးတံတားဖြစ်ပြီး ပေပေါင်း ၁၁၅၇၅ ပေ ရှိပါသည်။]



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှလာသောကားများသည် ရန်ကုန်မှ ညထွက်၍ မုတ္တမသို့ မနက် (၄) နာရီ (၅) နာရီမှ ရောက်ကြ၏။ သင်္ဘောက (၆) နာရီမှ လာမှာမို့ မုတ္တမမှ မျက်နှာသစ်၊ လက်ဖက်ရည်သောက်ရင်း စောင့်ကြရသည်။

အစကတော့ ဒီခရီးကို ဦးခင်မောင်ကိုယ်တိုင်သွားနေကျပါ။ ယခု ဦးခင်မောင်ကျန်းမာရေးမကောင်းသဖြင့် သားဖြစ်သူကို လွှတ်ရခြင်းဖြစ်၏။ သိပ်တော့စိတ်မချ။

"မင်းသားက အူသလိုလိုနဲ့။ အဆင်ပြေမှ ပြေပါ့မလားပဲ"

"အိုရှင်. . သူ့သူငယ်ချင်းချစ်ပန်းပွင့်ပါ ပါသွားတာပဲဥစ္စာ။ စိတ်ပူမနေစမ်းပါနဲ့တော်"

"ဟ. . အဲဒီကောင်ပါသွားလို့ ပိုပူရတာကွ။ နာမည်နဲ့လိုက်အောင် နေရာတကာ ချစ်ပန်းပွင့်ချင်တဲ့ကောင်"

"သူ့ဘာသာ ဘာပန်းပွင့်ပွင့် ကျုပ်သားလေးက ရိုးရိုးသားသားလေး. . ။ ရှင်ပူမနေနဲ့။ သားက ပါးစပ်ထဲလက်ထည့်ပေးတာတောင် ကိုက်တတ်မှာမဟုတ်ဘူး"

ဒေါ်နှင်းကြွယ်က သားဖြစ်သူကို အထင်ကြီးစွာ အာမခံချက်တွေပေးနေ၏။

ဟုတ်မှာ. . ။

နှင်းမောင်က နှင်းပွင့်ဖြူလက်ကို ကိုင်တွယ်ဆုပ်နယ်ပေးသည်မှအပ မကိုက်ခဲ့ပါချေ။

မုတ္တမရောက်တော့လည်း ကြည့်ဦး။

နှင်းပွင့်နားကကို မခွာတော့။ တောက်တဲ့ကြီးလို ကပ်နေ၏။

ချစ်ပန်းပွင့်ကလည်း ဘာထူးမှာလဲ။

ပပနားက မခွာ။ အိမ်မြှောင်တစ်ကောင်လို ကပ်နေ၏။





မော်လမြိုင်မြေ နီးပြီဆိုတော့ မော်လမြိုင်သူတွေ နည်းနည်းကိုယ်ရှိန်သတ်လိုက်ကြ၏။

"ဣန္ဒြေရရနေပါ အစ်ကို။ ဒီသင်္ဘောမှာ အသိတွေပါတယ်"

သင်္ဘောကပ်လာ၍ သင်္ဘောပေါ်တက်ကြတော့ နှင်းမောင်က ရှေ့ကတက်သွားပြီး ခုံတန်းလျားရှည်လေးကို နေရာဦးထားသည်။

ခုံက လေးယောက်ထိုင်၍ရသည်။ သူ့ရည်ရွယ်ချက်က သူတို့လေးယောက်ထိုင်မည်ပေါ့။

သို့သော်. .

နှင်းပွင့်ဖြူတို့ လာမထိုင်ပါ။ ဝေးဝေးလည်းမသွား။ သူတို့ခုံရှေ့က သင်္ဘောလက်ရမ်းမှာ သွားရပ်နေကြသည်။ သင်္ဘောဆီဖျံ့ဝဲလာကြသော စင်ရော်ငှက်လေးများကို ငေးကြည့်နေကြသည်။

ထိုင်ခုံမှာထိုင်နေကြသော နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့က ချစ်သူလည်းမဖြစ်ကြသေးသည့် ချစ်သူအလောင်းအလျာလေးများကို ငေးကြည့်နေကြသည်။

"အင်း. . သူတို့လည်း တို့နဲ့ခွဲရမယ်ဆိုတော့ လွမ်းရှာပြီထင်ပါရဲ့"

ဟု နှင်းမောင်က မှတ်ချက်ပြုသည်။

"သူတို့တတွေ ခွဲခွာရမှာကို စိတ်မကောင်းလို့ မျက်နှာလွှဲနေကြတာနေမှာ"

ချစ်ပန်းပွင့်ကလည်း အပြည့်အဝထောက်ခံ၏။

နှစ်ဦးသား သင်္ဘောလက်ရမ်းမှာရပ်၍ မြစ်ပြင်ကိုငေးနေကြသည့် ချစ်သူလောင်းလျာနှစ်ဦးကို ငေးကြည့်နေကြသည်။

လေက တဖျတ်ဖျတ်တိုးဝှေ့နေရာ နှင်းပွင့်ဖြူ၏ဆံစလေးများက တဖျတ်ဖျတ်လွင့်နေ၏။

နှင်းပွင့်ဖြူက ဆံပင်ရှည်သည်။ ပပက ဆံတိုကုပ်ဝဲလေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးကား ညီအစ်မများပါ။ မော်လမြိုင်သူများဖြစ်ပြီး မော်လမြိုင်ဈေးကြီးမှာ ကုန်မျိုးစုံလက်ကားဆိုင်ကြီးရှိသည်။ မိဘနှင့်အတူ ဆိုင်မှာဈေးကူရောင်းကြသည်။

ယခု ရန်ကုန်မှအဒေါ်များနှင့်အတူ ရန်ကုန်အလည်လိုက်သွားရာမှ ပြန်လာကြခြင်းပါ။ အဒေါ်များက တူမနှစ်ယောက်အား စိတ်ချလက်ချကားပေါ်တင်ပေးလိုက်တာ ကံသီ၍အိမ်ထောင်မကျခြင်းတည်း။

ယခု သင်္ဘောပေါ်ရောက်နေသည့်ထိ နှင်းပွင့်နားမှာ ပိတုန်းနှစ်ကောင်ဝဲနေဆဲ။ တစ်လမ်းလုံးလည်း ကဲခဲ့ပြီ။

ညာတာပါစေားနှင့် လက်ကလေးကိုင်ခွင့်ရခဲ့သော်လည်း ပွဲက မပြတ်သေး။ ပိုလ်လုပွဲ နွှဲရလိမ့်ဦးမည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်ပါဖို့တော့ နီးစပ်နေပြီ။

ကြည့်လေ..

ခွဲခွာကြရမည်ဆိုတော့ သူတို့လေးတွေ မျက်နှာလွှဲလို့ ငိုပဲ့ငိုနေကြပြီလား။

ထိုကဲ့သို့ နှင်းမောင်တွေးနေစဉ်မှာပင် အေးစက်စက်ရေများနှင်းမောင်မျက်နှာသို့ လာရောက်ထိမှန်၏။ လှမ်းကြည့်ရင်း ပါးစပ်ဟမိရာ ပါးစပ်ထဲသို့ပင် တစ်စက်ဝင်သွား၏။

"ဟင်..ငံကျိကျိနဲ့။ ဒါ ချစ်သူရဲ့မျက်ရည်စတွေလား"

နှင်းမောင် သို့ဘလိုတွေးရင်း နှင်းပွင့်ဖြူကိုလှမ်းကြည့်တော့..

ခမျာမှာ လက်ကိုင်ပဝါလေးအုပ်လို့..။

"ဟော့ကောင်..ချစ်ပန်းပွင့်။ နှင်းပွင့် ငါ့လွမ်းလို့ ကျိတ်မျက်ရည်ကျနေတာကွာ။ မျက်ရည်စတွေ ငါ့ဆီလွင့်လာလို့ ပါးစပ်ထဲကနေရင်ထဲတောင်ရောက်သွားပြီ။ သနားပါတယ်ကွာ"

နှင်းမောင်စွတ်တင်နေ၏။ ချစ်ပန်းပွင့်ကလည်း သူ့ပါးမှာ လာ





ကပ်သော ရေစက်တချို့ကို လက်နှင့်ပွတ်ရင်း နှင်းပွင့်ထံလှမ်းကြည့်၏။

ဟုတ်မှာ..။

နှင်းပွင့် မျက်နှာကိုလက်ကိုင်ပဝါနဲ့အုပ်ပြီး ကျိတ်သုတ်နေတာ။

ဒါပေမဲ့..

မျက်ရည်မဟုတ်။ မျက်လုံးအိမ်မှာ ဘာမျက်ရည်မှမရှိ။

ရှိသည့်ကား..

နှာခေါင်းဝမှ အရည်များ..။

နှာရည်တွေကို ကျိတ်သုတ်နေခြင်းပါလား။

ချစ်ပန်းပွင့်က နှင်းမောင်အားလက်တို့၍..

"ဟေ့ကောင်..ခုနလွင့်လာတာ မျက်ရည်မဟုတ်ဘူးကွ။ နှပ်တွေ..။ မင်းမျိုချလိုက်ပလား"

"ဘာ..နှပ်"

နှင်းမောင် အသံထွက်သွားသည်အထိ တုန်လှုပ်သွားသည်။ လက်ချောင်းကို လက်နှင့်အုပ်၍ ဖျံ့အန်သည်။

နှင်းပွင့်ဖြူက ဒါကိုမြင်တော့ တောင်းပန်ရှာသည်။

"ဆောရီးနော်..အအေးပတ်ပြီး နှာရည်တွေအရမ်းကျနေတာ။ လေတင်က နေမိတာနဲ့ လွင့်စင်ကုန်ပြီ။ အားနာလိုက်တာ"

"ရပါတယ်..ရပါတယ်"

ရပါတယ်ဆိုသော နှင်းမောင်အသံက ငွဲအက်အက်။ နှင်းမောင်အဖြစ်ကိုကြည့်၍ ချစ်ပန်းပွင့်က ပြုံးသည်။

ပပကလည်း ဟိုဘက်လှည့်ပြုံးနေသည်။

အားလုံး..အားလုံး..အပြုံးကိုယ်စီရှိကြပါလေသော်လည်း မပြုံးနိုင်သူကား နှင်းမောင်တစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . သမီးတို့ပြန်လာကြပြီ။ ဖေကြီးရေ. . ဒီမှာ ရှင့်သမီး နှစ်ယောက် ပြန်ရောက်လာကြပြီ"

ဒေါ်မိသင်းခိုင်က အိမ်ထဲဝင်လာသည့် သမီးနှစ်ယောက်ကို မြင်၍ အားရဝမ်းသာအော်သည်။

ဦးကျော်ဖြူကလည်း စာဖတ်နေရာမှ ထလာပြီး သမီးများကို ကြို၏။

"ညကတည်းက ရန်ကုန်က ဖုန်းဆက်ထားတယ်။ သမီးတို့ကို ကားပေါ်တင်ပေးလိုက်ပြီတဲ့။ သမီးတို့ဒေါ်လေး ဘာမှာလိုက်သေးလဲ"

"ထွေထွေထူးထူးတော့ မမှာပါဘူးဖေဖေ။ မော်လမြိုင်ပြန်ရောက်ရင် ဖုန်းဆက်လို့ပဲ မှာလိုက်တယ်။ ဒီအတောအတွင်းတော့ သူတို့ မော်လမြိုင်ရောက်မှာ မဟုတ်သေးဘူးတဲ့"

နှင်းပွင့်ဖြူက သွက်လက်စွာရှင်းပြပြီး အိမ်ထဲဝင်သွားသည်။ ပပကတော့ ချက်ချင်းမဝင်သေးဘဲ မိခင်ကိုကပ်ချွဲနေ၏။

"ဆာလည်းဆာတယ်၊ အိပ်လည်းအိပ်ချင်တယ် မေမေရယ်။ စားစရာဘာရှိလဲ။ စားပြီး အိပ်ပစ်လိုက်မယ်"

"မုန့်ဟင်းခါး ချက်ထားတယ်လေ။ သိတယ်. . ။ သမီးတို့ပြန်





လာရင် အစားအရင်မေးတော့မယ်ဆိုတာ။ အသင့်ပဲ. . ။ စားလို့ရတယ်။ သွားစား. . ။ မမကိုလည်းခေါ်ဦး"

သမီးချောနှစ်ယောက်ပြန်ရောက်ကြမည်ကို သိသဖြင့် ဒေါ်မိသင်းခိုင်က မုန့်ဟင်းခါးချက်ထားခြင်းဖြစ်သည်။ နှစ်ယောက်လုံးက မုန့်ဟင်းခါးသိပ်ကြိုက်ကြ၏။

နှစ်ယောက်သား ရေမိုးပင်မချိုးကြသေးဘဲ မုန့်ဟင်းခါးအရင် စားကြ၏။

"အရမ်းစားလို့ကောင်းတာပဲ။ ဒါ မေမေချက်တာ မဖြစ်နိုင်ဘူး။ အန်တီမာချက်တာဖြစ်ရမယ်"

ပပက မုန့်စားရင်း မြွေဖမ်းနေသဖြင့် မိခင်ဒေါ်မိသင်းခိုင်က ဖြောင့်ချက်ပေး၏။

"ဟုတ်တယ်ဟေ့. . ။ ငါမအားလို့ ငါ့ညီမက ချက်ပေးတာ။ ဘယ်သူချက်ချက် ညည်းတို့စားရဖို့ အဓိကပဲမဟုတ်လား"

"ဟုတ်တော့ဟုတ်တာပေါ့ မေမေရဲ့။ မေမေကိုယ်တိုင် ချက်ကျွေးတာလည်း စားချင်သေးတာပေါ့။ နောက်နေ့ကျ မေမေကိုယ်တိုင် ချက်ကျွေးဦးနော်"

ပပက ရစ်နေ၏။ နှင်းပွင့်ဖြူကတော့ ဘာမှမပြောဘဲ မုန့်ငုံ့စားနေရာမှ လွှတ်ခနဲဆို. .

"သတိရလိုက်တာ"

ဟု ပြောလိုက်လေ၏။ မိခင်ဒေါ်မိသင်းခိုင်က လှမ်းကြည့်ပြီး. .

"ဟဲ့. . သမီး။ ဘာသတိရတာလဲ"

ဟု မေးတော့၏။

"ဟို. . အေးရာအေးကြောင်းထမင်းဆိုင်တဲ့အမေရယ်။ ရန်ကုန်က ကားစီးလာတော့ ပဲခူးအဝင်မှာရှိတာ။ အဲဒီမှာ မုန့်ဟင်းခါးစားတာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလို့ သွားသတိရလိုက်တာကို ပြောတာ အမေရဲ့”

နှင်းပွင့်ဖြူက မိခင်ကိုလှမ်းရင်း ပပအားမျက်လုံးမှိတ်ပြလိုက်၏။ ပပကလည်း ဝင်ပြီး ဖောရှောလုပ်၏။

“ဟုတ်တယ် မေမေရဲ့။ သမီးတော် စားရင်း ကောင်းတာနဲ့ နှစ်ပန်းကန်စားဖြစ်သွားတယ်။ လမ်းမှာ ဗိုက်နာလာလို့ ကားရပ်ခိုင်းပြီး အိမ်သာပြေးရတယ်အမေရဲ့”

“ကောင်မလေးကတော့ လုပ်ပြီ။ မရှက်မကြောက်”

“ကြိုက်မရှက်၊ ဗိုက်မရှက်တဲ့လေ အမေရဲ့”

“ဟဲ့. . ညည်းတို့က ဘာကိုကြိုက်ပြီး မရှက်ကြတာလဲ။ မှန်မှန် ပြောကြစမ်း”

ဒေါ်မိသင်းခိုင်က သမီးနှစ်ယောက်အားကြည့်ကာ မသင်္ကာသလို မေး၏။ ပပက ကြွေးဆည့်ကာ ရှင်း၏။

“ဘာကြိုက်ရမှာလဲ မေမေရဲ့။ မုန့်ဟင်းခါးပေါ့။ မုန့်ဟင်းခါး ကြိုက်လို့ မရှက်နိုင်ဘဲ နှစ်ပွဲဆင့်စားလိုက်တာ ဗိုက်နာတဲ့ဆီ ရောက်တော့ တာပဲ”

ပပစကားဆုံးတော့ နှင်းပွင့်ဖြူက ဝင်လှမ်းသေးသည်။

“ဗိုက်မရှက်ဆိုတာ တကယ်ပဲ မေမေရယ်။ သမီးလေ တစ်ညလုံး အိပ်ဗိုက်လာလိုက်တာ ရှက်ရမှန်းကိုမသိတော့ဘူး”

“ဟုတ်တယ်. . ဟုတ်တယ်။ မမက သမီးကိုယ်ပေါ်မှီပြီး အိပ်ဗိုက်လာတာ။ မမခမျာ လက်တွေလည်းအေးစက်နေလို့ သမီးကတောင် သူ့လက်တွေကို နွေးပေးရသေးတယ်”

“ဘာလုပ်ရတယ်. . ”

“လက်အေးနေတာကို နွေးလာအောင် နွေးပေးရတာမေမေ။ သမီးလည်း ကားပေါ်ရောက်မှ တတ်တာ။ မမလက်တွေ အေးနေတာနဲ့ သမီးလက်နဲ့ဆုပ်ကိုင်ပြီး နွေးအောင်လုပ်ပေးရတာကိုပြောတာ”

ပပက ပြောရင်း နှင်းပွင့်ဖြူအား ပခုံးတွန့်ပြ၏။ နှင်းပွင့်ဖြူက သူ့အမေမမြင်အောင် လက်သီးဆုပ်ပြ၏။

“ကဲ. . သမီးတို့။ စားမှာလား၊ စကားများမှာလား။ စားပြီး အိပ်ကြ။ ညနေကျရင် ကျိုက်သလွန်ဘုရား သွားကြရအောင်။ ဒီနေ့ လပြည့် နေ့လေ”

သမီးများမုန့်ထိုင်စားနေရာသို့ ဝင်လာသော ဦးကျော်ဖြူက ဝင်ထိုင်ရင်း ပြော၏။ ပြောပြောဆိုဆို မုန့်တစ်ပွဲလည်းထည့်စား၏။

“ရှင် ဘယ်နှခါရှိပြီလဲ”

“ဟော့. . ဟော့. . ဒါနဲ့မှ နှစ်ခါတည်းရှိပါသေးတယ်လေကွယ်။ မင်းရော စားဦးလေ”

“စားဘူး”

ဒေါ်မိသင်းခိုင်က မျက်နှာကိုချီလျက် အသံကျယ်ကျယ်ပြောလိုက်၏။

မကြာလှပါ။

နောက်ဖေးမှ သူ့ညီမမာမာက ဘူးတစ်ဘူးလာချပေး၏။ ဒေါ်မိသင်းခိုင်က မျက်မှောင်ကုပ်လျက်ကြည့်ကာ မေး၏။

“ဟဲ့. . အဲဒါဘာလဲ”

“ဆားဘူးလေ။ မမပဲ ဆားဘူးဆို”

ဒေါ်မိသင်းခိုင် မျက်စောင်းထိုးသဖြင့် မာမာ ဘာမှမသိဘဲ ပြန်ဝင်သွားသည်။ ဦးကျော်ဖြူကတော့ မုန့်စားရင်း ပြုံးလို့. . ။

သမီးနှစ်ယောက်ကလည်း ပြုံးလို့ပဲလေ။

□







www.burmeseclassic.com

www.burmeseclassic.com



"မောင်နှင်းမောင်တို့ နိုးလာကြပြီလား"

ခရီးပန်းပန်း ခပ်လွှမ်းလွှမ်းဖြင့် ထိုးအိပ်နေကြသော နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့ အိပ်ရာမှထလာကြသဖြင့် ဦးလှညွန့်က မေးလိုက်၏။

ဦးလှညွန့်ကား နှင်းမောင်ဖခင် ဦးခင်မောင်နှင့် စီးပွားဖက်ဖြစ်၏။ ယခင်က အလုပ်ကိစ္စများရှိလျှင် ဦးခင်မောင်ကိုယ်တိုင် လာနေကျဖြစ်သော်လည်း ယခု ကျန်းမာရေးအရ သားကိုလွှတ်နေခြင်းဖြစ်သည်။ ဒါတောင် စိတ်မချ၍ ချစ်ပန်းပွင့်ကို အဖော်ထည့်ပေးရသေးသည်။

ချစ်ပန်းပွင့်ကလည်း တော်ရှာပါပေသည်။ လူကြီးများရှေ့မှာတော့ "ဟုတ်. . ဟုတ်" နှင့်။

ကွယ်ရာမှာတော့ လုပ်ချင်ရာလုပ်တတ်သည်။ နှင်းမောင်နှင့်ကလည်း စိတ်တူကိုယ်တူ သဘောကျ။ နှင်းမောင်နှင့် အမြဲတွဲသည်။ နှစ်ဦးလုံး မြန်မာစာဖြင့် ဘွဲ့ရထားကြပြီး နှင်းမောင်က မိဘလုပ်ငန်းကူလုပ်သည်။ ချစ်ပန်းပွင့်က နှင်းမောင်၏လုပ်ငန်းကို ကူလုပ်သည်။ သဟာဇာတမျှတကြပါပေ၏။

"လာလေကွယ် မောင်နှင်းမောင်တို့။ ကော်ဖီသောက်ကြဦး"

ဦးလှညွန့်က ကော်ဖီသောက်နေရာမှ လှမ်းခေါ်သည်။ နှင်း





မောင်က တဝါးဝါးသမ်းရင်း ဖြင်း၏။

"နောက်ပြီးမှသောက်မယ် ဦး။ ရေချိုးလိုက်ဦးမယ်"

"သြော်. . အေး. . ချိုးလေ။ မင်းသူငယ်ချင်းလည်း တစ်ခါတည်း ခေါ်ချိုးခိုင်းဦးလေကွယ်"

"ဟုတ်ကဲ့ ဦး"

နှင်းမောင်မခေါ်ခင်ကတည်းက ချစ်ပန်းပွင့်က ရေချိုးဖို့ အကျီကြယ်သီးဖြုတ်နေပြီ။ သူ့မှာ ရည်ရွယ်ချက်အထူးရှိ၏။

အခြားမဟုတ်။

ပပကို သူတိုးတိုးလေးမှာလိုက်၏။ ညနေကျရင် ကျိုက်သလွန်ဘုရားမှာ ဆုံကြမည်ဟု။

ပပက ခေါင်းညိတ်ခဲ့သည်။ ဒါကို နှင်းမောင်မသိပါ။ တမင်အသိမပေးဘဲထားခဲ့၏။ ပပလာမှတော့ နှင်းပွင့်ဖြူလည်းပါပေမပေါ့။

ရေချိုးရင်း သီချင်းတအေးအေးဖြင့် မြူးထူးတက်ကြွနေသော ချစ်ပန်းပွင့်ကိုကြည့်၍ နှင်းမောင်မသင်္ကာ။

"ဟေ့ကောင်. . မင်းမြူးလှချည်လား"

"မြူးဆို ထူးမှာကို သူငယ်ချင်းရ"

"ဘာထူးမှာလဲ. . ။ ငါ့ပြော"

"ခုနေများ မင်း နှင်းပွင့်ဖြူကိုတွေ့ရမယ်ဆို ဘယ်လိုနေမလဲ"

"ဒီလိုထက,မှာပေါ့ကွာ"

"ထက,မှာဆို က,တော့။ မင်း ဒီညနေ နှင်းပွင့်ဖြူနဲ့ဆုံရစေမယ်"

"တကယ်ပြောတာလား ဟေ့ကောင်။ ငါ့မှာ နှပ်မျိုပြီး သူလေးကို ဘာမှမဒိတ်လိုက်ရလို့ ဆွေးလုလုဖြစ်နေရတာ"

"မင်းရဲ့အဆွေးတွေကို မီးရှို့ပစ်လိုက်တော့။ ညနေ ကျိုက်သလွန်ဘုရားမှာဆုံဖို့ ငါဒိတ်ထားပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"နှစ်ကယ်ကွာ"

"တော်လိုက်တဲ့ သူငယ်ချင်း။ ဒါကြောင့် မင်းကို အားကိုးနေရတာ။ ပျော်လိုက်တာ။ ပျော်တယ်ဟေ့. . ပျော်တယ်ဟာ"

နှင်းမောင်က ရေချိုးပြီး တဘက်ကိုပခုံးပေါ်တင်ထားရာက တဘက်ကိုမြှောက်၍ ကနေတော့၏။ ဒါကို ဦးလှညွှန့်နှင့် ဒေါ်မိလှဲ့ဝင်းက မြင်သွားသဖြင့်. .

"အလို. . မောင်နှင်းမောင် ကနေတာလား"

ဟု မေး၏။ နှင်းမောင်က ရယ်ကျဲကျဲဖြင့်. .

"ဟုတ်တယ်. . အဲ. . ဟုတ်ဘူး။ ဟိုလေ. . လေ့ကျင့်ခန်းလုပ်နေတာ။ ကျန်းမာရေးလေ့ကျင့်ခန်း"

"ဟုတ်လား။ မင်းလေ့ကျင့်ခန်းကလည်း ကနေသလိုပဲနော်"

"ဟုတ်တယ် အဒေါ်ရဲ့။ မသိရင် ကနေသလို့ပဲမှတ်ရတယ်။ သိရင် က. . အဲလေ. . လေ့ကျင့်ခန်းဆိုတာ သိရတယ်"

"အဆန်းပဲနော်"

"ဆန်းဆို လေ့ကျင့်ခန်းနာမည်ကိုက ဆန်းတာ"

"ဘယ်လိုခေါ်လို့လဲ"

"ကခုန်ခြင်းဖြင့် နုပျိုပါတို့"

"အယ်. . နာမည်လေးက လှလိုက်တာ။ အဲဒီလေ့ကျင့်ခန်းလုပ်ရင် နုပျိုမှာလားဟင်"

"ဟာ. . ဘာနုပျိုမလဲမမေးနဲ့။ ရန်ကုန်မှာ ခေတ်စားနေတာ။ ဝတဲ့လူတွေဆို အဲဒီလေ့ကျင့်ခန်း တစ်လလောက်လုပ်လိုက်တာနဲ့ အဆီကျပြီး လှလို့မလို့"

"စိတ်ဝင်စားစရာပဲ။ အန်တီကလည်း ဘော်ဒီချချင်နေတာ"

"ဘော်ဒီချချင်တာများ အန်တီရယ်။ ဝပ်ရှော့သွားချလိုက်"

"ဘယ်လို. ."

"ဪ. . ဘော်ဒီချချင်တာများ ဝပ်ရှော့သွားဖို့ မလိုဘူး။ ဒီလေ့ကျင့်ခန်းသာလုပ်လိုက်"

"မင်း သင်ပေးပါလား"

"ရတယ်. . ဒီမှာကြည့်"

နှင်းမောင်က ရမ်းတီးပြီး ရမ်းကပြနေရာ ဒေါ်မိလှဲ့ဝင်းက အဟုတ်မှတ်ပြီး လိုက်လုပ်ကြည့်နေ၏။ တကယ်တော့ နှင်းမောင်မျက်နှာပြောင်နေတာ သူမသိ။

မသိဆို ဦးလှညွှန့်ဝင်လာတာကိုလည်း သူမသိ။ နှင်းမောင်လုပ်ပြ၊ ကပြသည်ကို စိတ်ဝင်တစားလိုက်လုပ်နေ၏။

ဦးလှညွှန့်က ဒေါ်မိလှဲ့ဝင်းအား မျက်မှောင်ကုပ်ကြည့်ရင်း ခေါ်လိုက်၏။

"ဒေါ်ရွှေမိလှဲ့"

"ဟဲ့. . ပလုတ်တုတ်"

"ဘာလုပ်နေတာတုံး"

"နုပျိုခြင်းအတွက် ကခုန်နေတာ။ လေ့ကျင့်ခန်းလေ. . နောက်ဆုံးပေါ်လေ့ကျင့်ခန်း"

ဒေါ်မိလှဲ့ဝင်း ဆက်ဆွဲနေတုန်း နှင်းမောင် လျှာလေးတစ်လစ်ထုတ်ကာ လစ်၏။

ဦးလှညွှန့်က ဒေါ်မိလှဲ့ဝင်း၏တင်ပါးအား ဓာတ်ကောက်ဖြင့် လှမ်းရိုက်ရင်း. .

"ကလေးတွေမြှောက်ပေးတာကို အဟုတ်မှတ်ပြီး လိုက်လုပ်မနေနဲ့။ ကိုယ့်ပုံလည်း ကိုယ်ပြန်ကြည့်ဦး။ ဘယ်လိုပဲကခုန်ကခုန် နုပျို






www.burmeseclassic.com

www.burmeseclassic.com



လာမှာမဟုတ်ဘူး။ စဉ့်အိုးဟာ စဉ့်အိုးပဲလေကွယ်"

ဟု ပြော၏။ ဒေါ်မိလွဲဝင်းက ဦးလှညွန့်အား မျက်စောင်း ခဲကာ. .

"ကျုပ်က စဉ့်အိုး။ တော်က ရာဝင်အိုး။ ဘာထူးလဲ"

ဟု ပြောကာ ခြေဆောင့်၍ ထွက်ခွာသွားတော့၏။ ဦးလှညွန့်ကတော့ သဘောကျလှစွာ ရယ်မောလျက်ရှိတော့သည်။

"ဟား. . ဟား. . ဟား. . ကျလည်းကျသလေကွယ်"

❐





တန်ဆောင်မုန်းလပြည့်နေ့။

မော်လမြိုင်မြို့။ ကျိုက်သလ္လံဘုရားရင်ပြင်တော်. . ။

ဘုရားဖူးများဖြင့် စည်ကားပြည့်နှက်နေသည်။

ထိုဘုရားဖူးများထဲ လိပ်ဥတူးမည့်သူများလည်း ပါသေးသည်။

ဘယ်သူရှိရမှာတုံး။

နှင်းမောင်နှင့် ချစ်မန်းပွင့်။

သူတို့နှစ်ယောက် ညနေစောင်း (၃) နာရီလောက်ကတည်းက ဘုရားရင်ပြင်တော်ပေါ် ရောက်နေကြခြင်းပါ။

သူတို့နှစ်ယောက်၏ မျက်စိများက ကျီးကန်းတောင်းမှောက် သကဲ့သို့ ရှိချေ၏။

"အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကြွရောက်လာကြသော သူတော်ကောင်းအပေါင်းတို့ခင်ဗျား။ ရောက်တုန်းရောက်ခိုက်၊ ကြုံတုန်းကြုံခိုက် သွားတော်ခေတ်နှင့် ဆံတော်ရှင်ကျိုက်သလ္လံစေတီတော်မြတ်ကြီးမှာ ၃၀. ၈. ၂၀၀၄ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ နံနက်အရုဏ်တက်ချိန်မှာ ရောင်တော်များကွန့်မြူးနေပုံ ဓာတ်ပုံမှတ်တမ်းများကို ကြည့်ညိုလျှင်ဒိုနိုး သွားကြဖို့ နှိုးဆော်အပ်ပါသည်ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



အသံချဲ့စက်ဖြင့် နှိုးဆော်သံက ဘုရားရင်ပြင်တော်ပေါ်မှာ လွှမ်းမိုးနေသည်။

ထူးလည်းထူး၍ ဆန်းလည်းဆန်းပါသည်။

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) နံနက် (၄း၁၅) နာရီအချိန်တွင် စေတီတော်မြတ်ကြီး ထီးတော်နားတစ်ဝိုက် ရောင်တော်များကွန့်မြူးနေခဲ့သည်။

အထူးအဆန်းဖူးမြင်ရသူများအနက် ဓာတ်ပုံဆရာတစ်ဦးက ဓာတ်ပုံရိုက်ယူနိုင်လိုက်သဖြင့် ရောင်တော်ကွန့်မြူးနေပုံများကို ရခဲ့၏။

ရောင်တော်ကွန့်မြူးနေပုံ ၄ မျိုးဖြစ်ပြီး တစ်မျိုးလျှင် ဓာတ်ပုံတစ်ပုံ နှစ်ရာကျပ်ဖြင့် ဝယ်ယူပူဇော်နိုင်ကြသည်။

နှင်းမောင်က တစ်ပုံ၊ ချစ်ပန်းပွင့်က တစ်ပုံစီ ဝယ်ယူပူဇော်ခဲ့ကြ၏။

ဘုရားရောင်ခြည်တော်ကွန့်မြူးနေပုံဓာတ်ပုံများ ကိုယ်စီ ကိုယ့်အကျႌအိတ်ထဲ ထည့်လိုက်ကြရင်း ပြောကြသေးသည်။

"သိပ်ထူးဆန်းအံ့ဩပြီး ကြည်ညိုဖို့ကောင်းတာပဲနော်"

"အေးကွ. .။ ဒါ နိမိတ်ကောင်းပဲ။ မော်လမြိုင်မြို့ကြီး တိုးတက်စည်ပင်ဝပြောမယ့်နိမိတ်ဖြစ်သလို တို့နှစ်ယောက်လည်း ပွင့်ဦးမယ့်နိမိတ်ပဲကွ"

"အေး. . ဟုတ်တယ်။ တို့ ဘုရားကန်တော့ပြီး သူတို့ကို ရှာရအောင်"

နှစ်ယောက်သား ဘုရားဓာတ်ပုံများ အိတ်ထဲထည့်၍ ဘုရားကန်တော့ကြ၏။

ပြီးလျှင်တော့. .

ပါးစပ်ကဘုရား. . ဘုရား. . လက်ရောခြေရော ကားရားကား





ရားဖြင့် လိုပ်ဉရှာကြဦးတော့မှာ။

"ဟော့ကောင်. . ဟိုမှာကြည့်စမ်း။ ရှေ့က အကျႌကြည်ပြာလေးဟာ နှင်းပွင့်ဖြူမဟုတ်လား"

နှင်းမောင်က ပြသဖြင့် ချစ်ပန်းပွင့်က လှမ်းကြည့်ပြီး. .

"တူတော့ တူသလိုပဲ။ နေဦး. . နှင်းပွင့်ဆို သူ့ဘေးမှာ ပပပါရမယ်"

ဟု ဆိုကာ သေချာကြည့်၏။ မရေမရာဖြစ်နေသဖြင့် မျက်မှောင်ကုပ်နေ၏။

နှင်းမောင်က စိတ်မရှည်ဘဲ နောက်မှလိုက်တော့၏။

"ဟော့ကောင်. . ရမ်းမလုပ်နဲ့။ လူများလို့ ပါးကွဲနေဦးမယ်။ ပပမပါဘူးကွ"

"အိုကွာ. . ပပပါမှ နှင်းပွင့်ဖြစ်ရမှာလား။ သေချာအောင်လိုက်မေးမယ်ကွာ"

နှင်းမောင် သုတ်ခြေတင်၏။ လွန်စွာသွက်လက်လှသဖြင့် ချစ်ပန်းပွင့်ပင် လိုက်မမီ။

ကောင်မလေးက ရှေ့မှလှုပ်လီလှုပ်လဲ့သွားနေသည်ဖြစ်ရာ မီသွား၏။ ချစ်ပန်းပွင့်က ကပ်မလိုက်ဘဲ နောက်မှ အခြေအနေကြည့်ကာ အသာနေ၏။ အရေးအကြောင်းရှိ ပြေးရလွယ်အောင်တည်း။

နှင်းမောင်ကတော့ ဘာမှမတွေး။ ဇောတွေကပ်နေပြီ။

ခုန ဘုရားဘုရားဆိုပြီး ယခု ကားရားကားရားလုပ်ဖို့ ကြံနေပြီ။

"ဒီမှာ. . ဒီမှာ. . နှင်းပွင့်ဖြူလားဟင်"

နှင်းမောင်လိုက်မေးခြင်းခံရသော ကောင်မလေးက နှင်းမောင်ကိုပြန်ကြည့်ပြီး. .

"နှင်းပွင့်ပဲ. .။ ဖြူမှာပေါ့။ ဘာလာကြောင်နေတာလဲ ပါးကွဲ

www.burmeseclassic.com



သွားမယ်"

"အနိ. ."

နှင်းမောင် ပါးစပ်ပြီသွား၏။ ဘာဆက်ပြောရမှန်းမသိ။ဆက်ပြောလည်း ပါးကွဲကိန်းရှိသဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့တော့၏။

ချစ်ပန်းပွင့်က ကောင်မလေးဘာပြောသွားသည်ကို မကြားသဖြင့် မေးသေး၏။

"ဘာတဲ့လဲဟ"

"နှင်းပွင့်ပဲ. . ဖြူမှာပေါ့တဲ့။ ပါးကွဲသွားမယ်တဲ့"

နှင်းမောင်က ပါးလေးကိုပွတ်ရင်း ရှုံ့မဲ့ကာ ပြောနေ၏။

"မင်းဟာကလည်း ဟုတ်သားပဲ။ နှင်းပွင့်ဖြူသလား၊ သွားမေးတော့ မင်းကိုလာကြောင်တယ်ထင်သွားတာပေါ့။ တော်သေးတာပေါ့ ပါးချမသွားတာ"

"ငါက အဲဒီလိုမမေးလို့ ဘယ်လိုမေးရမှာလဲကွာ"

"နှင်းပွင့်ဖြူ. . ညီမလေး. . အို. . လူမှားလို့၊ အဲဒီလို ဖောရှော လုပ်ရမှာကွ"

ချစ်ပန်းပွင့်က အမူအရာဖြင့်လုပ်ပြလေရာ နှင်းမောင်ပြုံးစေ့စေ့ ဖြစ်သွား၏။

"နှင်းပွင့်ဖြူ. . ညီမလေး. . အို. . လူမှားလို့ဆိုတော့ မင်းဟာ ကောင်မလေးက သူ့ကို အိုတယ်ပြောရမလားဆိုပြီး ပါးချသွားမှဖြင့်ကွာ"

"ဟ. . အိုမှာ သံရှည်ဆွဲလေကွာ။ အံ့အားသင့်ဟန်လည်း လုပ်ရမှာပေါ့။ သံပြတ်ကြီးနဲ့ သွားလုပ်ရင်တော့ မင်းဓွေးသလို ထင်သွားနိုင်တာပေါ့"

"ဒီလိုပြောမယ်ကွာ။ အိုအစား ပျို့လို့ ပြောင်းလိုက်မယ်"

"ဘယ်လိုပြောင်းမှာ. ."





"ပျို့. . အပျိုလို့ပြောင်းမှာ။ နှင်းပွင့်ဖြူ. . ညီမလေး. . ပျို့. . အပျိုလေးပါလား။ လူ. . လူမှားလို့. . အဲသလိုပြောမယ်ကွာ"

"အင်း. . မဆိုးပါဘူး။ အပျိုကို အပျိုလို့ပြောတာတော့ စိတ်ဆိုးနိုင်ဖွယ်မရှိဘူး"

"အေးလေ. . နှင်းပွင့်ဖြူက အပျိုလေးပဲဟာ။ အပျိုလို့ပြောတာ စိတ်ဆိုးပါ့မလား"

"ဆိုးတယ်"

"ဟိုက်. ."

သူတို့နှစ်ယောက်နောက်မှာ ဘယ်အချိန်ကရောက်နေမှန်းမသိသော နှင်းပွင့်ဖြူက ကြုံးအော်လိုက်ရာ နှင်းမောင်ခမျာ ဟိုက်ဆို လူပါတုန်သွားတော့၏။ ချစ်ပန်းပွင့်လည်း မျက်လုံးကြီးအမြူးသား။

"နှင်းပွင့်. . ဘာဖြစ်တာလဲ။ ကိုယ့်ကိုပြော. . ။ ကိုယ်ဖွဲ့မယ်"

ဟု ဆိုကာ ပိန်ရှည်ရှည်၊ ဆံပင်ရှည်ရှည်နှင့် ငနဲတစ်ယောက်က အတင်းဝင်လာကာ ဘုမသိဘမသိ ဖွဲ့မည်လုပ်နေတော့၏။

ချစ်ပန်းပွင့်က စိတ်ပေါက်ပေါက်ရှိလှသဖြင့် သူ့လက်ထဲမှာ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ကိုင်ထားသည့် ဖိနပ်ကိုပြကာ. .

"ရော့. . ဖွဲ့ချင်လည်း ဖွဲ့"

ဟု ပြောလိုက်လေ၏။ တကယ်တော့ ထိုပိန်ရှည်ရှည်ငနဲမှာ နှင်းပွင့်ရှေ့ ဟီးရိုးလုပ်၍ပြောခြင်းသာဖြစ်၏။ လူကြည့်တော့ ရှေ့ကကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ ဘေးကကြည့်ကြည့် ကြောက်စရာတစ်ကွက်မှမရှိ။

နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့ ပိန်ရှည်ငနဲကို မကြောက်သော်လည်း နှင်းပွင့်ဖြူနှင့်ဘာတော်မှန်းမသိသဖြင့် အရှိန်သတ်ထားကြ၏။

ပိန်ရှည်ငနဲက ရှုံ့ရှုံ့ရွဲရွဲဖြင့် နှင်းပွင့်အားပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com



"နှင်းပွင့်. . ဒီကောင်တွေ ဘာကောင်တွေလဲ။ နှင်းပွင့်နဲ့ သိသလား"

"သိတယ်"

နှင်းပွင့်ဖြူဖြူတော ပြတ်၏။ နှင်းပွင့်ဖြူအဖြေကြောင့် နှင်းမောင် ကြောက်သွားသည်။ ကြွက်ပြေး၏။ အားလည်းတက်သွား၏။

"ဟင်း. . ဟင်း. . နှင်းပွင့်နဲ့ကိုယ်က ကျောင်းနေဖက်သူငယ်ချင်း"

ဟု ဖောလျှောလုပ်လိုက်ရာ နှင်းပွင့်က. .

"စွတ်မဖောနဲ့"

ဟု ဟောက်ပြန်လေရာ နှင်းမောင်တွန့်သွားရပြန်၏။

"ခုန သိတာယ်။ အခု ဟောက်တယ်။ ဘာမှန်းလဲမသိ"

နှင်းမောင်က ညည်း၏။ ချစ်ပန်းပွင့်က နှင်းမောင်ကို အားပေးသည်။

"စိတ်မပျက်ပါနဲ့ကွာ။ နှင်းပွင့်က မင်းကိုသိလို့ သိတယ်ပြောတာ။ အဲ. . ကိုယ်တွေရောင်နေလို့ မဖောနဲ့ပြောတာနေမှာ။ မင်းက ဆေးမှန်မှန်သောက်ပေါ့"

"မနောက်ပါနဲ့ကွာ။ နှင်းနဲ့ပတ်သက်တဲ့နေရာမှာ မနောက်ပါနဲ့။ ငါမကြိုက်ဘူး"

ဟု နှင်းမောင်ကပြောသော် နှင်းပွင့်ဖြူက မျက်မှောင်ကုပ်၍. .

"ပေါတော့. . ဘာလိုင်းကြီး"

ဟု ရေရွတ်၏။ ထိုစဉ် နှင်းပွင့်ဖြူ၏ဖခင် ဦးကျော်ဖြူ အနားသို့ ရောက်လာ၏။

"ဟဲ့. . သမီးနှင်းပွင့်။ ဘာဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ပါဘူးအဖေ။ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ တွေ့နေလို့ပါ"





"ဪ. . သမီးသူငယ်ချင်းတွေလား"

"မဟုတ်ဘူးအန်ကယ်"

"ဟုတ်ပါတယ်အန်ကယ်"

"သူငယ်တန်းကတည်းက အတူတက်လာတာ"

ကိုပိန်ရှည်က မဟုတ်ဘူးပြော၏။ နှင်းမောင်က ဟုတ်၏တဲ့။ ချစ်ပန်းပွင့် ပိုသေးသည်။ သူငယ်တန်းကတည်းက အတူတက်လာသတဲ့။

"ဒါဆို မင်းတို့လည်း မော်လမြိုင်ကပဲပေါ့"

"ဟင့်အင်း. . ရန်ကုန်က"

"ဟင်. . သမီးနဲ့ သူငယ်တန်းကတည်းက အတူဆို"

"ဟုတ်ကဲ့. . အတူတူပါပဲခင်ဗျာ။ နှင်းပွင့် မော်လမြိုင်မှာ သူငယ်တန်းတက်နေတော့ ကျွန်တော်က ရန်ကုန်မှာ သူငယ်တန်းတက်လို့ပါခင်ဗျ"

"ဟင်. . အဲဒါ ဘယ်လိုလုပ်သိကြလဲ"

"ကားပေါ်မှာသိ. . အဲလေ. . ကျောင်းကားပေါ်မှာ သိကြတာ"

"အေး. . အေး. . ဘယ်မှာသိသိ သိရင်ပြီးတာပဲ။ နို့. . နေပါဦး။ မောင်ပိန်ရှည်က အန်ကယ့်ကို ခုန ဘာကိုမဟုတ်ဘူးပြောတာလဲ"

ကိုဆံရှည်အား လှည့်မေးတော့ ကိုဆံရှည်က ဘာပြောရမှန်းမသိ။ စွတ်ပြော၏။

"ဟုတ်ပါတယ်အန်ကယ်"

"ဘာဟုတ်တာလဲ"

"မဟုတ်ဘူးဆိုတာ ဟုတ်တာ"

"ရှုပ်အောင်မလုပ်နဲ့။ ရှင်းရှင်းပြော"

"သူတို့ သူငယ်ချင်းဆိုတာ မဟုတ်နိုင်ဘူး။ စတွေ့တုန်းက နှင်းပွင့်က ဆိုးတယ်လို့အော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . ကျောင်းမှာ သူတို့ကဆိုးလို့ ဆိုးတယ်ပြောတာပဲ"

နှင်းပွင့်ဖြူကာ ဝင်မရောက်ဖာထေး၏။ ကနဦးတွေ့စက သူ့နာမည်ဖြင့် ထည့်ပြောနေသံကြား၍ စိတ်ဆိုးမိခြင်းဖြစ်၏။

နှင်းမောင်ကိုသေချာမြင်လိုက်တော့ စိတ်မဆိုးရက်တော့။ စိတ်ထားက ပြောင်းသွားပြီလေ။ သူ့လက်ကလေးကို နွေးပေးထားသည့်ကျေးဇူးက ရှိသေးသည်ပဲမဟုတ်လား။

နောက်ဆုံး နှင်းပွင့်ဖြူ၏ဝင်ရောက်ဖာထေးမှုကြောင့် ပွဲကငြိမ်းသွားသည်။ ဦးကျော်ဖြူကလည်း နှင်းမောင်ကို သူ့သမီး၏ ငယ်ငယ်တုန်းကသူငယ်ချင်းများဟု ယုံကြည်သွားသည်။

ဦးကျော်ဖြူက ယုံကြည်လက်ခံလိုက်သဖြင့် မောင်ပိန်ရှည်လည်း ရှေ့မဆက်ရဲတော့။

နှင်းမောင်တို့ကို ပေစောင်းစောင်းဖြင့်ကြည့်ရင်း အံကြိတ်ပြနေတော့သည်။

နှင်းမောင်တို့ကတော့ သွားကြီးတွေဖြီးလို့ရယ်။

ထိုစဉ်. .

နှင်းပွင့်ဖြူ၏မိခင် ဒေါ်မိသင်းခိုင်သည်လည်း ထိုနားရောက်လာ၏။ အေးမှာ ပပလည်းပါလာသည်။

"သားအဖ ဘယ်ရောက်နေသလဲလို့ ရှာလိုက်ရတာ။ ဘာလုပ်နေကြတာလဲ"

"ဒီမှာကွာ. . သမီးသူငယ်ချင်းတွေနဲ့ တွေ့နေလို့"

မိဘနှစ်ပါးက စကားပြောနေကြစဉ် အံ့ဩနေသောပပအား နှင်းပွင့်ဖြူက မျက်စိမှိတ်ပြလိုက်၏။

ပေါက်သည်။ ပပ ပေါက်သည်။ ကားပေါ်မှာ လက်နွေးပေးပြီး





သဘောကပေါ်မှာ နှပ်မျိုချလိုက်သည့်ပုဂ္ဂိုလ်များပဲဟု ပပသိလိုက်သည်။ ပပကလည်း မခေ။ ဖောရွှေလုပ်တတ်သည်။

"ဟာ. . သူငယ်ချင်းတို့ မတွေ့တာတောင်ကြာပြီ။ ဒါနဲ့ နေပါဦး။ နင်တို့နာမည်တွေ ဘယ်သူ. ."

"ငါက ချစ်ပန်းပွင့်။ သူက နှင်းမောင်လေ။ နင်ကလည်း မေ့တတ်ရန်ကော"

"ဩော်. . ဩော်. . မှတ်မိပြီ။ ကင်းကောင်နဲ့ သေပန်းပွင့်"

"ဟာ. . နင်ကလည်း"

ချစ်ပန်းပွင့်က တအားရင်းနှီးဟန်ပြ၍ ပြောသည်။ နှင်းပွင့်ဖြူနှင့် ပပတို့မျက်နှာတွေကလည်း မချိုမချဉ်နှင့်။

ထိုအခြေအနေတွင် မကျေမနပ်ဖြစ်နေသူကား ဆံရှည်ကိုကိုသာဖြစ်တော့၏။

ဒေါ်မိသင်းခိုင်ကလည်း ဘုမသိဘမသိနှင့် ဖိတ်မန္တကပြုနေသေး၏။

"သားတို့ အိမ်လာလည်ကြဦး"

"ဟုတ်. . ဟုတ်ကဲ့"

"လာခဲ့ပါ့မယ်ခင်ဗျာ"

ဖြန်လိုက်ကြသည့်အမျိုး။ ခေါ်သည့်လူကလည်း စွတ်ခေါ်။ လာမည့်သူကလည်း ဇွတ်။

"အဟွတ်. . အဟွတ်"

ဟု သီးလေသူကား မောင်ပိန်ရှည်ပင်ဖြစ်တော့၏။

တကယ်တော့ မောင်ပိန်ရှည်၏အမည်ရင်းမှာ မောင်ပုဖေဖြစ်၏။ ပုသည့်နေရာမှာ အဖေခေါ် ရမည်မို့ မှည့်ထားသည်လားမထင်နှင့်။

အရပ်က ရှည်မှရှည်။ ရိုးရိုးရှည်ခြင်းလည်းမဟုတ်။ ပိန်ရှည်



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဒါကြောင့် သူ့ကို အများက ပိန်ရှည်ဟုသာခေါ်ကြသည်။ သ
ကြားထဲ ဆံပင်ရှည်ထား၍ ကြက်တောင်စည်း စည်းထားတတ်သေး။

မျက်လုံးကလည်း စွေစောင်းစောင်း။ မျက်လုံးစွေစောင်း မပေါ
ကောင်းဆိုပေမင့် မပေါင်းမဖြစ်၍ ဦးကျော်ဖြူတို့မိသားစုက ပေါင်း
ခြင်းပါ။ မောင်ပိန်ရှည်မှာ ဦးကျော်ဖြူမိတ်ဆွေ၏သား ဖြစ်နေသေ
ကြောင့်တည်း။

"ဟေ့ကောင်ကျော်ဖြူ. . ။ ငါ့သားနဲ့ မင်းသမီးကို ငါသဘော
တူသကွယ်။ ငါ့သားကို မင်းအိမ်လွှတ်လွှတ်ထားမယ်။ လူငယ်ချင်းရည်
ရင်တော့ ပေးစားကွယ်"

ဟု ပိန်ရှည်ဖခင် ဦးစေသာက ပြောတော့ ဦးကျော်ဖြူ ဘာပြ
ပြောသည်ထင်ပါသနည်း။

"အေး. . ရည်ငံမှပေးစားရမယ်ဆိုရင်တော့ ငါ့သမီးကို သုကြာ
အမြဲကျွေးထားမယ်လေကွယ်"

ဦးကျော်ဖြူ တကယ်သကြားကျွေးထား၍လားတော့မသိ။ နှင်
ပွင့်ဖြူက ပိန်ရှည်ကျ ကြည့်မရ။ ပပကလည်း ဘာထူးပါမည်နည်း။

ဘာပဲဖြစ်ဖြစ်. .

မောင်ပိန်ရှည်ကတော့ အရှက်မရှိ သရက်စေ့မျက်နှာဖြ
ဦးကျော်ဖြူတို့အိမ် အမြဲလာနေသည်။ အိမ်မှုကိစ္စ ဝေယျာဝစ္စတွေ လုပ်
ပေးသည်။

သူ့အိမ်မှာသာ ဘာမှမလုပ်။ နှင်းပွင့်ဖြူတို့အိမ်မှာတော့ အောက်
ခြေသိမ်းအကုန်လုပ်ပေး၏။ ခြံတွင်းမှာ ပေါင်းသင်၊ မြက်ရှင်း၊ ရေမြောင်း
ဖောက်. . အကုန်လုပ်၏။

ရေမြောင်းဖောက်ခြင်းကိုကား နှစ်ရပ်ဆောင်ရွက်၏။ ရိုးရိုးရေ
မြောင်းဖောက်ပေးခြင်းနှင့် ချစ်ရေမြောင်းဖောက်ခြင်းပင်ဖြစ်သည်။





သို့သော်. .

သူဖောက်သော ချစ်ရေမြောင်းထဲသို့ နှင်းပွင့် တစ်စက်မျှကျ
လာ။ ပပကဆို မြောင်းကိုခွကျော်သွားသည်သာဖြစ်၏။

ကြာတော့ မြောင်းဖောက်သူ ဖတ်ဖတ်မော၍ ရေက တစ်စက်
လာ။

ဒါလည်း အမှတ်မရှိ။ လမ်းမသိ။ အထူအပါးနားမလည်။
ဆက်ကြိုသည်။ ဆက်ဖန်သည်။ ဆက်ခါးသည်။

ရှက်သလားလို့ မမေးနှင့်။ မရှက်တူးရယ်။

ယခုလည်း နှင်းပွင့်တို့ ဘုရားသွားကာနီးမှ အိမ်သို့ရောက်ချ
ာပြီး မပြောမဆို ဘုရားသို့လိုက်လာသည်။

လိုက်လာဖြန်တော့လည်း နှင်းပွင့်နားမှာ တဝဲလည်လည်။ နှင်း
င့်တစ်ယောက်တည်း ဖွဲ့ထွက်လာစဉ် နှင်းမောင်တို့နှင့်တွေ့တော့လည်း
ိုပိန်ရှည်က ကပ်ပါလာ၍ ဆုံကြရသေးသည်။

သူကများ ဖွဲ့မတဲ့။ ပါးစပ်ကသာဖွဲ့ပြီး လူက နောက်ရောက်နေ
ည်။ အားကိုးရမယ့်လူစား။

သို့တစေ. .

နှင်းမောင်တို့အနေဖြင့် ကိုပိန်ရှည်ကိုကျေးဇူးတင်ရမည်ဖြစ်၏။
ိပိန်ရှည်ကို ရွဲ့လိုသဖြင့် နှင်းပွင့်က သူတို့ကို ရောကောသောကောလုပ်
က်ခြင်းပင်။ ငယ်ငယ်တုန်းကသူငယ်ချင်းတွေဘာတွေ ဖြစ်ကုန်သည်။
ငယ်တန်းတက်စဉ်က မော်လမြိုင်နှင့်ရန်ကုန် အတူတူတက်ဖြစ်ကြ
င်းတွေ ဖြစ်ကုန်သည်။

နှင်းမောင်တို့က အိမ်လာလည်မည်သာဆိုသည်။ နှင်းပွင့်တို့နေ
ည့်လိပ်စာကို မသိရှာ။ အမှတ်မသိ၊ လမ်းမသိဘဲနှင့် အလည်သွား
ည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကဲ. . သွားကြရအောင်လေကွယ်။ မောင်ရင်တို့ အိမ်ဘက်လှည့်ခဲ့ကြဦးပေါ့ကွယ်"

ဦးကျော်ဖြူက ပြောသည်။ နှင်းမောင်က ခေါင်းညိတ်လျက်. .

"ဟုတ်ကဲ့. . ဦး။ လှည့်မှာပါ။ အိမ်ရော၊ လူရော လှည့်မှာပါ"

"ဟော. . ဘာပြောသလဲကွယ်"

"လှည့်လာမယ်ပြောတာပါ"

"အိမ်ပဲလှည့်. . ။ လူမလှည့်နဲ့လေကွယ်။ မူးမယ်လေကွယ်"

"ဟုတ်ကဲ့. . ဟုတ်ကဲ့။ ဦးရဲ့နာမည်က. . "

"ဦးကျော်ဖြူလေကွယ်"

"အရင်အိမ်ပဲလား"

"ဟုတ်တယ်လေကွယ်"

"ဘယ်လမ်းပါလိမ့်"

"ရန်ကုန်လမ်းလေကွယ်"

"မဟုတ်ဘူးလေ။ မော်လမြိုင်ကလမ်းကို မေးတာ"

"အေးလေကွယ်. . ရန်ကုန်လမ်းဆိုတာ မော်လမြိုင်မှာရှိတာပဲလေကွယ်"

"ဪ. . ဪ. . ဘယ်ရပ်ကွက်ပါလိမ့်"

"မောင်ငံရပ်လေကွယ်"

"အိမ်နံပါတ်ဟောင်း မေ့တော့တော့"

"သုံးဆယ့်ခြောက်လေကွယ်"

"မှတ်မိပြီ. . မှတ်မိပြီ။ လာခဲ့ပါမယ်ခင်ဗျ"

နှင်းမောင်က အူယားဖားယားပြောသည်။ တကယ်လည်းပျော်နေ၏။ ညာတာပါတေးနှင့် နှင်းပွင့်တို့လိပ်စာ သိလိုက်ရပြီမဟုတ်လား။

နှင်းပွင့်ကတော့ သူ့ဖခင်ဦးကျော်ဖြူကိုကြည့်၍ ပါးစပ်လေးပြ





နေသည်။ နှင်းမောင်အား တစ်စုံတစ်ရာ နှစ်စုံနှစ်ရာနှုန်းဖြင့် ပြောချင်ပုံရလေ၏။ အခြေအနေအရ ဘာမှပြောမဖြစ်တော့ဘဲ လျှာလေးတစ်လစ်နှင့် ပါသွားတော့သည်။

ပပကလည်း ချစ်ပန်းပွင့်ကို စိတ်မသက်သာသလိုကြည့်ရင်း ပါသွားလေပြီ။

နှင်းပွင့်၏ကျောပြင်ကိုကြည့်ရင်း နှင်းမောင်က တိုးတိုးပြောသည်။

"ကိုယ်လာမည်. . ချစ်တဲ့သူသို့ဆီ"

ချစ်ပန်းပွင့်လည်း အားကျမခံပြောသည်။

"အချစ်ပန်းလေးပွင့်ကြဖို့ ပပတို့အိမ်သွားကြစို့". . တဲ့။

နှစ်ယောက်လုံး အူမြူးနေကြ၏။


သို့သော်. . .

□



www.burmeseclassic.com

www.burmeseclassic.com






# ‹၃›

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဝုတ်. . ဝုတ်"

"အမယ်လေး. . လုပ်ကြပါဦး. . အိမ်ရှင်တို့"

နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့ နှင်းပွင့်ဖြူတို့အိမ်သို့ အလည်လာကြရာဝယ် ခွေးများက ကြိုဆိုနေကြ၏။

တော်သေး၏။ ခြံတံခါးက ပိတ်ထားသဖြင့် ခွေးများထွက်မဆွဲနိုင်ခြင်းပင်။ နို့မို့လို့ကတော့ အသားကုန်ပြေးရမည့်အမျိုး။

ထိုစဉ် ခြံထဲမှ အသံတစ်သံထွက်လာ၏။ ပန်းချုံနားမှ ထွက်လာခြင်းပင်။

" ဘယ်သူတွေလဲ။ တံခါးတွန်းဖွင့် ဝင်ခဲ့လေကွယ်"

"ဝင်ရဲဘူး"

"ဝင်ခဲ့ပါလေကွယ်။ ဒီမှာ လက်မအားလို့။ ခွေးတွေက မကိုက်တတ်ပါဘူး။ ဆွဲရုံဆွဲတာ"

"အန်. ."

"ခြံဝမှာ မအန်နဲ့နော်လေကွယ်။ နေဦး. . လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်မမြင်ရဘဲ အသံချည်းကြားနေရခြင်းပါ။ နှင်းမောင်တို့ခမျာ ရုပ်မမြင်သံကြားနှင့် တိုးနေကြခြင်းဖြစ်၏။ နှင်းမောင်က အသံရှင်ကို ဦးကျော်ဖြူမှတ်၍ မေးလိုက်၏။

"ဦးကျော်ဖြူလားဟင်"

"ဦးကျော်က မဖြူဘူးလေကွယ်။ ညိုတယ်"

"ဗုဒ္ဓေါ"

"အဟုတ်ပြောတာလေကွယ်။ လာပြီ. . လာပြီ. .။ ဟဲ့ခွေးတွေ. . သွား. . ငြိမ်ငြိမ်နေကြစမ်း"

ဟူသောအသံနှင့်အတူ ပန်းချုံတွင်းမှ ပေါင်းသင်သည့်ခက်ရင်းခွလေးကိုင်၍ အသားညိုညိုလူကြီးတစ်ယောက် ထွက်လာ၏။

"ဟင်. . ဦးကျော်ဖြူလည်း မဟုတ်ဘူး"

"အေးလကွယ်။ ဦးကျော်မဖြူဘူးလို့ အစကတည်းက ပြောထားသားပဲ၊ ဘာကိစ္စ. ."

"ဟို. . ဟို. . လှည့်ခဲ့ပါဆိုလို့ လှည့်လာတာ။ ကျွန်တော်တို့က လူပျိုတွေပါ"

"အိုကွယ်. . ငါ့များ လူပျိုလာလှည့်ရတယ်လို့"

"အို. . အို. . မဟုတ်ပါဘူးခင်ဗျ။ ဦးကို လူပျိုမလှည့်ပါဘူး။ ဟို. . ဟို. ."

"သြော်. . ဟိုခွေးတွေကိုလား။ မလုပ်ပါနဲ့ကွယ်။ သူကြားမကောင်းပါဘူး။ နောက်ပြီး ခွေးထီးတွေပါ"

"ဝုတ်. . ဝုတ်"

အဘိုးကြီးစကားကို ခွေးများက ထောက်ခံ၏။ နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့ကိုလည်း ကြည့်ကာ ဟောင်လိုက်သေး၏။

"ဝုတ်. . ဝုတ်"





"ဝုတ်"

"အင်း. . ခွေးတွေကတော့ သူတို့ကို လူပျိုလာလှည့်တယ်ထင်ပြီး မောင်ရင်တို့ကို ခင်သွားပုံပဲ။ ပက်စီနဲ့ စပါကလင်။ လာ. . လာ. ."

အဘိုးကြီးက ခွေးများကိုလှမ်းခေါ်၏၊ ခွေးများက အမြီးနှန့်၍ ပြေးလာကြသည်။

ချစ်ပန်းပွင့်က သူတို့ကို အအေးတိုက်မည်ထင်၍. .

"ဟင့်အင်း. . အအေးမသောက်ချင်ပါဘူး။ ပပနဲ့ပဲတွေ့ချင်တာ"

ဟု ပြောလေသော် အဘိုးကြီးက မျက်မှောင်ကုပ်၍. .

"ပပက သေသွားပြီကွဲ့"

ဟု ပြောလေ၏။ ချစ်ပန်းပွင့်က ခေါင်းခါလျက် အတည်ကြီး ပြောလေ၏။

"မသေပါဘူး။ မနေ့ကပဲ တွေ့သေးတာ၊ ဘကြီးအောင် မညာပါနဲ့ဗျာ။ မပကိုခေါ်ပေးပါ"

"ဘယ်က ဘကြီးအောင်လဲ။ ငါ့နာမည် ဦးကျော်။ အဲ. . ဖြူတော့မဖြူဘူး။ မင်းတို့မြင်တဲ့အတိုင်းပဲ။ ညိုတယ်။ ငါက မင်းတို့ကိုညာရအောင် မင်းကြီးတော်ယောက်ျားမို့လား။ ကဲ. . ပြောလေကွယ်"

ဦးကျော်ဆိုသူ၏စကားကြောင့် နှင်းမောင်ရော၊ ချစ်ပန်းပွင့်ပါ ကဲလည်းမကဲရဲ၊ ပြောလည်းမပြောရဲကြတော့။

"တစ်ခုခုတော့ မှားနေပြီ"

ဟုသာ ရေရွတ်ကြရာ၏၊ ဒါကိုကြားသော ဦးကျော်ဆိုသူက. .

"ဘာမှ မမှားဘူး၊ ငါ ဦးကျော်အစစ်ပဲ။ ကဲ. . ပြော။ မင်းတို့ ဘာကိစ္စလာသလဲ"

"ဟို. . ဟို. . ဟိုကိစ္စ"

"ဘာလဲ. . လူပျိုလှည့်တဲ့ကိစ္စလား။ ခွေးထီးတွေပါဆို။ ကဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ပက်စီနဲ့ စပါကလင်ရေ. . သေချာအောင် သက်သေပြလိုက်စမ်းကွာ"

ခွေးများက နားလည်ပုံရ၏။

ဝုတ်. . ဝုတ်. . အော်ကာ လှည့်သွားပြီး ငုတ်တုတ်ထိုင်နေ၏။ နှင်းမောစ်တို့ဘက်လှည့် ဆောင့်ဆောင့်ထိုင်ခြင်းဖြစ်လေ၏။

ဟုတ်သားပဲ. . ပြုံးလို့။ မျက်လုံး. . မျက်လုံး။

အဲ. . လျှာကြီးတစ်လစ်နဲ့ တဟဲဟဲလုပ်နေသေး။ နှင်းမောင်က မျက်စိမျက်နှာပျက်ဖြင့် ရှောင်နာနာပြောရှာသည်။

"ယုံပါပြီ ဦးလေးကျော်။ ဒါနဲ့ ဒီအိမ်မှာ နှင်းပွင့်ဖြူနဲ့ ပပတို့ မရှိကြတော့ဘူးလားဟင်"

"နှင်းပွင့်ဖြူကတော့ ရှိလိမ့်မယ်။ ပပကတော့ သေပြီလေကွယ်။ ဘယ်နှခါပြောရမလဲ"

"ဗျာ. . ပပသေပြီ။ ချက်ချင်းကြီးပါလားဗျာ။ ချစ်ပန်းလေး တောင် ပွင့်မသွားရပါလား ချစ်သူရယ်။ ကျွန်တော် ပပအလောင်းကို ကြည့်ပါရစေ"

ချစ်ပန်းပွင့်က အထူးအပြဲမသိ ရမ်းကြွေနေ၏။ နှင်းမောင်က လည်း ဇဝေဇဝါဖြစ်နေ၏။ နှင်းပွင့်ဖြူရှိလိမ့်မည်ဆိုသဖြင့် ရင်အေးသွား၏။

"တော်သေးတာပေါ့။ နှင်းမသေလို့"

"နှင်းပဲ သေမလားကွ။ အသက်မှမရှိတာ"

ဦးကျော်က ဖင်ပေါက်သည်။ သိပ်စိတ်ရှည်ချင်ပုံမပေါ်တော့။ အသံက နည်းနည်းမာလာပြီ။ နှင်းမောင်ကလည်း နှင်းအသက်မရှိတော့ ဘူးကြားသဖြင့် အူတူတူမေးပြန်သည်။

"ဗျာ. . အသက်မရှိမှတော့ သေပြီပေါ့။ နှင်းရော သေပြီလား ဟင်။ ဘယ်လိုဖြစ်ရတာလဲ ဦးရယ်။ ကျွန်တော်တို့ကို ဝင်ခွင့်ပြုပါ"

"နှင်းသေတာနဲ့ ဝင်ခွင့်ပြုတာနဲ့ ဘာဆိုင်လဲကွယ်။ နေမြင့်ရင်





နှင်းသေမယ်။ နှင်းပျောက်မယ်။ ဒါ. . ထုံးစံပဲ။ သွား. . သွား. . နှင်းကို တွေ့ချင် မနက်စောစောထလျှောက်ခဲ့"

ဦးကျော်ပြောပုံအရ နှင်းဆိုသည်မှာ လူနှင်းမဟုတ်ဘဲ မြူနှင်း မှန်း နှင်းမောင်ရိပ်မိသွား၏။ မရိပ်မိသူကား ချစ်ပန်းပွင့်တည်း။ ပပသေ ပြီဆို၍ သူဆွေးနေသည်လေ။

"ဦး. . ကျွန်တော် ပပအလောင်းကို ကြည့်ပါရစေ"

"ဖြစ်မလားကွ"

"ကြည့်ပါရစေဗျာ။ ပပက ကျွန်တော့်ချစ်သူပါ"

"ဟော့ကောင်. . မဟုတ်တာ လာမပြောနဲ့။ ပပဆိုတာ ပက်စီရဲ့ ချစ်သူကွ။ မင်းတော့ အကိုက်ခံရတော့မယ်"

"ဝုတ်. . ဝုတ်"

ဦးကျော်၏ စကားအဆုံးမှာ ပက်စီဆိုသောခွေးကြီးက ဟောင် လေ၏။ ချစ်ပန်းပွင့်က ခွေးကြီးကိုကြည့်၍ ရေရွတ်မိသည်။

"ပပက သူ့ချစ်သူ. . ။ ပပက သေပြီ"

"အေး. . မနှစ်ကပဲ ကားတိုက်ခံရလို့ သေတာ။ ဒါများ မင်းက မင်းချစ်သူလာလုပ်နေတယ်။ တွေ့လား. . ။ ပက်စီ မင်းကို မျက်ထောင့်နီ ကြီးနဲ့ကြည့်နေပြီ။ မင်းတော့ အဖွဲ့ခံရတော့မယ်"

"ဝုတ်"

ပက်စီကလည်း ဝုတ်သံပေး၍ ထောက်ခံ၏။ ချစ်ပန်းပွင့် ဖျား ချင်သလိုလိုဖြစ်သွားသည်။

"အဟီး. . ခွေးနဲ့လူနဲ့မှားလို့။ ပပက ကျွန်တော့်ချစ်သူ မဟုတ် ပါဘူး။ ပက်စီ့ချစ်သူပါ။ ဟော့ကောင်. . ဟုတ်တယ်ဟုတ်"

"ဝုတ်. . ဝုတ်"

ချစ်ပန်းပွင့်က ပက်စီကို မျက်နှာချိုသွေးလိုက်၏။ ပက်စီ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အေးဆေး။

"မင်း မဆိုးဘူး။ ခွေးစကားပြောတတ်တယ်"

"ဗျာ. ."

"ခွေးနဲ့ စကားပြောတတ်တယ်။ ဒီကောင်တွေကို နားဝင်အောင် ပြောတတ်တာ မင်းပဲရှိသေးတယ်။ မင်း ခွေးမျိုးလား"

"အန်. ."

ဦးကျော်နှင့် စကားပြော၍ အပေါက်အလမ်းမတည့်ကြ။ ဤအိမ်ကား ဦးကျော်ဖြူ၏အိမ် မဟုတ်တာတော့ သေချာနေပြီ။ ဟုတ်လျှင် ယခုလောက်ရှိ အိမ်သားများထဲမှ တစ်ယောက်ယောက်ထွက်လာရမည် ဖြစ်၏။

ယခုတော့. .

ယခုတော့ နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့ ခေါင်းငိုက်စိုက်ချ၍ ပြန်ခဲ့ရတော့သည်။

သို့မှတစ်ပါး ဘာမှမတတ်နိုင်တော့ပြီမဟုတ်လား။

တကယ်တော့ ညာသူမှာ ဘကြီးအောင်မဟုတ်။ ဦးကျော်ဖြူသာတည်း။

❒





"ဖေဖေ. . သမီးသူငယ်ချင်းတွေကို ဘာလို့ လမ်းလွဲပြောလိုက်တာလဲဟင်။ ဖေဖေမကောင်းဘူး"

နှင်းပွင့်ဖြူက စူပွစူပွနှင့်ပြောလေ၏။ ဦးကျော်ဖြူက ရာဟဲဟဲ လုပ်ရင်း. .

"ဟဲ. . ဟဲ. . မင်းအမေက အထူအပါးမသိဘဲ အိမ်လှည့်ဝင်ခိုင်းတယ်လေကွယ်။ ဒီကောင်တွေက အိမ်တင်မကဘူး။ လူပါ လှည့်မှာလေကွယ်။ ဒါကြောင့် ဒီကောင်တွေကို လှည့်ပေးလိုက်တာကွယ်"

"ဒုက္ခပါပဲ။ အဖေ့မိတ်ဆွေအိမ်က ခွေးတွေက ဆိုးပါဘိနဲ့။ ခွေးကိုက်ခံရတော့မှာပဲ"

"ကိုက်ပစေလေကွယ်။ ဒါမှ လူပျိုမလှည့်ရဲမှာ. . ဟေး. . ဟေး"

ဦးကျော်ဖြူက သူ့စကားသူ သဘောကျစွာ တဟေးဟေးလုပ်နေ၏။ နှင်းပွင့်ဖြူကတော့ စူပုပ်ပုပ်မျက်နှာဖြင့် ဖခင်ကိုကြည့်နေ၏။

ထိုစဉ် ပပက အနားလာရပ်ပြီး သူ့ဖခင်အား မေးခွန်းထုတ်လေ၏။

"ဖေဖေ. . ဘာရယ်နေတာလဲ"

"သဘောကျလို့ ရယ်သကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို သမီးမေးမယ်"

"မေးလေကွယ်"

"ဖေဖေ ကြီးရောကာငယ်သွားသလား။ ငယ်ရာက ကြီးလာသလား"

"အယ်. . မျက်စိလည်အောင် မမေးနဲ့လေကွယ်။ အားလုံး ငယ်ရာက ကြီးကြသကွယ်"

"ဖေဖေငယ်ငယ်တုန်းက လူပျိုပေါ့"

"အယ်. . ဘာတွေလာမေးသလဲကွယ်။ ဖေဖေငယ်ငယ်တုန်းက လူပျိုခေါင်း"

"ဘာခေါင်း"

"လူပျိုခေါင်းလကွယ်"

"ကာလသားခေါင်း မဟုတ်ဘူးလား"

"တူတူပဲလကွယ်"

"ဖေဖေ ခေါင်းဘဝက လူပျိုမလှည့်ဘူးလား"

"လှည့်ပါသော်ကောလကွယ်။ သမီးအမေအိမ်ရှေ့ဆို ချောင်းပေါက်ကောလေကွယ်"

"တခြားကောင်မလေးတွေဆီရော လှည့်သေးလား"

"လှည့်ပါ့ကွယ်။ သမီးအမေက နံပါတ်ဆယ့်ငါးလကွယ်။ သူ့ရှေ့မှာ ဆယ့်လေးယောက်ရှိသေးသကွဲ့"

"ဒေါ်င်"

"အယ်. . ဆော်သကွဲ့"

နောက်ကရောက်လာသည့် ဒေါ်မိသင်းခိုင်က လက်ထဲမှလင်ဗန်းဖြင့် တွယ်လိုက်ခြင်းပင်။ ဦးကျော်ဖြူ၏ကျပ်ကိုဆွဲ၍လည်း မေးခွန်းထုတ်တော့၏။

"ပြောစမ်း. . ရှင် အစက ကျွန်မကိုပြောတုန်းကတော့ ကိုယ့်





ဘဝမှာ မင်းသာ အချစ်ဦးပါဆို။ မင်းတစ်ယောက်ကိုပဲ ချစ်မှာပဲဆို"

"အေးလကွယ်"

"ဘာ. အေးလကွယ်လဲ။ နားနဲ့ဆတ်ဆတ် ကြားရကာကိုများ။ ပြောစမ်း. . ကျန်တဲ့ဆယ့်လေးယောက်က ဘယ်သူတွေလဲ။ စာရင်းရှင်းမယ်"

"ဟုတ်တယ်အမေ၊ ဖေဖေက မရိုးသားဘူး။ ရှည်းစားများတယ်။ မေမေ့ကို ညာတယ်။ စာရင်းရှင်းဖြစ်အောင် ရှင်းပါမေမေ"

နှင်းပွင့်ဖြူက ဝင်ထောင်ပေး၏။ ပပကလည်း လှတပတ ဝင်ချွန်သည်။

"ဖေဖေကြီး မေမေ့ကို တစ်သက်လုံးညာခဲ့တာ ခုမှပေါ်တော့တယ်။ ဖေဖေမတရားဘူး။ မေမေမတရားစွဲပါ။ သမီးရှေ့နေငှားပေးမယ်"

ပပုစကားကြောင့် ဦးတော့်ဖြူမျက်လုံးပြူးသွား၏။

"အယ်. . မလုပ်ကောင်းဘူးလေကွယ်။ ကျော်မကောင်း ကြားမကောင်း"

"ဘာမကောင်းတာလဲ။ ရှင် ဆယ့်ငါးယောက်လူပျိုလှည့်တုန်းကတော့ ကောင်းသလား"

"ကောင်းတယ်. . အဲ. . မကောင်းဘူး။ တယ်ပြောင်းသကွယ်"

"ပြောင်းဦးဟာ. . ဒေါ်င်"

"ဆော်ဖြန့်ပဟာ"

"ဆော်မယ်. . တီးတယ်. . ပါးပါးကိုသို့ပစ်ဦးမယ်။ ရှင် အိပ်ရဲရှင် အိပ်"

ဒေါ်မိသင်းခိုင်စကားကြောင့် ဦးကျော်ဖြူကွန့်ခနဲဖြစ်သွား၏။ သမီးနှစ်ယောက်ကတော့ အချွန်နှင့်မ,ထားခဲ့ပြီး လျှာတစ်လစ်လုပ်ကာ ရှောင်ထွက်သွားကြပြီ။

ညှော်ခန်းအတွင်းမှာတော့ ဦးကျော်ဖြူနှင့် ဒေါ်မိသင်းခိုင် နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း။

ပြဿနာရှင်းကြဆဲ။

"မိသင်းခိုင်. . ကိုယ်ပြောတာကို နားမထောင်ပါကွယ်"

"ထောင်ဘူး"

"ထောင်ဘူးဆိုတာ အကျဉ်းသားတွေဝင်ထွက်တဲ့နေရာပါကွယ်။ ကိုယ်ဟာ မင်းကြောင့် လောကအကျဉ်းသား ဖြစ်နေလေပြီကွယ်"

"လဲသေလိုက်လေကွယ်"

ဒေါ်မိသင်းခိုင်က အငေါ်တူး၏။ ဦးကျော်ဖြူကား မွန်သံဝဲရုံမက 'ကွယ်'ကို အမြဲသုံးလေ့ရှိသဖြင့် ဒေါ်မိသင်းခိုင်က အငေါ်တူးလိုက်ခြင်းဖြစ်သည်။

"ဒီလိုမပြောနဲ့လေကွယ်။ မင်းနဲ့ကိုယ်နဲ့ကလင်မယားလေကွယ်"

"သိသားပဲ။ ကျုပ်က ဆယ့်ငါးယောက်မြောက်မဟုတ်လား"

"မဟုတ်ဘူးလေကွယ်။ မင်းသမီးတွေကို ညာပြောတာ။ ကြွားတာ"

"မင်းသမီးပဲညာညာ၊ မင်းသားပဲညာညာ ကျုပ်ကတော့ ရှင့်ကို မယုံချင်တော့ဘူး"

ဒေါ်မိသင်းခိုင်က မယုံချင်ဟုဆိုကာ ကုလားထိုင်မှာ ဝင်ထိုင်၏။ လက်ထဲကပန်းကို စားပွဲပေါ်တင်၏။ ဦးကျော်ဖြူကို စွေကြည့်ကာ ပြင်ဆင်ချက်ထုတ်ခိုင်း၏။

"ရှင် ပြင်ပြောစမ်း။ ကျုပ်ဟာ ရှင့်ရဲ့ ဘယ်နှယောက်မြောက် ချစ်သူလဲ"

"မင်းဟာ ကိုယ့်ရဲ့ချစ်ဦးသူပါကွာ။ ယုံ"

"တကယ်"

"တကယ်ပါကွယ်"

ဦးကျော်ဖြူက တကယ်ပါကွယ်ပြောရင်း လက်ပါ ပါလာ၏။





ဒေါ်မိသင်းခိုင်၏လက်ကို လှမ်းဆွဲရင်း. .

"မင်းမှတ်မိသေးလား။ မင်းလက်ညှိုးလေး ဓားရှတုန်းက ကိုယ် ငုံပေးထားတယ်လေကွယ်"

ဟု ပြောရင်း ဘာမှမဖြစ်သော ဒေါ်မိသင်းခိုင်၏လက်ညှိုးကို ဆွဲငုံ၏။

"အာ. . ငံတယ်ဟ"

"မမေးမစမ်း. . ကျုပ်ငါးပိအိုးနှိုက်လာတာ"

"ဟုတ်ရဲ့လားကွယ်"

ဦးကျော်ဖြူက မယုံသလိုမေး၏။ မျက်လုံးကြီးလည်း ပြူးကြည့်နေ၏။

"ဘာကြည့်တာလဲ။ ကျုပ်ကိုချစ်ရင် ပြန်ငုံ"

"အန်. ."

"အန်ချင်အန် ငုံရမှာပဲ"

"ငုံဘူးကွယ်"

"ငုံနော်"

"ငုံဘူးကွယ်။ လက်သွားဆေးကွယ်"

"ဆေးဘူး။ ငုံပါဆို"

နှစ်ယောက်သား ပတ်ချာရမ်းနေကြ၏။ ထိုစဉ် ဒေါ်မာမာ အိမ်ရှေ့ထွက်လာရာ ဧည့်ခန်းထဲထိုင်၍ လက်ကိုင်ကာ ငြင်းခုန်နေကြသည်ကို တွေ့သဖြင့်. .

"ဟောတော့. . မကြီးမငယ်တွေနဲ့"

ဟု မြည်တွန်ကာ ပြန်လှည့်ပြေးလေတော့၏။

ဧည့်ခန်းမှာတော့ ဒေါ်မိသင်းခိုင် ဖွတ်ငုံခိုင်းသဖြင့် ဦးကျော်ဖြူ ခမျာ ရှုံ့မဲ့လျက် လက်ညှိုးကို ငုံရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်..

အိမ်ထဲမှ ပပက ပြေးထွက်လာပြီး..

"ဟိတ်..ဘာလုပ်နေကြတာလဲ"

ဟု အော်လိုက်ရာ ဦးကျော်ဖြူခမျာ လန့်ပြီး ငုံထားသောလက်ကို ကိုက်မိသည်ဖြစ်ရကား..

"အား..နာတယ်..လွှတ်..လွှတ်"

ဟု အော်လေတော့၏။ ထိုအခါ ပပက ထပ်ပြောသေး၏။

"ကြည့်စမ်း..မေမေ့လက်ကို ဖေဖေကိုက်တယ်။ နှိပ်စက်တာ။ မေမေမခံနဲ့။ အမျိုးသမီးရေးရာကိုတိုင်။ သမီးတိုင်စာရေးပေးမယ်။ မေမေလက်မှတ်ထိုးရုံပဲ"

ပပ၏စကားကြောင့် ဦးကျော်ဖြူ မျက်နှာကြီးနီရဲလာပြီး ပပကို ဒေါသတကြီးကြည့်လျက်..

"တယ်..တိုင်စာရေးလေကွယ်"

ဟုဆိုကာ ရိုက်ရန်လိုက်လေတော့ရာ ပပက ပြေးရလေတော့၏။

သို့သော် ဦးကျော်ဖြူ ဆက်မလိုက်ရဲဘဲ ရပ်သွားအောင် ဒေါ်မိသင်းခိုင်က ဘာလှမ်းပြောလိုက်သည် ထင်ပါသနည်း။

"ရှင် သမီးကိုရိုက်လို့ကတော့ အမျိုးသမီးရေးရာ တိုင်ရုံမကဘူး။ ဝမ်းနိုင်းနိုင်းပါ ဖုန်းဆက်လိုက်မှာနော်"

❒





"ယောက္ခမလောင်းကြီး ရက်စက်တယ်ကွာ"

"ဘယ်သူ့ယောက္ခမလောင်းလဲ"

"ငါ့ယောက္ခမလောင်းလေကွာ"

နှင်းမောင်က ရင်ကော့ဖြေ၏။ နှင်းမောင်ကိုကြည့်ကာ ချစ်ပန်းပွင့်က ယဲ့ယဲ့လေးပြုံးရင်း ပြောသည်။

"မင်းယောက္ခမလောင်းဆိုတာ ငါ့ယောက္ခမလောင်းပါပဲကွာ။ ဒီလိုရက်စက်တဲ့ယောက္ခမမျိုး ဆယ်ယောက်လောက်သာတွေ့ရရင်တော့ သေပြီဆရာပဲ"

"အေးကွာ..ငါလည်း ကြောက်သွားပြီ။ ယောက္ခမဦးရေ လျှော့လိုက်တော့မယ်။ ငါးယောက်ဆို တော်ပြီကွာ"

"ငါကတော့ သုံးယောက်လောက်ပဲ ထားတော့မယ်။ ဒါတောင် ယောက္ခမသုံးယောက်ကြား ပျာများရဦးမှာ"

နှစ်ယောက်သား ယောက္ခမဦးရေ စစ်တမ်းလုပ်နေကြ၏။ တကယ်တော့ သူတို့နှစ်ယောက်မှာ ယောက္ခမနှင့်တူတာ ဘာမှမရှိ။ မူးလို့လည်း ပြေးနမ်းစရာမရှိ။

ဦးကျော်ဖြူကို ယောက္ခမတော်မည့်ကြီကာရှိသေး ဦးကျော်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



က သူတို့ကို မြွေလွှတ်သွားသေးသည်။ သို့အတွက် ဦးကျော်ဖြူအား ယောက္ခမ မတော်ခင်ကပင် အမြင်ကပ်နေကြလေပြီ။

"ဟော့ကောင် နှင်းမောင်. . ။ ယောက္ခမနိုင်နည်းနိသျှည်းလေး ဘာလေး ရှာဖွေစုဆောင်းကွာ။ အဘိုးကြီးကို တို့နှစ်ယောက် ပေါင်းကြံကြရအောင်"

"အေး. . ရန်ကုန်ရောက်ရင် ငါဦးလေးစာရေးဆရာဆီသွားပြီး နည်းတောင်းမယ်။ သူက ယောက္ခမကို မီးသေတယ်ကွ"

"ကောင်းတယ်။ ဒါနဲ့ တို့က ဘာဆက်လုပ်ကြမလဲ"

နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြ၏။ အကြံထုတ်ကြ၏။

သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်နေကြသည်ကို ဦးလှညွန့်က မြင်သွားသဖြင့် စပ်စုလေ၏။

"အံမယ်. . မောင်နှင်းမောင်တို့သူငယ်ချင်းနှစ်ယောက် ဘာတွေများတိုင်ပင်နေကြပါလိမ့်"

နှင်းမောင်က စပ်ဖြဲဖြဲဖြေ၏။

"ကြီးပွားရေးလေဦးလေးရဲ့"

"ကြီးပြီးပွားလာမယ့်ကိစ္စ တိုင်ပင်နေကြတာ"

ချစ်ပန်းပွင့်ကပါ ဝင်ပြော၏။ ရိုးရိုးပြောခြင်းမဟုတ်။ ဗိုက်ကို လက်နှင့်ပွတ်ပြီး ပြောခြင်း။ လက်တောင် တစ်ဖက်တည်းမဟုတ်။ လက်နှစ်ဖက်နှင့် ဗိုက်ကိုပွတ်ရင်း လက်ကိုရှေ့ဆန့်ထုတ်လိုက်သေး။

ဦးလှညွန့်က ချစ်ပန်းပွင့်လုပ်ပုံကို သေချာကြည့်၍. .

"မင်း ကြီးပွားရေးက တစ်မျိုးပါလား"

"ဟုတ်တယ်ဦးလေးရဲ့။ ကြီးပွားရေးနဲ့ စီးပွားရေးက မတူဘူး"

"ဟော. ."





"တကယ်ပြောတာ။ စီးပွားရေးဆိုတာက လွယ်တယ်။ ဦး သဘောပေါက်အောင်ရှင်းပြမယ်"

"ရှင်းပြီးမှ ပြမှာလား။ မရှင်းဘဲ ပြလည်း ဖြစ်သလေကွယ်"

ဦးလှညွန့်ကပါ ရောလောင်၏။ ဦးလှညွန့်လည်း နှင်းမောင်တို့နှင့်ပေါင်း၍ သိပ်မကောင်းချင်တော့။

ချစ်ပန်းပွင့်က ဆရာကြီးဂိုက်ဖြင့်ပြော၏။

"စီးပွားရေးရဲ့သဘောက တစ်နဲ့တစ်ပေါင်းရင် ဘာရမလဲ ဦး"

"ဒါလေးများကွာ. . နှစ်လေကွယ်"

"ဟုတ်ပြီ။ စီးပွားရေးသဘောက တစ်နဲ့တစ်ပေါင်းရင် နှစ်ရမယ်။ ဒါ. . မှုသေကိန်း"

"သိပ်မှူးရင်တော့ သေမှာပေါ့လေကွယ်"

"မှူးသေမှာမဟုတ်ဘူး။ မှုသေ"

"ဩော်. . မေသူ။ ငါတူမပဲ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး။ ဦးကလည်း နှောက်တယ်။ ကျွန်တော်တို့က မကြည်ဘူး။ ပျက်ကိန်းပဲ"

"ခုနကတော့ မှုသေကိန်းဆို"

"ပျက်မှာတော့ သေပြီပေါ့ဗျာ။ ဘာထူးမှာလဲ"

ဦးလှညွန့်နှင့် ချစ်ပန်းပွင့်တို့ တိုင်ပတ်နေကြ၏။ နှင်းမောင်ကတော့ ဧရာမအမှုကြီးအား လိုက်မည့် ဆားပုလင်းကဲ့သို့ မေးပွတ်စဉ်းစားနေ၏။

ဦးလှညွန့်က မျက်နှာပိုးသတ်၍. .

"ကဲ. . ဆက်ပြောလေကွာ မင်းရဲ့ဒဿနကို။ ကြီးပွားရေးက ဘယ်လိုလဲ"

ဟု မေးရာ ချစ်ပန်းပွင့်က ပညာရှိလေသံဖြင့် ဖြေ၏။

www.burmeseclassic.com



"စီးပွားရေးက တစ်နဲ့တစ်ပေါင်းရင် နှစ်။ ကြီးပွားရေးက တစ်နဲ့တစ်ပေါင်းရင် သုံး"

"ဘာ. . တစ်နဲ့တစ်ပေါင်းရင် သုံး။ အဲဒါ ကြီးပွားရေး. . "

"ဟုတ်ပ့ါဗျာ။ တစ်နဲ့တစ်ပေါင်းရင် သုံးရမှာက ကြီးပွားရေး။ သူ့သဘောက ကြီးလာမယ်၊ ပွားလာမယ်"

ချစ်ပန်းပွင့်က ပြောရင်း လက်နှစ်ဖက်ဖြင့် ဂုက်ကိုပွတ်နေပြန်ရာ ဦးလှညွန့်ကလည်း လိုက်ပွတ်ကြည့်မိလေ၏။ ပါးစပ်မှလည်း. .

"ကြီးလာမယ်. . ပွားလာမယ်"

ဟု ရေရွတ်နေတော့၏။ နောက်တော့ တစ်ချက်ပြုံးလိုက်ရင်း. .

"ပေါက်သွားပြီ. . ပေါက်သွားပြီ။ ငါကတစ်၊ မိလုံဝင်းကတစ်။ ပေါင်းလိုက်တော့ သုံးဖြစ်လာရော။ ကြီးပြီးပွားလာတာ။ ဒါ. . ကြီးပွားရေး။ ဟုတ်တယ်ဟုတ်"

"ဦးသဘောပေါက်သွားပြီ"

"ပေါက်တယ်. . ပေါက်တယ်. . တစ်နဲ့တစ်ပေါင်း သုံးတင်မကကံကောင်းရင် လေးလည်းဖြစ်နိုင်၊ ငါးလည်းဖြစ်နိုင်တယ်လေကွယ်"

"ဟုတ်တယ်. . ဟုတ်တယ်။ ဒါမှ ကြီးပွားရေးအစစ်ပဲ"

ဦးလှညွန့်က ကွက်ကျော်ပင်မြင်နေသေး၏။ ချစ်ပန်းပွင့်ကအပြတ်မြှောလွှတ်နေ၏။

သို့နှင့် ဦးလှညွန့် မြွေဖမ်းရန်ကြံတော့သည်။

"မောင်ချစ်ပန်းပွင့်"

"ခင်ဗျာ"

"မင်းရဲ့ကြီးပွားရေးဒဿနကို ဦးသဘောကျသကွယ်"

"ဟုတ်ကဲ့"

"အခုဆို ဦးမှာ သားလေးတစ်ယောက်တည်းရှိတာလည်း





ရန်ကုန်ရောက်နေလို့ လွမ်းသကွယ်"

"တရားနဲ့ဖြေပါ ဦးရယ်"

"ဖြေလည်း ဖြေပါနိုင်လားကွယ်။ ဒီတော့ ဦးစဉ်းစားတယ်"

"ဘယ်လိုများပါလိမ့်"

"ဦးဟာ စီးပွားရေးလုပ်နေတာကြာပြီ။ စီးပွားရေးနဲ့ကြီးပွားရေးကို ခွဲမသိခဲ့ဘူး"

"ပညာရှိ သတိဖြစ်ခဲ့ပေါ့"

"အေး. . အခုတော့ သတိလက်မလွှတ်ရအောင် ဦးနှလုံးသွင်းထားလိုက်ပြီ။ ဦး ကြီးပွားရေးပြန်လုပ်မယ်"

"စိတ်ကိုလျှော့ပါ ဦးရယ်။ အသက်ကြီးပါပြီ"

"အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူးကွယ်။ ဦး နှလုံးကောင်းပါသေးတယ်"

"ဗျာ"

"ဦး နှလုံးကောင်းတယ်ကွဲ့။ အီးဂျီစီရိုက်ထားတာ ကောင်းတယ်လို့ အဖြေထွက်ထားတယ်"

"အဟုတ်. . "

"ဟုတ်တယ်။ ဦးက လူသာဝနေတာ။ နှလုံးက ကောင်းတယ်လေကွယ်"

"ယုံပါတယ် ဦးရယ်။ ကြော်ငြာဝင်မနေပါနဲ့တော့"

"ဒီတော့ ဦး ကြီးပွားရေးကောင်းကောင်းလုပ်နိုင်သေးတယ်"

"စိတ်ကို လျှော့လိုက်တော့လေ"

"လျှော့ဘူးကွယ်။ တင်းနေပြီ။ စိတ်. . စိတ်. . "

"စိတ်ကိုလျှော့လေ ဦး"

"ငါ့စိတ်ကို ပြေအောင်လုပ်ပေးနိုင်တာ မိရွှေလုံဝင်းပဲရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဈေးသွားနေတာ ကြာလိုက်တာ"

"လာမှာပေါ့ ဦးရယ်။ ဦး စိတ်စောနေလို့ပါ"

ပြောရင်းဆိုရင်းပင် ဒေါ်မိလှဲဝင်းတစ်ယောက် ဈေးခြင်းတောင်းကြီးနှင့် တက်ချလာလေတော့၏။ ဒေါ်မိလှဲဝင်းကိုမြင်သည်နှင့် ဦးလှညွန့်က ဆတ်ခနဲထသွားကာ . .

"မိလှဲ . . မောလာသလား။ ပေး ကိုယ့်ကို ဈေးခြင်း"

ဟု ဆိုရင်း မျက်နှာချိုသွေးရင်း ဆွဲခြင်းကို လှမ်းယူလေ၏။ ဦးလှညွန့်ကိုကြည့်ရင်း နှင်းမောင်က ချစ်ပန်းပွင့်နားသို့ကပ်၍ တိုးတိုးပြော၏။

"မင်း အဘိုးကြီးကို မြွေသွားလွှတ်တယ်။ အခု အဘိုးကြီး မြွေသွားဖမ်းနေပြီ"

ပြောမည်ဆိုလည်း ပြောစရာ။ ဦးလှညွန့်သည် ယခင်နေ့တွေကနှင့်မတူဘဲ ထူးခြားနေပြီ။

လှုပ်ရှားပုံများကိုက မြူးကြွသွက်လက်နေသည်။

"ဟဲ့ . . မိသဇင်။ ထွက်ခဲ့စမ်း။ နင့်မမလှဲဖို့ သောက်ရေတစ်ခွက်ယူခဲ့။ ဒီမှာ ဆွဲခြင်းယူသွား"

နောက်ဖေးခန်းရှိ သူ့တူမကို လှမ်းခေါ်ခြင်းဖြစ်သည်။ သူပဲ ရွှေကြိုလုပ် ဆွဲခြင်းယူပြီး သွားတော့မထား။ အိမ်ရှေ့ခန်းကနေ လှမ်းအော်နေခြင်းပါ။

မကြာလှ။ မိသဇင် သောက်ရေခွက်နှင့် ရောက်လာ၏။ ဦးလှညွန့်က သောက်ရေခွက်ကိုလှမ်းယူကာ ဒေါ်မိလှဲဝင်းအား တိုက်၏။

"မိလှဲ . . သောက်လိုက်ဦး။ အမောဖြေလိုက်ဦး။ နောက်နေ့တွေ မိသဇင်ကိုပဲ ဈေးလွှတ်လိုက်။ မိလှဲကိုယ်တိုင် ဝယ်မနေနဲ့။ မောမယ်လေကွယ်"





ဦးလှညွန့်အပြတ်ကြင်နာနေရာ နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့မှာ ပြုံးစေ့စေ့ဖြစ်နေကြတော့၏။

ဒေါ်မိလှဲဝင်းကတော့ ဘာမှမသိ၍ အရိုးခံအတိုင်းပြောရှာ၏။

"ဟုတ်တယ် ကိုရယ်။ စီးပွားရေးကတစ်ဖက်၊ အိမ်အလုပ်ကတစ်ဖက်နဲ့ မိလှဲမသက်သာဘူး။ တစ်နေ့တခြားလည်း ဝလာလိုက်တာကြည့်ပါဦး"

ဒေါ်မိလှဲဝင်းက သူ၏စဥ့်အိုးကိုယ်လုံးကြီးအား ပြနေသေး၏။ စဥ့်အိုးကြီးအားကြည့်ရင်း ဦးလှညွန့်က ရေငတ်သံဖြင့်ပြော၏။

"ကဲကွာ . . မိလှဲကြည့်ရတာ စိတ်မသက်သာဘူး။ ဈေးသွားတဲ့အလုပ်၊ ချက်တဲ့အလုပ် မိသဇင်နဲ့သာ လွှဲလိုက်တော့။ မိလှဲကတော့ ကိုယ်နဲ့ စီးပွားရေးပဲလုပ်တော့။ ကြီးမွားရေးလည်း လုပ်ကြတာပေါ့"

ဦးလှညွန့်က ပြောရင်း မလုံမလဲဖြင့် နှင်းမောင်တို့ကိုကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။

ချစ်ပန်းပွင့်က ဆက်လုပ်ဟူသောသဘောဖြင့် မေးဆတ်ပြ၏။ နှင်းမောင်ကတော ပခုံးတွန့်ပြ၏။

ဒေါ်မိလှဲဝင်းကတော့ ဘာမှမသိရှာသဖြင့် အရိုးခံအတိုင်းပြော၏။

"ဟုတ်တယ် . . အိမ်မှုကိစ္စတွေ မိသဇင်နဲ့လွှဲပြီး ကျွန်မ စီးပွားရေးပဲလုပ်တော့မယ်။ ဒါမှ ကြီးပွားမှာ"

ဟု ပြောသည်တွင် ဦးလှညွန့်က ငါးခူပြုံး ပြုံးရင်း ပြောသည်ကား . .

"ဒါပေါ့ကွ . . ။ စီးပွားရေးနဲ့ ကြီးပွားရေးကို တို့လင်မယား တက်ညီလက်ညီလုပ်လိုက်ရင် ကြီးပြီး ပွားကိုပွားရမယ်"

နှင်းမောင်က စပ်ဖြဲဖြဲဖြင့် . .

"ဟုတ်တယ်အဒေါ်၊ ကြီးပွားမှာအမှန်ပဲ။ ဦးလေးနဲ့ တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပင်လုပ်"

ဟု ပြောလေရာ ဒေါ်မိလွဲဝင်းက ခေါင်းညိတ်လျက်. .

"အင်း. . ကောင်းတယ်။ ကြီးပွားရေးဆိုတာ လုပ်ရမယ့်အလုပ်ပဲ"

ဟု ထောက်ခံလိုက်လေ၏။ နှင်းမောင်က ဆရာကြီးဂိုက်ဖမ်းကာ ပြောပြန်၏။

"အဒေါ် ဗေဒင်ယုံလား"

"ယုံပါတယ်"

"ဆရာကြီးသူ့သိခ်ရဲ့ ဖားဆော့ဗေဒင်ဆိုတာ ကြားဖူးလား"

"တားရော့ဗေဒင်ပဲ ကြားဖူးတယ်"

"တားရော့ဗေဒင်ဆိုတာ နိုင်ငံခြားသား မျိုးမစစ်တဲ့ဗေဒင်။ အဲဒါ ဆရာကြီးတစ်ယောက်နဲ့ သုတပည့်တွေသုံးနေတာ။ ဖဲချပ်လေးလှန်ကြည့်ခိုင်းပြီး ဖဲချပ်ထဲက သင်္ကေတပုံကိုကြည့်ပြီး အသင့်ရေးထားတဲ့ နိမိတ်ပုံဖော်စာတမ်းအတိုင်း ဖတ်ပြရတာ။ ဘာမှမဆန်းဘူး။ မြန်မာ့စရိုက်နဲ့လည်း မကိုက်ညီဘူး"

"ဟုတ်လား"

"ဟုတ်တယ်. . ဖားဆော့ဗေဒင်ကမှ မြန်မာ့ရိုးရာဗေဒစစ်စစ်ပဲ။ ဖဲချပ်လို ကတ်ပြားလေးတွေမှာ ဖားလေးတွေရဲ့ ပုံစံအမျိုးမျိုးပါတယ်။ နံပါတ်နဲ့အဟောကို ရေးပြထားတယ်။ အဲဒါ ဆရာသူ့သိခ်ရဲ့နည်းပဲ"

"အဒေါ့ကို ဟောပေးပါလား"

"ဖားဆော့ကတ်ပြား မပါဘူး။ ဒါပေမဲ့ နံပါတ်နဲ့ ဟောကိန်းတွေကို ကျွန်တော်အလွတ်ရတယ်။ ဒီလိုလုပ်. .။ အဒေါ် စာရွက်တစ်ရွက်ထဲမှာ တစ်ကနေ ငါးဆယ်အတွင်း ကြိုက်တဲ့ဂဏန်းတစ်ခုရေးလိုက်"

နှင်းမောင်က အိတ်ထဲမှ ဘောပင်ထုတ်၍ စားပွဲပေါ်က စာစောင်လေးအား ထိုးပေးလိုက်၏။





ဒေါ်မိလွဲဝင်းကလည်း ဘာမြန်သလဲမမေးနှင့်။ ဆတ်ဆို ဘောပင်ယူကာ ဂဏန်းရေးပေး၏။ နှင်းမောင်လုပ်သမျှ ဦးလှညွန့်က မျက်လုံးကြီးပြူးကြည့်နေ၏။

ဒေါ်မိလွဲဝင်းက သူရေးပေးထားသော ဂဏန်းနှစ်လုံးကို နှင်းမောင်ရှေ့ ချပြလိုက်၏။

ဒေါ်မိလွဲဝင်းချပြလိုက်သည့် ဂဏန်းနှစ်လုံးကား (၂၉) (နှစ်လုံးဂဏန်းပေးသည်ထင်၍ လိုက်မထိုးပါနှင့်။ ကုန်လျှင် တာဝန်မယူ)

"ဟာ. . နှစ်ဆယ့်ခုနစ်။ ဖားဆော့ကတ်ပြားမှာ ဖားလေးပက်လက်လန်နေတာကို မြွေကြီးက ခေါင်းကနေ မျိုနေတဲ့ပုံပဲ"

ဟု နှင်းမောင်က ပြောရင်း ဦးလှညွန့်ကို မျက်လုံးစွေကြည့်လေ၏။ ဦးလှညွန့်က မဲ့လျက်. .

"ဟုတ်ဘဲနဲ့" ဟု ပြောလိုက်ရာ အသံကျယ်သွားသဖြင့် ဒေါ်မိလွဲဝင်းက လှမ်းဟောက်၏။

"တိတ်တိတ်နေ. .။ ဝင်မပါနဲ့။ ဆရာအာရုံပျက်သွားမယ်။ ဆရာလေးနှင်းမောင်. . ဆက်ဟော. . ဆက်ဟော"

"ဆက်ဟောရရင် ဖားလေးမြွေမျိုခံရသော်လည်း မသေဘူးခင်ဗျ"

"တော်သေးတာပေါ့"

"ကြီးပွားတိုးတက်လာဦးမှာ"

"တကယ်. ."

"နှစ်ကယ်. . အမှန်အကန်ဟောနေတာ။ အကြံအဖန်ဗေဒင်ဆရာမဟုတ်ဘူး"

"ယုံတယ်။ ကြီးပွားရင် ဆီးပြားကျွေးမယ်"

"ဆက်ဟောဖို့ ကျန်သေးတယ်။ အဒေါ့်မှာ အတွင်းရန်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းရန်. ."

"ဟုတ်တယ်. .။ သွေးဆောင်စည်းရုံးခံရကိန်းရှိတယ်။ စိတ်ကိုတင်းထားပြီး ရင်ဆိုင်။ ဓားလေးဘာလေးဆောင်ထား။ ကြိတ်ကြံနေတဲ့သူရှိတယ်"

"စမ်းကြည့်လေ. . မီးပွင့်သွားမှာပေါ့"

ဒေါ်မိလှဲ့ဝင်းက အံကြိတ်၍ပြော၏။ တကယ်ဖွဲ့မည့်ပုံ။ ဦးလှညွှန့်က ရှုံ့မဲ့မဲ့ဖြင့်. .

"မိလှဲ့. . မင်း ရမ်းယုံပြီး ဓားတွေဘာတွေ ဆောင်မထားနဲ့။ ငါနှလုံးကွဲရလိမ့်မယ်။ မောင်နှင်းမောင်. . မဟုတ်တာတွေ မဟောနဲ့လေကွာယ်"

"ဘာမှ လုပ်မဟောဘူး။ ဖားဆော့ကတ်ရဲ့ဟောကိန်းအတိုင်း ဟောတာ။ စိတ်မပူပါနဲ့. .။ ဖားဆော့ကတ်ရဲ့အလိုအရဆို ဦးအကြံအောင်ကိန်းရှိပါတယ်။ ဘာမှစိတ်ပူမနေပါနဲ့"

ဟု ပြောရာ ဒေါ်မိလှဲ့ဝင်းက ဦးလှညွှန့်ကိုကြည့်ကာ. .

"တော်ကြီးက ဘာတွေကြံနေလို့လဲ"

ဟု မေးတော့၏။ ဦးလှညွှန့်က သွားဖြဲပြရင်း. .

"ဟဲ. . ဟဲ. . ကြီးပွားရေးကိစ္စပါကွာ။ လာ. . လာ. . မင်းနဲ့တိုင်ပင်စရာရှိတယ်။ မောင်နှင်းမောင်တို့ အပြင်သွားမှာဆို သွားကြလေကွာယ်" ဟု ဘလိုင်းကြီးနှင်ထုတ်လေတော့၏။

နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့နှစ်ဦးလုံး ကိုယ်စီပခုံးတွန့်လျက် ထပြေးကြရလေတော့၏။

ထိုအချိန်မှာတော့ ဦးလှညွှန့်သည် ဒေါ်မိလှဲ့ဝင်းအား ကြီးပွားရေးကိစ္စများကို တိုး တိုးလေးဆွေးနွေးလျက် ရှိလေတော့သတည်း။

❐








www.burmeseclassic.com

www.burmeseclassic.com

ဒီလိုယောက်ျားမျိုး

တစ်သက်လုံးဖင် လွှပါရစေ...

အဲပေမဲ့လေ...

သူသမီးနဲ့တော့ ညားပါရစေ



≺၄≻

သံလွင်မြစ်ရေသည် တသွင်သွင်စီးဆင်းလျက်ရှိ၏။ မြစ်ထဲမှာ တော့ လှေ၊ သင်္ဘောများ စုန်ဆန်ခုတ်မောင်းသွားလာနေကြသည်။

မြစ်ပြင်ထက်မှာ စင်ရော်ငှက်လေးများကလည်း ဝဲပျံလျက်ရှိသည်။ တချို့သောစင်ရော်အုပ်များသည် ခုတ်မောင်းနေသော သင်္ဘောများနောက်သို့ လိုက်လျက်ရှိ၏။

"စင်ရော်လေးများ ဘယ်ဆီပျံသွားလေပြီလဲကွယ်"

နှင်းမောင်က မြစ်ထဲမှစင်ရော်ငှက်များကိုကြည့်ရင်း တိုးဖွဖွ လေးပြောလိုက်သည်။ သူ့ဘေးနားမှ ချစ်ပန်းပွင့်ကလည်း ဆောက်လုပ် ပြီးစီးလုပြီဖြစ်သော သံလွင်တံတား(မော်လမြိုင်)ကိုကြည့်၍ ပြောရှာသည်။

"ဘာပဲဖြစ်ဖြစ် ဒီတံတားကြီးဟာ မြန်မာပြည်မှာ အကြီးဆုံး၊ အရှည်ဆုံးပဲ။ ဒီတံတားကြီးပြီးသွားရင် ရန်ကုန်နဲ့မော်လမြိုင် ဒါရိုက် ပဲ။ ဒီတံတားကြီးဟာ ပပနဲ့ငါရဲ့ ချစ်ခြင်းမေတ္တာ ပေါင်းကူးပြယုဂ်ဖြစ်ရ မယ်။ ပပဘာယ်မှာလဲကွယ်"

ဘာမှတော့ မဆိုင်။ သို့သော် ချစ်ပန်းပွင့်က သူလွမ်းသည့်အထဲ



www.burmeseclassic.com

www.burmeseclassic.com



တံတားကြီးကို ဆွဲထည့်နေ၏။

သူတို့နှစ်ယောက် ဘာရယ်မဟုတ် ကမ်းနားလမ်းအတိုင်း လမ်းလျှောက်လာကြခြင်းဖြစ်သည်။ သံလွင်မြစ်ကိုကြည့်၍ လွမ်းသည့်သူက လွမ်း၊ သံလွင်တံတားကြီးကိုကြည့်၍ လွမ်းသည့်သူကလွမ်း။

အတော်ဟုတ်နေကြ၏။ ရန်ကုန်က နှင်းမောင်၏မိဘနှစ်ပါးမှာတော့ သားလေးခရီးသွားရတာ ပင်ပန်းနေပြီထင်ချိမ့်မည်။

ရန်ကုန်မှာဖြစ်နေပုံလည်း ကြည့်ဦး. .။

ဦးခင်မောင်သည် ဂနာမငြိမ်ဘဲ လက်နောက်ပစ်၍ ဧည့်ခန်းမှာ ခေါက်တုံ့လျှောက်နေသည်။ ဒေါ်ဆုံကတော့ စာအုပ်ဖတ်လျက်. .။

"မဆုံ. . မင်းသားဆီက ဖုန်းမလာဘူးလား"

"မင်းသားဆီက ဖုန်းလာရအောင် ကျုပ်က ဒါရိုက်တာလည်း မဟုတ်၊ ပရိုဂျူဆာလည်းမဟုတ်"

ဒေါ်ဆုံက ခပ်တည်တည်ပြန်ပြောပြီး ဘုရားစာအုပ် ဆက်ဖတ်နေ၏။ ဦးခင်မောင်မှာ သူ့စကား နားမဝင်ဘဲ ပြောချင်ရာပြန်ပြောသည့် ဒေါ်ဆုံကိုကြည့်ကာ တင်းသွား၏။

"မင်း စကားကောင်းကောင်းပြော။ မင်းသားဆိုတာ မင်းနဲ့ငါနဲ့ ရထားတဲ့ နှင်းမောင်ကိုပြောတာကွ"

"သိဘူးလေတော်. .။ မင်းသားဆိုတော့ ဒွေးလား၊ ကျော်ရဲအောင်လား၊ မင်းမော်ကွန်းလား ထင်မိတာပေါ့။ စာကတည်း. ."

"ဟင်း. . ဖတ်တော့ တရားစာအုပ်၊ စိတ်ရောက်တော့ ဟိုတဲ့အုပ်။ မင်းကွာ. ."

"ရှင်နော်"

ဒေါ်ဆုံအော်ပုံမှာ ကျယ်လောင်လှသဖြင့် ဦးခင်မောင်တွန့်သွားသည်။ ရှေ့ဆက်မပြောရဲတော့။ ရှေ့ဆက်လျှင် ဒေါ်ဆုံ ပြဿနာရှာ





တော့မည်။

ဒေါ်ဆုံပြဿနာရှာပုံကား ထူး၏။ အကောင်းပကတိမှ ရုတ်ပာရုက်ဆိုသလို ပူပြ မေ့ပြပြီး လက်မျှားကွေးကာ တက်ခြင်းဖြစ်တော့၏။

ဒါဆိုရင်တော့ သွားပြီ။ ဦးခင်မောင်ခမျာ နင်းဟယ်နှိပ်ဟယ်နှင့် အရုပ်ကပါလူဝိုင်းပါ ဖြစ်ရတော့သည်။ မနည်း နှာနှပ်ယူရမည်။ နောက်သုံးရက်ခန့် ပြုစုပေရော့. .။

ဒီတော့ ဒေါ်ဆုံအော်ပုံကိုကြည့်၍ ဦးခင်မောင် ဒေါသကိုမျိုချနေရတာ ကြာပြီ။

"ဟဲ. . ဖတ်. . ဖတ်. .။ မင်းတရားစာအုပ်သာ ပြီးအောင်ဖတ်။ ငါ မော်လမြိုင်ဖုန်းသွားဆက်လိုက်ဦးမယ်"

ပြောပြောဆိုဆို ဦးခင်မောင် ဖုန်းဆက်ဖို့ထ၏။ ရုပ်အကျီကောက်စွပ်ကာ ဆောင့်ဆောင့်နှင့် လှေကားမှဆင်းသွားတော့သည်။

"ဝုန်း"

"အား. ."

ရုတ်တရက် လှေကားမှ ဝုန်းခနဲပြုလဲသံနှင့်အတူ ဦးခင်မောင်၏အော်သံကြောင့် ဒေါ်ဆုံလန့်သွားသည်။ ရင်ဘတ်ကိုဖိကာ စာအုပ်ကိုပစ်ချ၍ ဆက်တီမှထလိုက်သည်။

"ဗျို"

"ဟဲ့. . ပလုတ်တုတ်"

ဒေါ်ဆုံ့လုံချည်မှာ ဆက်တီမှထွက်နေသည့် သံချက်နှင့်ငြိကာ ဗျိခနဲပြဲတော့သည်။

ဒေါ်ဆုံ လုံချည်ပြဲတာကိုမမှုပါ။ ဦးခင်မောင်ထံအပြေးသွား၏။

"ကျွတ်. . ကျွတ်"

ဦးခင်မောင်သည် လဲနေရာမှမထနိုင်သေးဘဲ ခြေမကိုဆက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကာ ညည်းနေ၏။

ဒေါ်ဆုံက အပြေးလေးသွားကာ..

"ဘာဖြစ်သွားလဲ"

ဟု မေးရင်း ခြေမကိုကြည့်သည်။

"အို..ခြေမကြီးကွဲသွားပါလား။ သွေးတွေထွက်နေတယ်"

"အေးကွာ..ရုတ်တရက် ချော်လဲကျပြီး ခိုက်မိသွားတာပဲ။ သိပ်တော့မများပါဘူး။ ဟင်..မင်းလုံချည်လည်း ပြဲလို့ပါလား"

ဦးခင်မောင်က ဒေါ်ဆုံထဘီပြဲနေတာမြင်သွား၍ ပြောလိုက်သည်။ ဒေါ်ဆုံက ဘာပြောသည် ထင်ပါသနည်း။

"ကျုပ်ပြဲတာ အရေးမကြီးဘူး၊ ရှင်ကွဲတာ အရေးကြီးတယ်။ ရှင်က ဆီးချိုရှိတယ်။ ဒဏ်ရာရရင် အနာက ကျက်ခဲတယ်။ လာ..လာ ဆေးခန်းပြရအောင်"

အကွဲသမားနှင့် အပြဲသမားနှစ်ယောက် ကြင်နာစွာ ဖေးမအွဲ ထူနေတုန်း ဒေါ်ဆုံ၏မောင်တော်သူ မောင်မြင့်လွင်ရောက်လာ၏။

မောင်မြင့်လွင်က စာတိုက်နှင့်ကြေးနန်းရုံးမှာလုပ်သည်။ ယခု အလုပ်သို့သွားခါနီး ဝင်လာရာ မြင်ရသောမြင်ကွင်းကြောင့် အံ့အားသင့်နေစဉ် သူ့အစ်မက မြင်သွားပြီး လှမ်းပြောသည်။

"ဟဲ့..မြင့်လွင်၊ မော်လမြိုင်က နှင်းမောင်တည်းတဲ့ ဦးလှညွန့်တို့ဆီ အကြောင်းကြားပေးစမ်း။ မုန့်နဲ့ဖြစ်ဖြစ်၊ ဖက်နဲ့ထုပ်ထုပ်၊ ကြေးနန်းနဲ့ပဲတုပ်တုပ် အမြန်ရောက်ဖို့ပဲလိုတယ်"

"စိတ်ချ..အမြန်ကြေးနန်းပို့လိုက်မယ်။ ဘယ်လိုပို့ရမလဲပြော"

ဒေါ်ဆုံက ကြေးနန်းအမြန်ပို့ရန် လိုရင်းတိုရှင်းပြောလိုက်၏။ ဒေါ်ဆုံရိုက်မည့်ကြေးနန်းကြောင့် မြင့်လွင်သည် ပါးစပ်ကြီးပြဲသွားရလေ၏။





ဒေါ်ဆုံ ကြေးနန်းရိုက်ခိုင်းလိုက်ပုံက..

သား နှင်းမောင်

အဖေလည်းကွဲ၊ အမေလည်း

အမြန်ပြန်လာ

ဒေါ်ဆုံ

ရန်ကုန်ကမိဘနှစ်ပါး ဤသို့ဖြစ်နေချိန်၌..

မော်လမြိုင်ရောက် နှင်းမောင်မှာ ချစ်ပန်းပွင့်နှင့်အတူ သံလွင်မြစ်ဘေးရောက်နေ၏။

အရှိမ်းခံသား၍ အရမ်းလွမ်းနေ၏။ မုတ္တမဘက်မှ ဆိုက်ကပ်လာသော သင်္ဘောကိုကြည့်ကာ တစ်စုံတစ်ရာကိုရှာနေ၏။

သူတို့ရှာနေသည်မှာ မည်သူရှိပါမည်နည်း။

နှင်းပွင့်ဖြူနှင့် ပပသာဖြစ်ချေ၏။ ကျိုက်သလ္လံဘုရားပေါ်မှာ တွေ့ပြီးနောက် ဦးကျော်ဖြူကြောင့် ခြေရာပျောက်သွားခဲ့ရသည်။ ဦးကျော်ဖြူသည် သူတို့ကို အတည်တကြီးနှင့် မြှေဖမ်းသွားသည်။

လုံးပမကြေနပ်။ ဦးကျော်ဖြူအား နှင်းမောင်မကျေနပ်သလို ချစ်ပန်းပွင့်ကလည်း အစာမကျေပါ။ ရင်လည်း မချောင်ပါ။

"သည်လို ယောက္ခမဆိုး တစ်သက်လုံးပင် လွဲပါရစေ။ ဒါပေမဲ့ လေ..သူ့သမီးနဲ့တော့ ညားပါရစေ"

ချစ်ပန်းပွင့်က လက်တာမ်းယီချင်းလေးနှင့် ညည်းနေ၏။

"လာကွာ..မုတ္တမဘက်ကမ်း သင်္ဘောလိုက်စီးရအောင်"

နှင်းမောင်က ဘာစိတ်ကူးရသည်မသိ၊ ချစ်ပန်းပွင့်ကို လက်တို့ကာ သင်္ဘောဆိပ်သို့ သွက်သွက်လျှောက်သွား၏။

လက်မှတ်တစ်စောင် တစ်ဆယ်ကျပ်နှင့် လက်မှတ်ဖြတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဘောတံတားသို့ဆင်းခဲ့ကြ၏။ သင်္ဘောက ပြန်ထွက်တော့မည်။

"ဘူး. . ဘော်"

ဥဩဆွဲပြီး ဘောတံတားထိပ်မှာ လူနှစ်ယောက်က ခရီးသည်တချို့ကိုကျော်ပြီး ပစ္စည်းလေးများကမ်းပေးနေသည်။

နှင်းမောင်နှင့် ချစ်ပန်းပွင့်ကိုလည်းပေး၏။ နှစ်ဦးလုံး ဘာမှန်းမကြည့်နိုင်ဘဲ ယူထားလိုက်ကြသည်။ ဂျာကင်အေားအိတ်ထဲ ထည့်ထားလိုက်သည်။

သင်္ဘောပေါ်ရောက်တော့ ထိုင်ခုံပေါ်ထိုင်ရင်း နှင်းမောင်က အိတ်ထဲက ခုနအရာကို ထုတ်ကြည့်သည်။ ကျန်းမာရေး ပညာပေးရေးဌာနမှ ဖြန့်ဝေသည့် ကာလသားရောဂါနှင့် HIV/ AIDS ပညာပေးကတ်ပြားလေးဖြစ်သည်။ ကတ်ပြားလေးနှစ်ချပ်နှင့်အတူ စက္ကူဘူးစိမ်းလေးတစ်ခုပါ၍ နှင်းမောင်ဖွင့်ကြည့်လိုက်မိသည်။

ဟိုက်. . ကွန်ဒုံးများပါလား။ လက်ဆောင်ပေးစရာရှားလို့ ကွန်ဒုံးပေးရသတဲ့။

နှင်းမောင် ကမန်းကတန်း အိတ်ထဲပြန်ထည့်လိုက်သည်။ ချစ်ပန်းပွင့်ကိုကြည့်တော့ စပ်ဖြဲဖြဲ။

နှင်းမောင်တို့စီးလာသည့် နှစ်ထပ်သင်္ဘောကြီးကတော့ သံလွင်မြစ်ကိုဆန်၍ ခုတ်မောင်းနေပြီ။

ခန့်ညားထည်ဝါလှသော သံလွင်တံတားကြီးကို အနီးကပ်မြင်ရ၏။

မကြာခင် သင်္ဘောကြီးက မုတ္တမဆိပ်ခံတံတားသို့ကပ်သည်။ နှင်းမောင်တို့က သင်္ဘောပေါ်မှမဆင်းဘဲ ဘောတံတားပေါ်သို့ တက်သူဆင်းသူများကို ငေးမောကြည့်နေမိကြသည်။ ရှာလေသူကို တွေ့မလားဟု ကြည့်မိကြခြင်းပင်။ သူတို့က ဆင်းရန်မလို။ အလကားသင်္ဘောလိုက်





စီးကြခြင်းမဟုတ်လား။ တကယ်လည်း လက်မှတ်ဆင်းမဖြတ်ကြ။

ထိုစဉ်. .

မုတ္တမဘောတံတားပေါ်မှ လူတစ်ယောက်ဆင်းလာ၏။ ဦးကျော်ဖြူတည်း။ တိုက်ပုံမီးခိုးရောင်နှင့် ခန့်ခန့်ကြီးဖြစ်သည်။ လက်ထဲမှာလည်း လက်ဆွဲအိတ်ကြီးကိုင်လို့။ ဘယ်ကပြန်လာသည်မသိ။

တကယ်တော့ ဦးကျော်ဖြူသည် ပေါင်မှပြန်လာခြင်းဖြစ်၏။ ပေါင်ဆိုတာ ခြေသလုံးမဟုတ်ဟု မတွေးစေလိုပါ။

ပေါင်ဆိုသည်မှာ မြို့နာမည်ပါ။ မွန်ပြည်နယ်၏ ပေါင်မြို့သည် မော်လမြိုင်တစ်ဖက်ကမ်း သည်မှာဘက်မှာရှိသည်။ မုတ္တမဆိပ်ကမ်းသည် ပေါင်မြို့နယ်ထဲမှာပါသည်။

ရန်ကုန်မှသွားလျှင် ပဲခူး၊ ဝေါ၊ စစ်တောင်း၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ဘီးလင်း၊ ဇင်းကျိုက်၊ ပေါင်၊ မုတ္တမ အစဉ်အတိုင်းရောက်မည်။ မုတ္တမဆိပ်ကမ်းမှ သံလွင်မြစ်ကိုကူးမှ မော်လမြိုင်ရောက်မည်။

တချို့က ပေါင်ပြီး ခြေသလုံးထင်ကြ၏။ အမှန်တော့ ပေါင်နှင့်ကပ်လျက်မှာ မုတ္တမတည်း။

ဦးကျော်ဖြူကား ပေါင်သားဖြစ်သည်။ ဒေါ်မိလွဲဝင်းမှာ မုတ္တမသူဖြစ်သည်။ ပေါင်နှင့်မုတ္တမ ကပ်နေ၍ ညားသွားခြင်းတည်း။

ဦးကျော်ဖြူသည် မော်လမြိုင်မှာနေ၏။ ပေါင်သို့ မကြာခဏသွား၏။ ပေါင်မှာ သူ့ဆွေမျိုးများရှိသည်။

ယခုသွားခြင်းမှာ ပေါင်ရှိဘုရားတစ်ဆူ ထီးတော်တင်ရန် သွားခြင်းပါ။ သူက ထိုဘုရားထီးတော်တင်လှူရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်၏။ ထို့ကြောင့် ပေါင်သို့ မကြာမကြာသွားရသည်။

ပေါင်မှပြန်လာသည့် ဦးကျော်ဖြူတစ်ယောက် သင်္ဘောပေါ် တက်မည်ကို နှင်းမောင်တို့ဆီးမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင်က ချစ်ပန်းပွင့်ကို လက်ကုပ်၍. .

"ချစ်ပန်းပွင့်. . ဟိုဟာ တို့ကိုချောက်ချတဲ့ ယောက္ခမလောင်းကြီးမဟုတ်လား"

ဟု တိုးတိုးမေး၏။ ချစ်ပန်းပွင့်က ခေါင်းညိတ်ပြပြီး. .

"အေး. . အမှန်အကန်ပဲ"

ဟု ဖြေသည်။

"ဒါဆိုရင် တို့အကြံအဖန်လုပ်ကြရအောင်"

ဆိုပြီး နှစ်ယောက်သား တီးတိုးတိုင်ပင်ကြ၏။ ထို့နောက် သင်္ဘောအပေါ်ထပ်သို့တက်လာမည့် ဦးကျော်ဖြူကို မသိမသာအကဲခတ်နေကြ၏။

ဦးကျော်ဖြူကတော့ အေးဆေးပဲ။ အေးရာအေးကြောင်း သင်္ဘောလက်ရမ်းနားမှာ သွားထိုင်နေ၏။ မြစ်ပြင်ကိုငေးမောကြည့်နေ၏။

နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့က ဦးကျော်ဖြူမမြင်အောင် ကွယ်လျှိုးနေလိုက်ကြသည်။

မုတ္တမဆိပ်ကမ်းမှမောင်းသောသင်္ဘောသည် ရေစုန်မောင်းရ၍ သိပ်မကြာ။ ဆယ့်ငါးမိနစ်ကျော်ဖြင့် မော်လမြိုင်ဆိပ်ကမ်းသို့ ကပ်ရန်ပြင်သည်။

ခရီးသည်များဆင်းရန်ပြင်ကြပြီ။ သင်္ဘောအောက်ထပ်မှာ ခရီးသည်တွေ တိုးနေကြပြီ။

နှင်းမောင်နှင့်ချစ်ပန်းပွင့်လည်း လူများနှင့်ရော၍ ဦးကျော်ဖြူ ဘေးတစ်ဖက်တစ်ချက်ဆီ ကပ်သွားကြသည်။

ပြီး. . သူတို့ ခုနလက်ဆောင်ရထားသည့် ကွမ်းဖုံးဘူးလေးကို ဦးကျော်ဖြူ၏တိုက်ပုံဘေးအိတ်ထဲ ထည့်လိုက်ကြလေ၏။

ဦးကျော်ဖြူ ဘာမှသိပုံမပေါ်။ ဘောတံတားပေါ်တက်ရန်





စိတ်စောနေပုံရ၏။

နှင်းမောင်နှင့်ချစ်ပန်းပွင့်က နောက် အသာလျှိုနေလိုက်ကြသည်။

လူတွေတက်တော့ ရောတက်၍ ဦးကျော်ဖြူကို မျက်ခြည်မပြတ်မခံဘဲ နောက်ကလိုက်သွားတော့သည်။

လမ်းပေါ်ရောက်တော့ ဦးကျော်ဖြူက လေးဘီးတစ်စီးကို ငှားနေသည်။ နှင်းမောင်ကလည်း လေးဘီးတစ်စီးကိုငှားရင်း ကားဆရာကို တိုးတိုးကပ်ပြောသည်။ ဦးကျော်ဖြူကို လက်ညှိုးထိုးပြသည်။

ကားဆရာက သဘောပေါက်သည်။ ဦးကျော်ဖြူ၏ကားနောက် ခွာလိုက်မေး၏။ ဦးကျော်ဖြူ၏ကားလေးက မောင်ငံရပ်ကိုကျော်လွန်ပြီး ဈေးကြီးရပ်ထိမောင်းသွားသည်။ ကားကြီးဝင်းအနီးကလမ်းထဲ ဝင်သွား၏။

နှင်းမောင်တို့ကားလေးကလည်း ဖြည်းဖြည်းဝင်လိုက်သွားမိတော့၏။ ဦးကျော်ဖြူဝင်သွားသည့်အိမ်ကိုမှတ်ပြီး ကျော်မောင်းစေကာ ဟိုဘက်မှထွက်သွားတော့သည်။

"ဟဲ. . ဟဲ. . နေရာအတိအကျ သိရပြီကွ။ တို့ဘယ်တော့သွားကြမလဲ"

နှင်းမောင်က အားတက်သရောပြော၏။ ချစ်ပန်းပွင့်လည်း အားတွေပြည့်နေပြီ။ အားပါးတရပြန်ပြော၏။

"ခုပဲသွားကြရအောင်"

"မလုပ်ပါနဲ့ကွယ်။ နေကုန်နေပြီ။ ဒီလိုလုပ်. . ။ မနက်ဖြန် မနက် သွားကြမယ်"

ယနေ့အတွက် အချိန်ကုန်လုပြီဖြစ်၍ နောက်နေ့မနက်မှသွားကြရန် သဘောတူညီလိုက်ကြ၏။

နှစ်ယောက်သား အူတွေမြူးလို့. . ။

❒



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုသိမ်းမျိုး တစ်ရာမကပင်
မွေ့လို့တင်ချင်..
ကဲ..မွေးလေတွယ်။



နှင်းတွေဝေနေ၏။

မော်လမြိုင်မှနှင်းများသည် မော်လမြိုင်သူလေးများကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏။ (ဘာမှတော့မဆိုင်။ ညီတာတွေ အများကြီး)

မော်လမြိုင်နှင်းများသည် မော်လမြိုင်သူများကဲ့သို့ အေးလှတကား။ (လွဲပြန်ပြီ။ ရွှေမြိုင်သူတွေများ ဟုတ်တယ်ဟုတ်၊ ဟုတ်တယ် ဟုတ်နှင့် ဘာဆူသလဲမမေးနှင့်)

ထိုနှင်းမှုန်များအောက်ဝယ် လူသားနှစ်ယောက်သည် သုတ်သုတ်သုတ်သုတ်နှင့်လျှောက်နေ၏။ လက်ထဲမှာလည်း ကြွပ်ကြွပ်အိတ်ကိုယ်စီနှင့်။

ထိုသူနှစ်ယောက်သည် ဈေးကြိုရပ်၊ . . . လမ်းထဲရှိ အိမ်ကြီးတစ်အိမ်ရှေ့မှာ ရပ်လိုက်ကြသည်။ ခြံတံခါးရှေ့မှ ရပ်လာသော လူစိမ်းနှစ်ယောက်ကိုမြင်သဖြင့် လူကျက်ဖြစ်သော ခြံစောင့်က လာမေးသည်။

"ညီလေးတို့. . ဘာကိစ္စရှိလဲကွယ်"

"ဒါ. . ဦးကျော်ဖြူတို့အိမ်နော်"

"ဟုတ်"

"ဦးကျော်ဖြူရှိလား"

"ရှိ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းပွင့်ဖြူနဲ့ ပပရော ရှိလား"

"ရှိ"

"ဒါဆို တံခါးဖွင့်ပါ"

"မဖွင့်"

"အန်. ."

နှင်းမောင် အာပြဲသွား၏။ တဟုတ်မဟုတ်တဂိုရှိနှင့် အဟုတ်မှတ်နေမိသည်။ နောက်ဆုံးတော့ မဖွင့်တဲ့။ ပြတ်လှချည့်။ ခြံစောင့်က ဆက်မေး၏။

"နာမယ်. . နာမယ်"

"မလုပ်ပါနဲ့ဗျာ။ လူကောင်းတွေပါ။ ပပတို့သူငယ်ချင်းတွေပါ"

"နာမယ်ပြော"

"ဪ. . နာမည်ကို မေးတာပဲ။ နှင်းမောင်နဲ့ ချစ်ပန်းပွင့်လို့ ပြောလိုက်"

ခြံစောင့်က သူတို့နာမည်ရေရွတ်၍ ထွက်သွားသည်။ ခြံစောင့်အိမ်ပေါ် မရောက်ခင် ပန်းခြံထဲမှထွက်လာသော နှင်းပွင့်ဖြူနှင့်တိုးသဖြင့် ပြောပြသည်။ လက်ညှိုးထိုးပြသည်။

နှင်းပွင့်ဖြူ လှမ်းကြည့်သည်။

နှင်းမောင်က ငမ်းကြည့်သည်။

အကြည့်ချင်းဆုံ ရင်ခုန်ကြရလေပြီ။ နှင်းမောင်က နှလုံးပါတုန်သွားသည်။

"နှင်းပွင့်ဖြူ"

"ကိုနှင်းမောင်"

ယခုမှ မော်လမြိုင်မှာ တကယ်နှင်းတွေ့စေသွားတော့သည်။ ရုပ်ရှင်ထဲမှာလို ပြေးမျှားဖက်ဖို့ ကြံလိုက်တော့ တံခါးကြီးနှင့် ဒိုင်းခနဲ





ဆောင့်မိမှာသေချာလှ၏။

နှင်းပွင့်ဖြူက ခြံဝသို့ ကမျောသောပါးပြေးလာ၏။ နှင်းမောင်က တံခါးဝမှ စွေ့စွေ့ခုန်နေ၏။ ခြံစောင့်က သော့တွဲကြီးကိုင်ကာ တံခါးဖွင့်ပေးဖို့ပြင်နေ၏။

ထိုပုံစံအားလုံးကို ခြုံငုံသုံးသပ်လေသော် ထွောင်မှလွတ်တော့မည့်နှစ်ယောက်ကို လာကြိုသည့်နှင့်တူတော့၏။

သို့သော်လည်း ပေါ့လေ. .

နှင်းမောင်နှင့် ချစ်ပန်းပွင့်မှာ ဟပ်ကောဒ့ကြီးဖြစ်နေကြရသေး၏။ တံခါးဖွင့်မည့်ပုဂ္ဂိုလ်က တံခါးမဖွင့်သေး။ သော့ကိုင်ပြီး ဘာစောင့်နေသည် မသိရ။

ခြံစောင့်က သော့ကိုင်ရင်း နှင်းပွင့်ဖြူကိုကြည့်နေသည်။

နှင်းပွင့်ဖြူက နှင်းမောင်ကို ကြည့်နေသည်။

တံခါးက ပွင့်မလာသေး။ သည်တော့မှ နှင်းပွင့်ဖြူသတိရသွားပြီး ပြောသည်။

"ဦးတိကျ. . ဒါ မီးဖြူသူငယ်ချင်းတွေ။ တံခါးဖွင့်ပေးလိုက်ပါ"

"ဟုတ်"

"ချလောက်"

ဒီလိုဆိုတော့လည်း မြန်သား။ ဘာလက်ဆောင်မှ ပေးရန်မလိုဘဲ တံခါးပွင့်သွား၏။

"လာ. . အထဲဝင်ကြ"

နှင်းပွင့်ဖြူက ခေါ်သည်။ တကယ်တော့ ခေါ်ရန်ပင်မလို။ နှစ်ယောက်လုံး ခြံထဲရောက်နေကြပြီ။

"မီးဖြူ. . ပပရှိလား"

ချစ်ပန်းပွင့်က မေးခြင်းတည်း။ ချစ်ပန်းပွင့်က နှင်းဖြူကိုမီးဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖော့လျှောလုပ်ခေါ်လိုက်ခြင်းပါ။ မီးဖြူဟူသည်မှာ မီးနီ၊ မီးဝါတို့ ထက် အဖိုးတန်၍ ရှားပါးသည်ဟုလည်း တွေးမိသေးသည်။

"ရှိတယ်. ။ ပပ အိပ်ရာမထသေးဘူး။ သိပ်အအိပ်ပုပ်တာ"

"အအိပ်ပုပ်တာလောက်တော့ တို့ကကြည်ဖြူပါတယ်"

"ဟွန်း. . ပိုင်စိုးပိုင်နင်း။ ညီမလေးက ငယ်ပါသေးတယ်"

"ကြီးတဲ့အထိ စောင့်မှာပေါ့"

ပြောပြောဆိုဆိုနှင့် လျှောက်သွားကြရာ အိမ်နားရောက်သွား၏။ အိမ်နားရောက်တော့ နှင်းပွင့်ဖြူက "ရှူး" ဟု ပါးစပ်ကို လက်ညှိုးနှင့် ပိတ်ပြသည်။

အိမ်ထဲမှ တိုးတိုးကျိတ်ကျိတ်အသံတွေ ကြားနေရ၏။ အားလုံး နားစွင့်မိကြသည်။

"ပါးစပ်ကဘုရားဘုရားနဲ့ လက်ကကားရားကားရား။ ပြော. . ဒါတွေ တော်ဘယ်ကရလဲ။ ဘာလုပ်တာလဲ"

"ငါမသိဘူးလေကွယ်"

"ရှင့်အိတ်ထဲကဟာ ရှင်မသိလို့ဖြစ်မလား။ ရှင် ဒါတွေ ဘာလုပ်ဖို့ ဆောင်ထားရတာတုံး"

"ဘာမှမလုပ်ပါဘူးကွယ်"

"ဘာမှမလုပ်ဘဲ ဘာကြောင့်ဆောင်ထားရတာလဲ"

"မသိဘူးလေကွယ်"

"ရှင်ဘူးမကွယ်နဲ့။ ဒီပစ္စည်းတွေ တော့်အိတ်ထဲကရပါတယ်ဆို့ ကျုပ် မောင်းခတ်လိုက်မယ်"

"မလုပ်ပါနဲ့ကွယ်။ ငါမသိဘူးကွယ်"

ဦးကျော်ဖြူက အာပြတ်ခြင်း၏။ ဒေါ်မိသင်းခိုင်ကလည်း အပြတ် မေး၏။ လက်ထဲမှပစ္စည်းလေးကိုလည်း တပြပြနှင့်။





ပွဲက ကြာလျှင် ပိုရှုပ်တော့မည်မို့ နှင်းပွင့်ဖြူက အသံပေးလိုက် တော့၏။

"အဟမ်း. . ဖေဖေနဲ့မေမေရေ။ ဧည့်သည်လာတယ်"

နှင်းပွင့်ဖြူ၏အသံကြောင့် အထဲမှ အသံတိတ်သွားပြီး တံခါး လာဖွင့်ပေး၏။

"လာလေ သမီး. . ။ ဩော်. . သမီးသူငယ်ချင်းတွေလား"

ဒေါ်မိသင်းခိုင်က နှင်းမောင်တို့ကိုမှတ်မိသွားပြီး ခေါ်သည်။ နှင်းမောင်တို့ အိမ်ထဲဝင်လိုက်ကြ၏။

ဧည့်ခန်းက ဆက်တီမှာတော့ ဦးကျော်ဖြူ စိတ်ပျက်စွာထိုင်နေ၏။ နှင်းမောင်တို့ကိုမြင်တော့ ခတ်လိုက်ခံလိုက်ရသလို ဖြစ်သွား၏။

"ဟင်. . မင်းတို့ [illegible]ာ်မခံရဘူးလား"

ဟု ယောင်ယမ်းမေး[illegible]။

နှင်းမောင်က ခပ်တည်တည်ဖြင့်. .

"ဩော်. . အန်ကယ်. . အကိုက်မခံရပါဘူး။ ပက်စီနဲ့စပါကာလင်က သဘောကောင်းတယ်။ ဒါနဲ့ အန်ကယ့်ကို မနေ့က မုတ္တမက ဦးဝကြီး တည်းခိုခန်းမှာ မြင်မိပါတယ်။ [illegible]ည်းခိုခန်းဖွင့်ထားလို့လား"

သွားပြီ။ နှင်းမောင်က အရှိုက်ကိုထိုး၏။ ချစ်ပန်းပွင့်ကလည်း ဗိုက်ကိုဝင်ထိုးသည်။

"ဟုတ်တယ်. . ကျွန်တော်လည်းမြင်တယ်။ ဦး တည်းခိုခန်းဖွင့် ထားတယ်မှတ်လို့၊ တိုက်ပုံမီးခိုးရောင်နဲ့လေ"

ပြတ်လေပြီတည်း။ ဦးကျော်ဖြူ မျက်လုံးကြီးပြူးလျက်. .

"ငါ. . ငါ. . ဘာ. . ဘာ. . ဘာမှမသိဘူး"

ဟု လက်ဝါးကာကာ ငြင်းလေတော့၏။ ဒေါ်မိသင်းခိုင်က. .

"ဘာ ဘာမှမသိဘူးလဲ။ ကလေးတွေက မဟုတ်ဘဲ မမြင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောမလား။ ရှင်ဝတ်သွားတဲ့တိုက်ပုံအရောင်တောင် သူတို့သိသေးတာ"

ဟု ဆိုလေသော် နှင်းမောင်က . .

"ဟုတ်ပါတယ်ခင်ဗျ။ တိုက်ပုံမီးခိုးရောင်နဲ့ အန်ကယ်က သိပ်ခန့်တာပဲ။ တူပါတယ်လို့ ကြည့်နေတာ။ ဟိုမှာချိတ်ထားတဲ့ တိုက်ပုံလေးနဲ့လေ"

ဟု ဝင်ထောင်ပေး၏။ ဒေါ်မိသင်းခိုင် ပေါက်ကွဲလေပြီ။

"ကဲ . . ရှင်ဘာပြောမလဲ"

"ဘာ . . ဘာ . . ဘာမှမသိဘူး"

ဦးကျော်ဖြူကား တကယ့်ကို ညောင်နာနာဖြင့် ဖြစ်နေတော့၏။ နှင်းပွင့်ဖြူက နှင်းမောင်တို့ကို အားနာစွာကြည့်ရင်း . .

"ကဲ . . အဖေတို့အမေတို့ကိုစွ အိမ်ထဲသွားပြောကြ။ ဘာမှန်းလည်းမသိဘူး။ ဒီမှာ သူများ ဧည့်သည်တွေနဲ့ဟာကို"

ဟုပြောလေရာ နှင်းမောင်ကလက်ကာပြပြီး မှင်ဖြင့်ပြောသေး၏။

"ရပါတယ် မီးဖြူ။ သူစိမ်းတွေမှမဟုတ်တာ။ ဒီမှာ အန်တီတို့ဖို့ ပန်းသီးတွေပါတယ်။ ဟိုဟာက မုန့်ထုပ်။ အန်ကယ် . . စားလေ"

"စားဘူး"

"စားပါ အန်ကယ်ရယ်။ ဒီနေ့ တည်းခိုခန်းမသွားဘူးလား။ သွားရင် စားဖို့ယူသွားလေ"

"ယူဘူးကွာ"

"ရှင် ကလေးတွေကို ဘုတောမနေနဲ့။ ပေး . . ပေး . . သားလေးတို့ . . ပေး။ အန်တီ လက်ခံထားလိုက်မယ်။ သားတို့ ကုသိုလ်ရအောင် ဘုရားတင်ပြီးမှ စားမယ်"

ဟု ဆိုကာ ဒေါ်မိသင်းခိုင်က ကြွပ်ကြွပ်အိတ်နှစ်လုံးလုံးကို ယူလိုက်တော့သည်။ ပါးစပ်ကလည်း ပြောသေး၏။





"ကလေးတွေ သိတတ်လိုက်တာ။ ဒီလူကြီး ဘာမှမသိတတ်ဘူး။ မုန်လာဥလုပ်ဖို့ပဲသိတယ်။ ကဲ . . သားတို့ သမီးနဲ့ ခဏစကားပြောကြဦး။ အန်တီတို့ စာရင်းရှင်းလိုက်ဦးမယ်"

ဒေါ်မိသင်းခိုင်က ထသွားရာ ဦးကျော်ဖြူက ပေကပ်ထိုင်နေ၏။ ဒေါ်မိသင်းခိုင်က ဦးကျော်ဖြူ၏နားရွက်ကိုဆွဲလျက် . .

"လာ . . ဘာလုပ်နေတာလဲ။ ခုနအမှု ဆက်စစ်ရမယ်"

ဆိုပြီး ခေါ်သွားရာ ဦးကျော်ဖြူတစ်ယောက် ယက်ကန်ယက်ကန်နှင့် ပါသွားလေသတည်း။

ဦးကျော်ဖြူကိုကြည့်၍ နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့က နှင်းပွင့်ဖြူမမြင်အောင် လက်မကိုယ်စီထောင်ပြကြ၏။

သူတို့ကြံသည်ပေါ့။ တကယ်လည်း သဘောပေါ်မှာ ဦးကျော်ဖြူ၏အနားသို့ကပ်၍ လက်ဆောင်ရသည့် ကွန်ဒုံးဘူးလေးများကို တိုက်ပုံဘေးအိတ်ထဲ ထည့်ပေးလိုက်ကြသည်မဟုတ်လား။

ဖခင်၏ဖြစ်စဉ်ကို ဘာမှမသိရှာသော နှင်းပွင့်ဖြူက နှင်းမောင်အား ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းလဲ့ပြာပြာလေးဖြင့် မျက်လုံးထောင့်ကပ်စကားတွေပြော၏။

အိပ်ရာမှနိုးလာပြီဖြစ်သော ပပကလည်း ချစ်ပန်းပွင့်ကိုမြင်တော့ မြေးမဖက်ရုံတစ်မယ် ဝင်ရော၏။ ရေမြောင်းတွေ တူးပေး၏။ ပိုက်ခေါင်းတွေဖွင့်ပေး၏။

ချစ်ဖို့ကောင်းလိုက်ကြတဲ့ သမီးနှစ်ယောက်။ မွေးရကျိုးနပ်ပါပေ့။

ဘာမှမသိရှာသော ဦးကျော်ဖြူကတော့ ယခင်က သီချင်းလေးတောင် ညည်းခဲ့ဖူးသေး၏။

"ဒီလိုသမီးမျိုး တစ်ရာမကပင် မွေးလိုက်ချင်" တဲ့။

ကဲ . . မွေးလေကွယ်။



www.burmeseclassic.com

www.burmeseclassic.com





< ၅ >

နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့ ချစ်သူမျက်နှာ ဝအောင်ဖူးရမည် မှမကြာသေး။ ရန်ကုန်မှရောက်နေသည့် ကြေးနန်းကြောင့် ကမျော သောပါးပြေးရတော့၏။

ရန်ကုန်သို့ ကားလက်မှတ်သွားဖြတ်ပြီး ညကားနှင့် လိုက်ခဲ့ကြ ရတော့၏။

"အင်း. . 'ဖေဖေလည်းကွဲ၊ မေမေပြို'တဲ့။ အိမ်မှာ ဘာတွေများ ဖြစ်နေကြပါလိမ့်"

နှင်းမောင်ခမျာ ကားပေါ်မှာ စဉ်းစားအဖြေထုတ်ပါသော် လည်း အဖြေကမပေါ်။

"ဖေဖေက လဲလို့ ကွဲတာတော့ ဟုတ်ပါပြီ။ မေမေက ဘာလို့ပြို ရတာလဲ"

တွေးလေတွေးလေ အဖြေမပေါ်သဖြင့် နှင်းမောင်က ခေါင်းကို တဖြင်းဖြင်းကုတ်၏။ ဘေးမှ ချစ်ပန်းပွင့်က. .

"ဟာကွာ. . ခေါင်းသိပ်မကုတ်နဲ့။ မင်းခေါင်းကဘောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ပေါ်ကျကုန်ပြီ။ ဘာကြောင့်ပြုံပြုံကွာ. . ။ အိမ်ကျသိမှာပဲဟာကို"

ဟု ပြောလေသော် နှင်းမောင်က မကျေမနပ်ဖြင့် ထပ်ပြော၏။

"အေးလေ. . မင်းက မင်းအမေပြုံတာမဟုတ်တော့ ဘယ်ကိုယ်ချင်းစာမလဲ"

ချစ်ပန်းပွင့်က ဘာမှပြန်မပြောသဖြင့် ပွဲက ငြိမ်သွားသည်။ ပြန်ပြောနေလျှင်လည်း ပွဲကပြတ်မှာမဟုတ်။

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ငြိမ်၍လိုက်လာကြသည်။

သူတို့စီးလာသော 'တောင်ဇလပ်ပန်း'လေအိတ်ကားကြီးသည် ကောင်းမှကောင်း။ ဆိုဖာနှင့် ဇိမ်ကျ၍ အဲယားကွန်း၊ တီဗီနှင့် အပျံစား။

မုတ္တမမှ ညနေ ၆ နာရီထွက်ခဲ့ရာ ဇင်းကျိုက်ရောက်တော့ ည (၇း၃၀) နာရီခန့် ရှိတော့မည်။

"ဆရာရေ. . ဇင်းကျိုက်ကျရင် ရန်ကုန်လိုက်မယ့် စာရေးဆရာတစ်ယောက်တက်မယ်။ ခြောက်ဘီးလုံး ရပ်ပေးထား။ တော်ကြာ မထင်ရင်မထင်သလို စာထဲထည့်တီးသွားဦးမယ်။ လောကမှာ ကျွန်တော်တို့ကြောက်ရတာ စာရေးဆရာပဲရှိတယ် ဆရာရေ"

ကားစပယ်ရာက သူ့ဒရိုင်ဘာကို သတိပေးနေခြင်းဖြစ်ရာ အနားက နှင်းမောင်တို့ အကုန်ကြားနေရ၏။ နှင်းမောင်က စိတ်ဝင်စားသွားပြီး စပယ်ရာကိုလှမ်းမေး၏။

"ခုတက်မယ့် စာရေးဆရာက ဘယ်သူတဲ့လဲဗျ"

"ဂမ္ဘီရစာရေးဆရာ မောင်သွေးချွီ ဆိုလားပဲ"

"အားပါးပါး လူမဆိုထားနဲ့ ခြင်တွေ၊ ကြမ်းပိုးတွေတောင် အရမ်းကြိုက်မယ့် စာရေးဆရာပဲ"

ချစ်ပန်းပွင့်က လှောင်၏။ စပယ်ရာက ချစ်ပန်းပွင့်ကို ဘုကြည့်ကြည့်ကာ. .





"စာရေးဆရာတက်လာတော့မယ်။ ဒီခုံမှာ ထိုင်မှာ။ အပြောအဆိုဆင်ခြင်။ တော်ကြာ အရှင်လတ်လတ်က ဝိညာဉ်ဖြစ်သွားမယ်။ ဘာမှတ်လဲ"

ဟု ဟောက်လိုက်ရာ ချစ်ပန်းပွင့် ငြိမ်သွား၏။

မငြိမ်လို့လည်းမဖြစ်။ အရှင်လတ်လတ်က ဝိညာဉ်ဖြစ်ရမည်ဆိုတော့ ကြောက်စရာကြီးပဲ။ တယ်စွမ်းတဲ့စာရေးဆရာပါလားဟု တွေးမိ၍ဖြစ်၏။

သိပ်မကြာ. . ။ ကားက ဇင်းကျိုက်ရောက်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှာ ထိုးရပ်၏။ စက်ပါ ရပ်ပေးထား၏။ စပယ်ရာက ဆင်းကြို၏။

"စာရေးဆရာ တက်မယ်ခင်ဗျ"

စပယ်ရာစကားမဆုံးသေး။ စာရေးဆရာဆိုသူ တက်လာ၏။ အောက်မှ ဒေသခံစာရေးဆရာတစ်ဦးက စပယ်ရာကို သေချာဂရုစိုက်ရန် မှာကြားနေ၏။

"စာရေးဆရာများ တယ်ပါဝါကြီးပါလား"

ဟု နှင်းမောင်တွေးနေ၏။ ချစ်ပန်းပွင့်ကတော့ စာရေးဆရာကို သိပ်စိတ်ဝင်စားပုံမရ။ တစ်ယောက်တည်း. . ။ 'ပပထူမှ ထမယ်. . ထမယ်' လုပ်နေ၏။

စာရေးဆရာ၏ထိုင်ခုံကား နှင်းမောင်၏ဘယ်ဘက်ဘေးမှာဖြစ်၏။ အလယ်မှာ လူသွားလမ်းတော့ခြားသည်။

စာရေးဆရာကမူ အိတ်ကိုစင်ပေါ်တင်ပြီး သူ့ခုံမှာ ဝင်ထိုင်သည်။ အေးအေးဆေးဆေးပါပဲ။ လူပုံကလည်း မပိန်မဝ။ အရပ်တော့ပုသည်။ အသားမဖြူမညို။ ဆံပင်ရှည်နှင့်. . ။ သန့်သန့်ခန့်ခန့်တော့ ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဆိုသူထိုင်ပြီးသည်နှင့် ကားကစထွက်တော့သည်။ နှင်းမောင်သာမက ကားထဲကလူတွေပါ စာရေးဆရာကို ကွက်ကြည့်ကွက်ကြည့်။ စာရေးဆရာကတော့ ဘယ်သူ့မှမကြည့်။ ခပ်တည်တည်။

"အေးလေ. . သူဒီလိုနေမှ ဝိညာဉ်တွေက လေးစားခန့်ညားမှာပေါ့"

ဟု နှင်းမောင် မဆီမဆိုင်တွေးလိုက်သေးသည်။ နှင်းမောင်သည် စာပိုးရှိဟန်တူ၏။ စာရေးဆရာဆိုသူကို စကားမပြောရ မနေနိုင်အောင်ဖြစ်နေသဖြင့် စကားစမိတော့၏။

"ဆရာက စာရေးဆရာမောင်သွေးချိုနော်"

"ဟုတ်တယ်. . ဆီးပါချိုတယ်"

"ဟိုက်ကရော"

နှင်းမောင် ဟိုက်ခနဲဖြစ်သွား၏။ ဘယ်လိုစာရေးဆရာပါလိမ့်ဟု ကြည့်တော့လည်း ခပ်တည်တည်။ အတည်ပြောသည့်ပုံ။

"ဒါဆို ဆရာ့ပရိသတ်ထဲမှာ ပုရွက်ဆိတ်တွေလည်း ပါမှာပေါ့နော်"

ဟူသောစကားကိုတော့ နှင်းမောင်ထုတ်မပြောရဲ၍ ရင်ထဲမှာပဲထားလိုက်သည်။ စာရေးဆရာဆိုသူကတော့ ခပ်တည်တည်။ မောင်နှင်းမောင်က အရဲစွန့်၍ ထပ်မေးလိုက်သည်။

"ဆရာ ဝိညာဉ်အကြောင်းတွေ သိမ်ရေးတယ်။ ဝိညာဉ်ကိုဆရာဘယ်လိုမြင်လဲ"

"ဘယ်လိုမှမမြင်ဘူး။ တစ်ခါမှလည်း မမြင်ဖူးဘူး။ တကယ်ဆိုဝိညာဉ်အစား ဝိမမြင်လို့ ပြောင်းသင့်တယ်။ ဘယ်သူမှမမြင်ရတဲ့ဟာကိုပဲလေ"

"မှတ်သားထိုက်ပါပေတယ်ဆရာ"





နှင်းမောင်က ဖော်ရွေလုပ်သော်လည်း စာရေးဆရာက ခပ်တည်တည်လုပ်နေသဖြင့် နှင်းမောင်ရှိန်သွားသည်။ စာရေးဆရာက ဆိုဖာကို နောက်လှန်ချပြီး အပိအပြင်မှီ၍။ မျက်လုံးကို ပေးထား၏။

"ဪ. . ဆရာ ဇာတ်လမ်းတွေရေးဖို့ တွေးနေတာဖြစ်မှာပါလေ"

ဟု တွေးရင်း နှင်းမောင်ကိုယ်ရှိန်သတ်ထားလိုက်တော့၏။ မျက်လုံးကိုမှေး၍ မှိန်းနေလိုက်တော့သည်။

သိပ်မကြာ. . .

"ခလူး. . ခလော" ဟူသော ဟောက်သံကြောင့် နှင်းမောင်မျက်စိဖွင့်ကြည့်လိုက်ရာ စာရေးဆရာဟောက်နေသည်ကို မြင်ရတော့၏။

"ဟိုက်. . စာရေးဆရာ ဇာတ်လမ်းရသွားပြီထင်ပါရဲ့"

□



www.burmeseclassic.com

www.burmeseclassic.com



မုတ္တမမှ ညနေ (၆) နာရီထွက်လာသောကားသည် ဘီးလင်းသို့ ည (၉း၃၀) နာရီကျော်မှာ ရောက်၏။ ဘီးလင်းမှာ တစ်ထောက်နားပြီး ထမင်းစားသောက်ကြ၏။

ဘီးလင်းမှပြန်ထွက်သော် ည (၁၀) နာရီကျော်လေပြီ။ ဘီးလင်းမှာ နှင်းမောင်တို့ထမင်းစားတော့ စာရေးဆရာက ကော်ဖီမစ်ပလိန်း တစ်ခွက်သာသောက်သည်။ နှင်းမောင်က လောကွတ်လုပ်၏။

"ဆရာထမင်းစားပါဦးလား"

"စားခဲ့ပြီ။ စား. . ညီလေး"

"ဆရာ ဘယ်မှာစားတာလဲ"

"ဇမ်းကျိုက်တောင်ခြေက စာရေးဆရာနန္ဒီပဆီက စားလာတာ"

"ဆရာ့ကို လိုက်ပို့တဲ့သူလား"

"မဟုတ်ဘူး။ လိုက်ပို့တဲ့စာရေးဆရာက ငှက်တောင်ပ်ပုလင်း ကြိုက်ပဲ"

"ဆရာရော ပုလင်းမကြိုက်ဘူးလား"

"ဆရာက ပုလင်းမကြိုက်ဘူး။ ဆီးချိုရှိတယ်။ ထမင်းပဲကြိုက် တယ်"





စာရေးဆရာမောင်သွေးချွန်၏စကားကြောင့် နှင်းမောင်ခေါင်း လေးညိတ်မိသည်။ ဒါကြောင့် ဆီးပါချိုတယ်ပြောတာကိုးဟု သဘော ပေါက်သွား၏။

ထိုစာရေးဆရာသည် ဆီးချိုရှိ၍လားတော့မသိ။ တစ်လမ်းလုံး ချောက်ယို၊ နာနတ်ယို၊ ကတွတ်ယိုတွေ စားလိုက်၊ ရေသောက်လိုက်နှင့် ဟုတ်နေ၏။

မနက် ၃ နာရီခန့် ပဲခူးရောက်တော့လည်း 'အေးရာအေးကြောင်း' စားသောက်ဆိုင်မှာ နားကြရာ လက်ဖက်ရည်သောက်တာ တွေ့ရ၏။ ဆီးချိုရှိပေလို့။ ဆီးချိုရောဂါမရှိလို့ကတော့ သကြားများ ပုလင်းလိုက် မျိုမည်လားမသိ။

ပဲခူးမှ ကားထွက်တော့ မနက်သုံးနာရီကျော်ကျော်ပဲရှိသေး သည်။ ရန်ကုန်အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ မနက် ၄း၃၀ နာရီခန့် မှာ ရောက်လိမ့်မည်ထင်၏။

ထင်သည့်အတိုင်းပင် မနက် ၄း၄၅ နာရီတိတိမှာ အဝေးပြေး ဂိတ်သို့ဝင်ရောက်၏။ ကားပေါ်မှဆင်းလာကြသော ခရီးသည်များကို လူတစ်စုက အပေါက်ဝမှ စောင့်ကြိုခေါ်နေကြသည်။

အိတ်ပိုက်ဆင်းလာသော နှင်းမောင်ကိုလည်း အသားညိုညို လူတစ်ယောက်က. .

"လာ. . ညီလေး. . အိတ်ပေး"

ဟု ကြိုလေရာ နှင်းမောင်က ရမ်းသမ်းပြီး အိတ်ပေးလိုက်၏။ ထိုသူက "လာ. . လာ. ." ဟုခေါ်ကာ ရှေ့မှသွားရာ နှင်းမောင်လည်း လိုက်ခဲ့၏။ ချစ်ပန်းပွင့်လည်း အိပ်ချင်မူးတူးနှင့် လိုက်ခဲ့၏။

"ဟော့ကောင်ချစ်ပန်းပွင့်. . ။ အိမ်ကျမှ ပြန်အိပ်။ ဖေဖေ့ ကားနဲ့ကြိုခိုင်းလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပန်းပွင့်ကို လှမ်းသတိပေးရသေး၏။ ရှေ့မှ အိတ်ဆွဲသွားသူ ကားဆရာက ကကဆလွန်းကားလေးကို တံခါးဖွင့်၍ အိတ်ကိုပစ်တင်လိုက်၏။

"တက်. . ညီလေး. . ဘယ်သွားမှာလဲ"

"အိမ်ကိုပဲ"

"ဘယ်အိမ်လဲ"

"အဖေ့အိမ်"

"အိမ်က ဘယ်မှာလဲ"

"ဟာဗျာ. . ကိုယ်မောင်းရမယ့်အိမ်ကိုတောင် မသိဘူးလား။ အဖေကလည်း ဘယ်လိုလူလွှတ်လိုက်ပါလိမ့်"

"အံမာ. . မင်းအဖေလွှတ်လို့ လာတာမဟုတ်ဘူးကွ။ ငါ့သဘောနဲ့ငါလာတာ"

"ဒါဆို ဘာလို့ ကျွန်တော်တို့ကိုခေါ်လဲ"

"အချဉ်ဖမ်းမလို့. . အဲလေ. . သွားလိုရာပို့ပေးမလို့"

"ခင်ဗျားက ပို့ဆောင်ရေးကလား"

"ဟုတ်တယ်. . ။ ကကမောင်းတာ။ ဘယ်ပို့ရမလဲ. . ပြော"

"စောစောကပြောပါလားဗျ။ အဖေကြိုခိုင်းတယ်မှတ်လို့။ သုဝဏ္ဏသွားမှာ"

"သုံးထောင်"

"မလုပ်ပါနဲ့ဗျာ။ နှစ်ထောင်ပဲရှိတယ်။ နှစ်ထောင်ထား"

"မရဘူး. . ။ မင်းအဖေကားမဟုတ်ဘူး။ ငါ့ဦးလေးကားကွ"

"ခင်ဗျားပဲ အတင်းခေါ်လာပြီးတော့"

"ဒါ. . ကြိုတာလေ။ အိတ်ဆွဲခတောင် တောင်းရဦးမှာ"

"မလုပ်ပါနဲ့ဗျာ။ သုံးထောင်ဆိုလည်း ပေးပါတော့မယ်။ ဟော့





ကောင်ချစ်ပန်းပွင့်. . တက်. . ဟက်. . ဟက်. ."

နှင်းမောင်က နောက်လှည့်၍ ချစ်ပန်းပွင့်ကိုတက်ခိုင်းလိုက်ရာ ချစ်ပန်းပွင့်ကိုမတွေ့တော့သဖြင့် ကြောင်အအခွေးနန ဖြစ်သွားလေတော့၏။

ချစ်ပန်းပွင့်ကို လှည့်ပတ်ရှာရာ မတွေ့သဖြင့် ကားသမားကိုမေးရ၏။

"ကျွန်တော့်သူငယ်ချင်း ဘယ်မှာလဲ"

"ဟိုမှာ"

ကားသမားက ကားထဲမေးငေါ့ပြရာ နှင်းမောင်ကြည့်လိုက်တော့. .

အမလေး ချစ်ပန်းပွင့်ရယ်. . ကားထဲကဆိုဖာပေါ်မှာ ကွေးကွေးလေးအိပ်လို့။

အားကိုးရမယ့်သူငယ်ချင်း။ ကားဆရာက သုံးထောင်တောင်းတာတောင် နည်းနေသေး။

ဟွန်း. . ။

❐



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဖြစ်ရလေ အမေရယ်"

အိမ်ရောက်၍ အကြောင်းစုံသိတော့ နှင်းမောင်ရယ်တော့၏။

"ဟဲ့ . . ဒါ ရယ်စရာလား။ ရှက်စရာ"

"အဖေလဲလို့ ကွဲတာတော့ ထားပါ။ အမေပြောတာကြီးက ထဘီ မှန်းမသိတော့ ဘာလိုလိုဖြစ်နေတာပေါ့။ ဟား . . ဟား . ."

"ကောင်လေး . . တိုးတိုးပြောစမ်း။ အော်ကြီးဟစ်ကျယ်နဲ့"

ဒေါ်ဆုံကာ ရှက်သလိုပြော၏။ တကယ်လည်းရှက်နေသည်။ သားမြန်လာစေလိုသောဇောဖြင့်သာ ပြောလိုက်ရသည်။ ဘာတွေပြောမိ မှန်းပင်မသိတော့။

ဦးခင်မောင်မှာလည်း သားဇောနှင့် ချော်လဲ၊ ခြေမကွဲရသော်လည်း သားမျက်နှာမြင်တော့ နာကျင်တာတွေ ပျောက်သွားတော့၏။

"သားမျက်နှာမြင်မှပဲ အဖေနာတာတွေပျောက်ကုန်ပြီ"

"အဖေပြောမှပဲ သားက ကြီးပွားပြီး မီးဖွားတဲ့သူဖြစ်သွားတော့ တယ်"

"ဆောရီးကွာ . . ပြင်ပြောမယ်။ သားကိုမြင်မှ အဖေဘဝင်ကျ ပြီး နှလုံးအေးသွားတယ်"





"အဖေ . . နှလုံးအေးတာကြီးမထည့်ပါနဲ့လား။ သားရင်တုန်လို့"

"ဘာဆိုင်လို့လဲကွ"

"မသိဘူးအဖေရဲ့။ နှလုံးဆိုတဲ့အသံကြားတာနဲ့ ရင်ကတုန်ချော့ တာပဲ"

"သုံးလုံးဆိုရင်ကော ရလား"

"သုံးလုံးတော့ရတယ်။ သုံးလုံးဆို ထိုးတောင်ထိုးလိုက်ချင်သေး"

"မွဲချင်လို့ . . ။ အစသွားမလုပ်နဲ့နော်"

"မလုပ်ပါဘူးအဖေရယ်။ သားဝါသနာမပါဘူး။ သားရင်ထဲမှာ သိတာက စီးပွားရေးနဲ့ ကြီးပွားရေးပဲ"

"ဒါမှ အဖေ့သား။ ဒါကြောင့် အဖေက အားကိုးတာ"

"စိတ်ချအဖေ။ သား အဖေ့လိုပဲ ရန်ကုန်နဲ့မော်လမြိုင် ကုန်ကူး စီးပွားရှာရင်း ကြီးပွားစေရမယ်။ အဖေ ယုံ . ."

"ယုံတယ်"

ဦးခင်မောင် ဘာမှန်းမသိ စွတ်ယုံနေ၏။ ကုန်တော့မှာတော့ မသိရှာ။ သားသမီးယုံ စုံလုံးကန်းဆိုသည့်စကား မေ့သွားပုံရသည်။

တကယ်တော့ နှင်းမောင်သည် ဆင်ကြံ၊ ဖွတ်ကြံ ကြံနေခြင်း ဖြစ်၏။ မော်လမြိုင် စီးပွားရေးလုပ်ငန်းအကြောင်းပြကာ တစ်နှင့်တစ် ပေါင်း သုံးဖြစ်ဖို့အရေး ကြံစွေးနေခြင်းသာဖြစ်၏။

ချစ်ပန်းပွင့် . .

ချစ်ပန်းပွင့်ကလေး တစ်ကိုယ်တည်းတစ်ညလာတည်းသာ ဖြစ်၏။ သူ့အိမ်မှာ ဘယ်လိုမြွေဖမ်းနေသည်မသိသနည်း။

ကြည့်ဦး . .

"အဖေ . ."

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"အမေ. ."

"ဘာတုံး"

"သား. . ကြီးပွားဖို့ စီးပွားရေးလုပ်ချင်တယ်။ အရင်းထုတ်ပေး"

"ဘာလုပ်မှာလဲ"

"နှင်းမောင်နဲ့ မော်လမြိုင်ကုန်ကူးမယ်"

"အရင်းဘယ်လောက်လိုလဲ"

"ငါးသိန်း"

"ဂစ်. ."

"အမေ. . ဘာဖြစ်တာလဲ"

"ဟော့ကောင်. . မင်းအမေတက်သွားတာ"

ဟုတ်၏။ ချစ်ပန်းပွင့်မိခင် ဒေါ်ငွေပွင့် တက်နေသည်။ မျက်လုံးကြီးကြောင်၍ လက်များကွေးကုန်ပြီ။

"အမေ. . အမေ. ."

ချစ်ပန်းပွင့် လှုပ်၍ခေါ်၏။ လက်များကို နှိပ်ပေး၏။ ဖခင်ဦးချစ်ပန်းကလည်း လာ၍ရောက်နှိပ်နယ်ပေး၏။

မရ. .။ ဒေါ်ငွေပွင့်က စိတ်ကြီး၏။ တက်လွယ်ကျလွယ်၏။

သို့သော်. .

ယခုတော့ ကျမည့်လက္ခဏာမပေါ်။ ဦးချစ်ပန်းက မေးပွတ်စဉ်းစားရင်း သားကိုပြော၏။

"ဟော့ကောင်. . မင်း ငွေငါးသိန်းပြောတာ များသွားလို့ဖြစ်တာ။ လျှော့ပြောကြည့်စမ်း"

"ဟုတ်ကဲ့အမေ. . ဟုတ်ကဲ့. ."

ချစ်ပန်းပွင့် ပျာပျာသလဲဖြစ်နေပြီ။ မိခင်ကို လှုပ်ကြည့်ကာ ကပ်ပြော၏။





"အမေ. . ငါးသိန်းမဟုတ်ဘူး။ သားမှားလို့. .။ လေးသိန်းတည်းပါအမေ"

မရ. .။ ဒေါ်ငွေပွင့် နည်းနည်းမှမလှုပ်။

"ဟော့ကောင်. . ထပ်လျှော့လိုက်ဦး"

"ဟုတ်. . သုံးသိန်းပါအမေ"

ဒေါ်ငွေပွင့် နည်းနည်းတော့လှုပ်ချင်လာ၏။ မျက်လုံးတော့မဖွင့်။ အံကြိတ်ထားဘဲ။

"လျှော့လိုက်ဦးကွ"

"နှစ်သိန်းအမေ. . နှစ်သိန်း"

"အင်း. . ဟင်း. . ဟင်း. ."

ဒေါ်ငွေပွင့် ညည်းသံပေးသည်။ မျက်လုံးတော့ မဖွင့်သေး။

"သတိရတော့မယ်။ သားထပ်လျှော့လိုက်"

"ဟီး. . ကုန်တော့မယ်ဗျ။ တစ်သိန်းအမေ. . တစ်သိန်းတည်းပါ"

"ဟင်း. . ဟင်း. . ရေပေးပါ"

ဒေါ်ငွေပွင့် ရေတောင်းသဖြင့် ဦးချစ်ပန်းပြေးခပ်သည်။ ရေတိုက်သည်။

"ပွင့်. . သတိရပြီလား"

"အင်း. . မူးနေသေးတယ်"

"သားရေ. . မင်းအမေ မူးနေသေးသတဲ့။ ထပ်လျှော့လိုက်ပါဦး"

"ဗျာ. . ဒီတစ်ခါလျှော့ရင် ကုန်ပြီပေါ့။ ကြည့်လုပ်ပါဦး"

"ကိုယ့်အမေကျန်းမာရေးပဲသားရယ်။ လျှော့လိုက်ပါ"

"တော်ပြီဗျာ။ ငါးသောင်းပဲလျှော့တော့မယ်။ အမေရေ. . ငါးသောင်းဗျ. . ငါးသောင်း။ သားလိုတာ ငါးသောင်းတည်း။ ကဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပြီလား"

"ကျေနပ်ပါပြီသားရယ်။ အမေ့ကို အခုလိုငဲ့ညှာတဲ့အတွက် ငါ့သားလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကြီးပွားတိုးတက်ပါစေ"


ဒေါ်ငွေပွင့်က ချက်ချင်းသက်သာသွားပြီး သားကို ဆုတွေပေးနေ၏။ ချစ်ပန်းပွင့်ခများမှာတော့ အီးမှန်သည့်မျက်နှာနှင့်။

ချစ်ပန်းပွင့်က ကြိတ်မနိုင်ခဲမရပုံစံဖြင့် မကျေ မချမ်းပြောလိုက်သည်ကား . .

"အမေနဲ့အမေ သားမသိအောင် ဘယ်တုန်းကများ ကြိတ်ပြီး ဇာတ်တိုက်ထားကြတာလဲဟင်" . . တဲ့။

ချစ်ပန်းပွင့်ခများ မြွေဖမ်းတာ မမိဘဲ မြွေပေါက်ခံလိုက်ရချေပြီတကား။








www.burmeseclassic.com

www.burmeseclassic.com

"ပေါင်ကိစ္စ မပြတ်သေးဘူးလေကွယ်။ ညှိနှိုင်းကြ၊ ဆွေးနွေးကြဆဲပဲလေကွယ်"

"အမြန်ပြတ်တော့။ ရှင်ပေါင်သွားတာ ကျုပ်မကြိုက်လှဘူး"

"အိုကွယ်..ငါက ပေါင်သားပဲဥစ္စာ။ မင်းက မုတ္တမသူ။ အတူတူပဲဟာလေကွယ်"

## ၆

"ဒါက ဘယ်လဲ"

"ပေါင်သွားမယ်လေကွယ်"

"ရှင်နော်. . ပေါင်ဆိုပြီး ဦးဝကြီးတည်းခိုခန်းသွားမနေနဲ့"

"ကြံကြံဖန်ဖန်ကွာ. . ကလေးတွေကြားရင် အဟုတ်မှတ်နေပါဦးမယ်ကွယ်"

"မသိနိုင်ဘူး။ တော်ကြီး အသက်ကြီးမှကဲချင်နေတယ်. . ဟွန်း"

"ငါကဲတာ မင်းတစ်ယောက်တည်းပါကွယ်။ ရှူး. . ကလေးတွေကြားကုန်မယ်။ ရှက်စရာ. .။ သူတို့က အဖေကို ဘုရားလူကြီးဆိုပြီး အထင်ကြီးနေကြတာ"

"ရှင့်ပေါင်ကကိစ္စ မပြီးသေးဘူးလား"

"ပေါင်ကိစ္စ မပြတ်သေးဘူးလေကွယ်။ ညှိနှိုင်းကြ၊ ဆွေးနွေးကြဆဲပဲလေကွယ်"

"အမြန်ပြတ်တော့။ ရှင်ပေါင်သွားတာ ကျုပ်မကြိုက်လှဘူး"

"အိုကွယ်. . ငါက ပေါင်သားပဲဥစ္စာ။ မင်းက မုတ္တမသူ။ အတူတူပဲဟာလေကွယ်"

"မဆိုင်တာတွေ ပြောမနေနဲ့။ သွားစရာရှိသွား။ စောစောပြန်လာ။ ပြန်လာရင် စစ်ဆေးခံရမယ်။ လိုအပ်ရင် သားရေကွင်းနဲ့ပစ်မယ်။ ပေတံနဲ့ခေါက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း. . ကြောက်သလေကွယ်။ ဒီလိုတော့မလုပ်ပါနဲ့။ ပေါင်သားလေးကို သနားကွယ်"

"မသနားဘူး။ ပေါင်သားလည်း မသနားဘူး။ ခြေသလုံးသားလည်း မသနားဘူး။ ဖြတ်သင့်ဖြတ်ပစ်ရမှာပဲ"

"အယ်. . ဖြတ်ဓတော့မဖြတ်နဲ့လေကွယ်။ သားရေကွင်းနဲ့ပစ်ပစ်၊ ပေတံနဲ့ခေါက်ခေါက်။ မင်းကြိုက်သလိုလုပ်ပါတော့လေကွယ်"

ဦးကျော်ဖြူကား ဒေါ်မိသင်းခိုင်ကို အတော်လေးကြောက်နေလေပြီ။ မိန်းမအား ဆလံအထပ်ထပ်ပေးပြီးမှ အိမ်ပေါ်မှဆင်းသွား၏။

"ရွှတ်"

အယ်. . မွှေးမွှေးတောင်ပေးသွားသေး။

"ကိုဖြူ. . စောစောပြန်လာနော်"

ဟော. . ချက်ချင်း ကိုဖြူဖြစ်သွားပြီ။ ဒါတောင် တစ်မွှေးတည်းရှိသေးသည်။ နှစ်မွှေးသာပေးလိုက်လျှင်တော့ "ကိုဖြူ. . ခိုင်လည်းလိုက်မယ်နော်" ဖြစ်သွားလေမလားမသိ။ မိန်းမများပြောပါတယ်။

"ဒီလိုကျတော့လည်း ကိုဖြူက ချစ်ဖို့ကောင်းသားပဲ။ ပေါင်သားလေးမို့ ကြိုက်ပါသည်။ ဟဲ့. . ပလုတ်တုတ်"

ဒေါ်မိသင်းခိုင် တိုးတိုးဖွဖွလေးရွှနေတုန်း. . အဲလေ. . ပြောနေတုန်း နောက်မှ သမီးငယ်ပပက ခါးတို့လိုက်သဖြင့် ယောင်အော်မိ၏။

"မိုပြီ. . ။ ကြက်ကြော်ပေါင်သားပျောက်ပါတယ်မှတ်တယ်။ အမေဖွဲ့လိုက်တာကိုး. . ။ အမေက ပေါင်သားကြိုက်တယ်နော်"

"အင်း. . အယ်. . မအင်း. . "

"မရှက်ပါနဲ့အမေ။ ကြိုက်ပါ. . ။ ကိုယ်ကြိုက်ချင်ရာ ကြိုက်ပိုင်ခွင့်ရှိပါတယ်။ ဟုတ်တယ်ဟုတ်"

"ဟုတ်. . ဟုတ်. . "





ဒေါ်မိသင်းခိုင် ယောင်ပြီးဟုတ်လိုက်မိသည်။ ပပက ငါးရံ့ပြာလူးပြုံး ပြုံးလိုက်ကာ မြွေဖမ်းလိုက်၏။

"ဒါဆို သမီးတို့လည်း ကြိုက်ချင်ရာကြိုက်မယ်နော်"

"ကြိုက်. . အဲ. . မကြိုက်. . ဟာ. . ကြိုက်. . ရှုပ်ကုန်ပြီ"

"အမေ့စကားက ကြိုက်. . မကြိုက်. . ကြိုက်ဆိုတော့ ဘာယူရမှာလဲ"

"ကြိုက်တာယူအေ"

"ဒါဆို ရန်ကုန်သားပဲယူတော့မယ်"

"သမီး. . ပျော့လေပြီလေ၊ မန်းလေပန်းလေပါလား။ ချစ်သူရှိရင် ကွယ်ဝှက်မထားနဲ့။ ပွင့်ပွင့်လင်းလင်းပြော"

"ရှိပါတယ်အမေ"

"ဘယ်ကလဲ. . ။ ဘယ်သူတုံး"

"ရန်ကုန်ကလေ. . ။ ချစ်ဖန်းပွင့်တဲ့"

"ဟိုတစ်ခါလာတဲ့ ကောင်လေးတွေလား"

"ဟုတ်. . "

"မဆိုးပါဘူး။ ပန်းသီးလေးက ချိုသား။ မုန့်ကလည်း အကောင်းစားတော့"

နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့ပေးခဲ့ဖူးသည့် ပန်းသီးနှင့်မုန့်များကြောင့် ဒေါ်မိသင်းခိုင်အားနာသွားပုံရသည်။ ကြော်. . ကလေးတွေသွင်းတဲ့အမစီးက ဝင်သွားပြီကိုး။

"ကောင်လေးတွေကြည့်ရတာ သမီးတို့အဖေကို အစာကျွေးပုံတော့ မပေါ်ဘူးနော်"

"ဒါတော့ ဖေဖေက သူတို့ကို ခွေးကိုက်ခံရမှအောင်လုပ်တာကိုး"

"အင်း. . ညည်းအဖေ ပေါင်ကာကီစွလည်း ဒီကောင်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ချောက်တွန်းသလားပဲ။ တကယ်တော့ ညည်းအဖေက လူကောင်းပါ"

"သမီးသိပါတယ် အမေရယ်။ ကိုယ်ပျက်နေတဲ့ လူပျက်ဆို အမေယူ့ပါ့မလား"

"သမီးအဖေဟာ တကယ့်လူတော်ပါ။ အမေ့အပေါ်လည်း ချစ်ရှာပါတယ်"

ဒေါ်မိသင်းခိုင်က ဦးကျော်ဖြူရွတ်သွားသည့်ပါးလေးကိုစမ်းရင်း တလွမ်းတတပြောရှာသည်။

ထိုစဉ် အကြီးမမီးဖြူဝင်လာပြီး မိခင်ကို ခွင့်တောင်း၏။

"အမေ. . သမီးတို့ ရန်ကုန်ကို ဖုန်းသွားဆက်မလို့"

"ဘယ်သူ့ဆီလဲ"

"ဒေါ်လေးဆီပေါ့"

"အေး. . အေး. . သွားဆက်လေ။ မြန်မြန်လည်းပြန်ခဲ့ကြဦး။ သမီးတို့ဖေဖေလည်း ပေါင်သွားပြီ"

"ဟင်. . ဖေဖေက ဘာတွေပေါင်သွားတာလဲ။ ဘယ်သူ့ဆီ ပေါင်တာလဲ။ အန်တီမှာ့ဆီမှာလား"

"ဟဲ့. . ပစ္စည်းပေါင်တာမဟုတ်ဘူး။ လူပေါင်တာ။ အဲလေ. . ပေါင်ကိုသွားတာ။ ဘာမှန်းလဲမသိ။ မျက်စိကိုလည်သွားတာပဲ"

သားအမိသုံးယောက်ရယ်လိုက်ကြသည်။

ထိုစဉ် အိမ်ထဲသို့ ကိုပိန်ရှည်ဝင်ရောက်လာ၏။ ကိုပိန်ရှည်က လာနေကျမို့ ခြံစောင့်ဦးတိကျက တံခါးလွယ်လွယ်ဖွင့်ပေးထားခြင်းဖြစ်၏။

ကိုပိန်ရှည်ကလည်း ဦးတိကျအတွက် လက်ဖက်ရည်လေးဝယ်လာလိုက်၊ ကော်ဖီမစ်ထုပ်ပေးလိုက်နှင့် လာဘ်ပေးလာဘ်ယူလုပ်ထားသည်မဟုတ်လား။

"ဟော. . မောင်ပိန်ရှည်လာတယ်။ အတော်ပဲ. . အားလား"





"အားတယ်အန်တီ၊ ဘာလုပ်ပေးရမလဲ။ တစ်နေကုန်လုပ်ပေးမယ်"

"ကျေးဇူးပဲကွယ်။ မီးလိုင်းတစ်လိုင်းသွယ်ချင်လို့"

"ရတယ်. . ရတယ်။ ပီးနဲ့ပတ်သက်ရင် အကုန်ရတယ်။ ပီးနီသွယ်မလား။ မီးဝါသွယ်မလား။ မီးဖြူသွယ်မလား။ ရတယ်"

"မီးဖြူတော့ သွယ်လို့မရဘူး။ အပြင်သွားမလို့။ မီးနီ၊ မီဝါတင်မက မီးဖိုပါပြင်ပေးခဲ့ဦး။ ကျွိုင်ပြတ်နေတယ်"

"မှားပါတယ်"

ပိန်ရှည်က ညည်းသည်။ ဒေါ်မိသင်းခိုင်က အားပေးသည်။

"မမှားပါဘူးကွယ်။ မင်းလာတာ အမှန်ပဲ။ မီးသွယ်ပြီး မီးဖိုပါပြင်ပေးသွားနော်။ ထမင်းကျွေးမယ်"

"စားဘူး"

"ကော်ဖီတိုက်မယ်"

"သောက်ဘူး"

"ဒါဆိုလည်း သောက်ရေသောက်ပြီးသာ လုပ်တော့ဟော့။ တကတည်း. . "

ဒေါ်မိသင်းခိုင် တင်းသွားပြီး ဖိဟောက်တော့၏။ ပိန်ရှည်ခမျာ ဒီလိုဆိုတော့လည်း ဘာမှပြန်မပြောဝံ့။ သူရည်မှန်းထားသော ယောက္ခမလောင်းကြီးကို ကလန်ကဆန်မလုပ်ရဲ။

"ကဲ. . တာ့တာ. . သွားပြီ။ မီးဖိုပါပြင်ထားနော်။ မုန့်ဝယ်ခဲ့မယ်"

"ဝယ်နော်"

"ဝယ်မှာပဲ. . အမေ့ဖို့ဝယ်မှာ"

ကိုပိန်ရှည် မဲ့ရွဲ့ကာ မျက်နှာငယ်လေးနှင့် ကျန်ခဲ့ရှာပြီ။

လွမ်းစရာပါပဲလေ။

❐



www.burmeseclassic.com

www.burmeseclassic.com







| မော်လမြိုင်မြို့ (နှင်းပွင့်ဖြူ) | ရန်ကုန်မြို့ (နှင်းမောင်) |
|---|---|
| "ဟဲလို..ကိုမောင်လား" | "မီးဖြူလား..ပြောလေ" |
| "နေကောင်းလား" | "အင်း.." |
| "သတိရလား" | "အင်း.." |
| "အင်းထက်ပိုမပြောတတ်ဘူးလား" | "အဲ.." |
| "ကိုမောင်နော်..နောက်မနေနဲ့။ ဖုန်းကျသွားလို့ ဘာမှမပြောရတဲ့ဖြစ်သွားမယ်" | "ကျရင် ပြန်ကောက်ဆက်လေကွယ်။ မေမေရော..နေကောင်းလား" |
| "ဟွန်း..သိပ် အသားယူမနေနဲ့။ ကိုမောင်ကို ဘယ်သူက အဖြေပေးသေးလို့လဲ" | "အဖြေလည်းပေး..အဖေလည်း ပေးလေ။ မီးဖြူဖေဖေကို ဖေဖေလို့ခေါ်ချင်ပြီ" |
| "ကိုမောင် မပိုနဲ့နော်။ အနားမှာ ကိုချစ်ပန်းပွင့်ရှိလား" | "ရှိတယ်" |
| "ရှိရင် ဖုန်းခဏပေးလိုက်။ ညီမလေးက ပြောမလို့တဲ့" | "အင်း.." |





ရန်ကုန်မြို့တွင် နှင်းမောင်က ချစ်ပန်းပွင့်အား ဖုန်းလှမ်းပေး၏။ မော်လမြိုင်မှာလည်း နှင်းပွင့်ဖြူက သူ့ညီမ ပပလက်သို့ ဖုန်းထည့်ပေးပြီးပြီ..။

| မော်လမြိုင်မြို့ (ပပ) | ရန်ကုန်မြို့ (ချစ်ပန်းပွင့်) |
|---|---|
| "ကိုပန်းလား" | "မောနေတယ်" |
| "ဒါပဲနော်" | "ဟောဗျ..ဘာမှလည်း မပြောရသေး" |
| "ဖုန်းဖိုးတွေသိပ်ကျနေမှာစိုးလို့။ ဒါပဲနော်" | "ပပရယ်..ငွေမျက်နှာကြည့်မှာလား၊ အချစ်မျက်နှာ ကြည့်မှာလား" |
| "ငွေမျက်နှာဘက် ကြည့်ရမှာပဲ။ ကျသင့်ဘေလ်ကို မမနဲ့ တစ်ဝက်စီခံရမှာ။ ဒါပဲနော်" | "ပပပြောချင်တာ ဒါပဲလား" |
| "ဟုတ်..ဒါပဲနော်" | "ဒါပဲဗျာ..ဒါပဲ။ တကတည်း မချစ်တီးနဲ့ လာတွေ့နေတယ်" |
| "ဘာပြောတာလဲ။ ဒါပဲနော်။ ဖုန်းချလိုက်ပြီ..ဂျောက်" | "နေဦး..နေဦး..ဟဲလို..ဟဲလို..တောက်..ဖုန်းချသွားပြီ" |
| "တီ..တီ..တီ..တီ" | "တီတီတွေ ပြီပြီတွေ လုပ်မနေနဲ့တော့။ ဂျောက်" |

ချစ်ပန်းပွင့်ခမျာ ဘာမှမတတ်နိုင်တော့ဘဲ ဖုန်းချလိုက်ရတော့၏။

'ဟော့ကောင်..ဘာလို့ဖုန်းချလိုက်တာလဲ။ မီးဖြူနဲ့ ငါပြောဦးမလို့ဟာ"

"မင်းဘာသိလို့လဲ။ ချစ်တီးမတွေ့ကွ။ ဖုန်းဖိုးသိပ်ကျမှာစိုးလို့ဆိုပြီး ချသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ငါ့ကိစ္စလည်း မပြတ်။ ဘာမှ အဖြေမရသေးဘူး။ မင်းကိစ္စကော ဘာတဲ့လဲ"

"ဒါပဲနော်လို့တော့ အခါခါပြောတာပဲ"

"ဒါပဲနော်ထဲမှာ အဖြေပါမယ်ကွ။ စဉ်းစားစမ်း"

"ဒါပဲနော်က ဘယ်လိုအဖြေဖြစ်ရမှာလဲကွာ"

"မင်း သေချာစဉ်းစား။ ဒါပဲနော်ဆိုတာ ချက်ချင်းအဖြေမပေးသေးဘူး။ ပဲများဦးမယ်ဆိုတဲ့သဘော မဖြစ်နိုင်ဘူးလား"

"အေး. . မင်းပြောတာဖြစ်နိုင်တယ်။ တောက်. . ပပတို့ ဘာတွေပဲများဦးမလဲမသိဘူး"

ချစ်ပန်းပွင့် ညည်းမည်ဆိုလည်း ညည်းထိုက်၏။ ပပတို့က ဖုန်းဆက်မည်မှာထား၍ သွားစောင့်နားသာထောင်ရသည်။ ဘာမှ ရေရေရာရာမပြောလိုက်ရ။ အဖြေလည်း မရကြ။ ဘာဆက်လုပ်ရမှန်းလည်းမသိ။ ဖုန်းပြန်ဆက်ရင် ကောင်းမလား။

မဖြစ်သေး။ သူတို့ပေးထားသည့်ဖုန်းက သူတို့အချိန်းအချက်လုပ်ထားပြီးမှ ဆက်ရမည့်ဖုန်း။ ယခု ဘာမှပြောမသွား။ ဘယ်တော့ထပ်ဆက်မည်ဆိုတာလည်း ဒိတ်မသွား။

တကယ့်ကို ဟတ်ကော့ကြီး။

(မှတ်ချက်။ ။ ဖော်ပြပါတိုက်ရိုက်ပြောဖုန်းဆက်သွယ်ရေးစနစ်သည် ကျွန်ုပ်၏မူပိုင်ဖြစ်ပါသည်။ အသုံးပြုလိုက ခွင့်ပြုချက်ရယူပါရန်။ စာရေးသူ)

□





"ပပ ဘာလို့ဖုန်းချပစ်ရတာလဲ"

"ဖုန်းခ သိပ်ကျနေမှာစိုးလို့"

"ဟယ်. . ငါနဲ့ကိုမောင် စကားမပြတ်သေးဘူးဟဲ့။ ညီမလေးကို ကြော်ငြာဝင်သလို ဖြတ်ဝင်ပေးလိုက်တာကို ဖုန်းချပစ်ရသလား"

"ပြန်ခေါ်လိုက်လေ"

"ခေါ်ဘူး. . ထပ်ပေးနေရဦးမယ်။ အခုတောင် သုံးရာကျော်ကျတယ်။ ပေး. . တစ်ဝက်"

"မပေးဘူး။ တစ်ရာပဲပေးမယ်။ ညီမက နည်းနည်းပဲပြောတာ"

ညီမနှစ်ယောက် ဖုန်းခခွဲတာမ်းမတည့်ဖြစ်နေကြ၏။ ဖုန်းဆက်ပြီး အိမ်ပြန်တော့လည်း ဘတ်စ်ကားခကို သူပေးငါပေးနှင့် လုပ်နေကြသေးသည်။ တကယ့်ကို ကလေးများပါပဲ။

တကယ်တော့ သူတို့မငယ်ကြတော့ပါ။ နှင်းပွင့်ဖြူက နှစ်ဆယ့်နှစ်နှစ်ရှိနေပြီ။ ပပက အသက်နှစ်ဆယ်။ နှစ်ယောက်လုံး ဘွဲ့ရပြီးကြပြီ။

စီးပွားရေးလုပ်ငန်းကို ငယ်စဉ်ကပင် ကူညီလုပ်ကိုင်ပေးခဲ့ကြရသဖြင့် ကျွမ်းကျင်သည်။ သူတို့က ချည်ထည်များ၊ သိုးမွေးများ ရောင်းဝယ်ရေးလုပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်ဈေးကြီးမှာ ဆိုင်ဖွင့်ထားသည်။ ရန်ကုန်ရှိ အဒေါ်တစ်ယောက်၏အကူအညီဖြင့် ရန်ကုန်-မော်လမြိုင် ကုန်ကူးသည်။

ဒါကြောင့် နှင်းပွင့်ဖြူတို့ညီအစ်မ ရန်ကုန်ခဏခဏရောက်၏။

သည်တစ်ခေါက်အပြန်မှာ နှင်းမောင်တို့နှင့်ဆုံရခြင်းပင်။

ရှေးရေစက်ကြောင့်လား၊ နောက်ရေပိုက်ကြောင့်လားတော့မသိ။

နှင်းပွင့်ဖြူတစ်ယောက် နှင်းမောင်ကိုမြင်မြင်ချင်း ဘာလိုလိုညာလိုလိုကြီးဖြစ်ရသည်။ နှင်းအုပ်စုဝင်ချင်းမို့လားတော့မသိ။

ပပကတော့ ချစ်ပန်းပွင့်ကိုမြင်ပြီး နောက်သုံးနာရီကြာခန့်မှ ဘာလိုလို ခင်မိသည်။

သို့နှင့် အေးရှာအေးကြောင်းတွေ ဖြစ်ခဲ့ကြရတော့သည်။

သို့တစေ. .

သူတို့ညီအစ်မမှာ ပူရာပူကြောင်းကိစ္စတစ်ရပ်က ရှိနေ၏။ ကိုပိန်ရှည်ကိစ္စပါတည်း။

ကိုပိန်ရှည်ကား အမဲရိုးနှင့် ဟင်းအိုးမှအားမနာဆိုသလို နှင်းပွင့်ဖြူကို ချိန်နေသည်။ ဘယ်နှမိသာရှိလဲတော့ မသိရ။

ယခုလည်း နှင်းပွင့်ဖြူတို့ပြန်မလာမချင်း ပေကပ်စောင့်နေ၏။ ဒေါ်မိသင်းခိုင်ကလည်း ဘာမှမကျွေး။ ရေသန့်တစ်ဘူးချပေးထား၏။

"ဂလု. . ဂလု. . ဂလု"

ကိုပိန်ရှည်ရေသောက်သံနှင့်အတူ ဂလုသံများက ရောနှောနေပြီ။ ရေသန့်တစ်ဘူးကုန်မှပင် နှင်းပွင့်ဖြူတို့ညီအစ်မ ပြန်ရောက်လာကြ၏။

"ဟယ်. . မပြန်သေးဘူးလား"

"ဟင့်အင်း. . နှင်းကို စောင့်နေတာ"

"ဒါဆို မနက်ဖြန်စောစောမှ လာလေ"





"မနောက်ပါနဲ့ နှင်းရယ်"

"မနောက်ပါဘူး ရှည်ရယ်"

နှင်းပွင့်ဖြူက နောက်သလိုပြောင်သလိုလုပ်နေသဖြင့် ကိုပိန်ရှည် စိတ်ပါပိန်ရှည်ဖြစ်နေ၏။ ပပကလည်း ဝယ်လာသည့်မုန့်ကိုပြပြီး အိမ်ထဲဝင်သွားသည်။

ကိုပိန်ရှည်ကိုတော့ သူတို့က အချဉ်ဟုပဲ သဘောထားသည်။

အမြဲ သည်လိုဆက်ဆံနေခဲ့သည်သာ။ ကိုပိန်ရှည်ကား အမှတ်သည်းခြေရှိပုံမရ။ အရှက်ကြောလည်း ပြတ်နေပုံရသည်။

ထိုနေ့က ဦးကျော်ဖြူပြန်လာသည်အထိ ကိုပိန်ရှည်မပြန်သေး။ ဦးကျော်ဖြူက ရောက်ရောက်ချင်း ကိုပိန်ရှည်ကိုမြင်သဖြင့် မေးသည်။

"မောင်ပိန်ရှည်. . ရောက်တာကြာပြီလားကွယ်"

"ကြာပါပြီခင်ဗျ"

"ဒါဆို ပြန်တော့လေကွယ်"

"ထမင်းစားပြီးမှ ပြန်တော့မယ်ခင်ဗျ"

"တယ်ငတ်သကွယ်"

ဦးကျော်ဖြူပြောလည်း ပြောချင်စရာ။ တကယ်ကို ညနေစာထမင်းဝဝစားပြီးမှ ပြန်သွား၏။

ကဲ. . မခက်လား။

❒



www.burmeseclassic.com

www.burmeseclassic.com






## < ၇ >

နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့ မော်လမြိုင်မြေသို့ခြေချမိပြန်လေပြီ။

ဒုတိယမြောက် သည်အခေါက်မှာတော့ သူတို့နှစ်ယောက် အကြီးအကျယ်စီမံကိန်းဆွဲလာခဲ့ကြ၏။

သူတို့၏စီမံကိန်းက ကြီးပွားရေးစီမံကိန်း။

နှင်းမောင်က ကြီးပွားအောင်စွမ်းဆောင်မည်ဆိုသဖြင့် ဖခင် ဦးခင်မောင်က သေချာစီစဉ်ပေးလိုက်သည်။ လိုလေသေးမရှိစေရ။

ခရီးထွက်ကာနီး နှင်းမောင်က မိဘနှစ်ပါးကိုထိုင်ကန်တော့ကာ ဤသို့မှာခဲ့၏။

"အဖေလည်း မလဲစေနဲ့၊ မကွဲစေနဲ့။ အမေကလည်း မပြိုစေနဲ့။ သားနောက်ဆံမတင်းချင်ဘူး"

ချစ်ပန်းပွင့်ကလည်း မိဘနှစ်ပါးကို ဤသို့မှာခဲ့သည်။

"အမေ ငါးသောင်းပေးလိုက်ရလို့ ဂစ်မနေနဲ့။ သား ကြီးပွားအောင် လုပ်လာမှာ။ သားက တစ်နဲ့တစ်ပေါင်းရင် သုံးဖြစ်လာအောင် ကြိုးစားမှာ။ စိတ်ချနေနော်"

"ငါ့သားလေးက သိပ်သိတတ်တာပဲ။ ကြီးပွားပါစေတော်. . ကြိုး



www.burmeseclassic.com

www.burmeseclassic.com



မွှားပါစေ"

ဒေါ်ဆုံက ဘုမသိ ဘမသိ ဆုပေး၏။ မြွေပေါက်ခံရတော့မှာ သူမသိ။ သနားပါဘိ။

ဤသို့ ဤနှယ် မိဘများကိုဖောလျှောလုပ်ပြီးနောက် နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့ မော်လမြိုင်သို့ သုတ်ခြေတင်ကြတော့သည်။

သူတို့နှစ်ဦးလုံး ဦးလှညွန့်အိမ်မှာပဲ တည်းကြသည်။ သူတို့နှစ်ယောက် ရောက်သည်နှင့် ဦးလှညွန့်က တိုးတိုးလေးကပ်ပြောသည်။

"တစ်နဲ့တစ်တော့ ပေါင်းထားတာပဲလေကွယ်။ သုံးဖြစ်မဖြစ်တော့ စောင့်ကြည့်ရဦးမယ်လေကွယ်. . ဟေး. . ဟေး"

"ဘာမှမပူနဲ့။ ဖြစ်သွားမှာ"

သူတို့ တိုးတိုးတိုးတိုးပြောနေကြတာကို ဒေါ်မိလှဲဝင်းမြင်တော့ မလုံမလဲဖြစ်နေသည်။ အနားသို့ပင် မလာတော့။

နှင်းမောင်တို့ကလည်း မော်လမြိုင်မြေခြေချမိသည်နှင့် ဦးကျော်ဖြူ၏အိမ်သို့ ပြေးတော့သည်။ လက်ချည်းမသွား။ ခြေထောက်နှင့်သွားသည်။ ရန်ကုန်ကဝယ်လာသည့် မုန့်များ၏မျက်နှာကြောင့် ဒေါ်မိသင်း ခိုင်ပျော်နေ၏။ အထူးဖော်ရွေနေ၏။

"သားတို့ ထမင်းစားသွားကြလေ။ သမီးတို့တော့ ဆိုင်သွားကြတယ်။ ထမင်းစားချိန် ပြန်လာမှာပါ။ သူတို့အဖေလည်း ဆိုင်သွားတာ။ အတူပြန်လာကြလိမ့်မယ်ထင်တယ်"

"ဟုတ်ကဲ့. . ကျွန်တော်တို့ စောင့်စားပါမယ်ခင်ဗျ"

ဘာကိုစောင့်စားမည်လဲမသိ။ ထမင်းလား၊ လူလား. .။ နှစ်ခုလုံးဖြစ်ဖို့ များနေသည်။ နှင်းမောင်တို့က စကားအပြောအဆို ဤသို့ကျွမ်းသည်။ ညက်သည်။ ဒေါ်မိသင်းခိုင်ခမျာတော့ မုန့်ဈေးသိမ်းရင်း ထမင်းတစ်အိုး ထပ်တည်ခိုင်းလိုက်ရတော့သည်။ ကဲ. . မခက်လား။





"ခက်တယ်. . သမီးတို့ကြောင့် ခက်တယ်။ သမီးနှစ်ကောင် နွားနှစ်ထောင်လေကွယ်. .။ အခု နွားသိုးနှစ်ကောင်ပါ အဆစ်ထိန်းရဦးမလေကွယ်"

ဦးကျော်ဖြူက အခန်းထဲမှ ခပ်အုပ်အုပ်ပြောသည်မှန်သော်လည်း အပြင်က နှင်းမောင်တို့ အတိုင်းသားကြားနေရသည်။ အမှန်တော့ ကြားအောင်လည်း တမင်ပြောနေခြင်းဖြစ်လိမ့်မည်။ ဦးကျော်ဖြူက နှင်းမောင်တို့နှစ်ယောက်ကို နဂိုကတည်းကမကြည်ဖြူဘူးမဟုတ်လား"

နှင်းမောင်နှင့်ချစ်ပန်းပွင့်မှာလည်း ဂုတ်တုတ်ထိုင်ရင်း လူစင်စစ်မှ နွားသိုးဖြစ်နေကြရလေပြီ။

"တို့တော့ လူစင်စစ်ကဘွတ်အဲဖြစ်နေကြရပြီ။ ယောက္ခမလောင်းကြီး တို့ကိုနှိပ်ကွပ်နေတယ်ကွ။ တို့တယ်လိုတုံ့ပြန်ကြမလဲ"

နှင်းမောင်က တိုးတိုးပြော၏။ ချစ်ပန်းပွင့်က မှင်ကြီးဖြစ်စ္စပြော၏။

"ဖြစ်ပါတယ်။ ပေကြမယ်. .။ မင်း အသာကြည့်နေ"

ချစ်ပန်းပွင့် ပြော၍မှမဆုံးသေး။ ဦးကျော်ဖြူအိမ်ရှေ့ထွက်လာ၏။ နောက်က နှင်းပွင့်ဖြူနှင့်ပပတို့လည်း ယို့ယို့ထေးပါလာကြသည်။

သူတို့သားအဖသုံးယောက်လုံးက အိမ်ပေါ်တက်လာပြီးကတည်းက နှင်းမောင်တို့ကိုမြင်တော့ အသိအမှတ်ပြုရုံ ပြုံးပြပြီး အိပ်ခန်းထဲဝင်သွားကြပြီး ယခုမှပြန်ထွက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် နှင်းပွင့်ဖြူရော၊ ပပကပါ အဘိုးကြီးမသိအောင် လက်ပြသွားကြသေးသည်။ ဦးကျော်ဖြူသာ မရှိလို့ကတော့ တစ်ခါတည်း အိမ်ပေါ် ခေါ် တင်ထားကြမည်လားမသိ။

ဦးကျော်ဖြူက ထိပ်ဆုံးဆက်တီမှာထိုင်၍ နှင်းပွင့်ဖြူတို့က နှင်းမောင်တို့ရှေ့ဆက်တီမှာ ထိုင်ရသည်။ ကောင်မလေးတွေ ခေါင်းလေးတွေငုံ့လို့၊ ကျောက်ချဉ်ယောင်၊ ဗုဒ္ဓာယောင် ဆောင်နေကြခြင်း။

ဦးကျော်ဖြူက နှင်းမောင်ကိုစေ့စေ့ကြည့်၍မေး၏။

"မင်းနာမည် ပြောလေကွယ်"

"နှင်းမောင်လေကွယ်. . ဘွာ. . တွာ. . ယောင်လို့၊ ကျွန်တော်က ယောင်တတ်တယ်ဗျ။ မောင်နှင်းမောင်ပါခင်ဗျား"

"နှင်းမောင်. . နှင်းမောင်"

"ဗျာ. . ဗျာ. ."

"မင်းကို မခေါ်လေကွယ်"

"ဒါဆို ဘာလုပ်. ."

"ရေရွတ်ကြည့်တာလေကွယ်. .။ နှင်းမောင်. . ပုလင်းထောင်လေကွယ်။ မကောင်းဘူးကွဲ့"

နှင်းမောင် ရှုံ့မဲ့သွား၏။ ဦးကျော်ဖြူက သူ့ကို ဘလိုင်းကြီးနှိပ်ကွပ်နေပြီတည်း။

"ဟိုကောင်ကရောကွယ်"

ချစ်ပန်းပွင့်ကိုကြည့်၍ ပြောခြင်းပါ။ ချစ်ပန်းပွင့်က နောက်လှည့်ကြည့်ပြီး ဘာမှမသိသလိုလုပ်နေ၏။

"မင်းကို ပြောတယ်လေကွယ်"

"ချစ်ပန်းပွင့်ကို ပြောတာလား။ စောစောက ပြောရောပေါ့။ အခုမှ ပြောရသလား"





ချစ်ပန်းပွင့်စကားကြောင့် ဦးကျော်ဖြူနည်းနည်းဟင်းသွားပုံရ၏။ ချစ်ပန်းပွင့် သူ့ကို တန်ပြန်ထိုးစစ်ဆင်နေပြီဆိုတာလည်း ရိပ်မိသွား၏။ သူ့ထိုးစစ်ကို မြှင့်တင်လိုက်၏။

"ချစ်ပန်းပွင့် ဘာလုပ်သလဲ။ ပြောလေကွယ်. ."

"ချစ်ပန်းလေးတွေပွင့်အောင် လုပ်ပါတယ်"

ချစ်ပန်းပွင့်က ရိုးရိုးမပြော။ ပပကိုကြည့်ပြီး ပြောခြင်းပါ။ ပပခေါင်းငုံ့သွား၏။

"သေပန်းပွင့်အောင်လည်း လုပ်လေကွယ်"

"ဟုတ်ကဲ့. .။ အဲဒီပန်းကတော့ ယခမအတွက် ရည်မှန်းထားပါတယ်"

"ဘာလဲကွယ်"

"ယခမပါခင်ဗျ"

"ယခမ. . ဘာလဲကွယ်"

"ရှိသေချစ်ခင်မြတ်နိုးရသောသူလို့ အဓိပ္ပာယ်ရပါတယ်"

"ရှိသေချစ်ခင်တဲ့သူကိုများ သေပန်းပွင့်စေချင်သတဲ့လားကွယ်။ တစ်မျိုးပဲကွယ်"

"ဟုတ်ကဲ့. . တစ်မျိုးတည်းပါ"

"ကဲ. . အားလုံး ထမင်းစားလို့ရပြီ"

ကြော်ငြာဖြတ်ဝင်ခြင်းမဟုတ်။ ဒေါ်မိသင်းခိုင်က ထွက်လာပြီး ထမင်းစားဖို့ခေါ်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့. . လာပါပြီ အန်တီ"

ဟုဆိုကာ ချစ်ပန်းပွင့်က ထ၏။ နှင်းမောင်လည်း ဘယ်နေမလဲ။

"အန်ကယ်လည်း စားပါဦးလား"

ဟု ဖိတ်မန္တကပြုသူကား နှင်းမောင်တည်း။ နှင်းပွင့်ဖြူကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သေးသည်။

"မီးဖြူနဲ့ မီးပလည်း တစ်ခါတည်းဝင်စားကြလေ"

ထိုနေ့က ထမင်းဝိုင်းသည် ရှုံးရှုံးရဲရဲဖြင့် ပြီးသွား၏။ ဦးကျော်ဖြူတစ်ယောက် ငရုတ်သီးမစပ်ဘဲ ရှုံးရှုံးရဲရဲဖြစ်နေခြင်းဖြစ်၏။

မဖြစ် ခံနိုင်ရိုးလား။ မိဘနှစ်ပါး ရှေ့ထားပြီး နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့က သမီးနှစ်ယောက်ကို ဟင်းတွေခပ်ထည့်ပေး၊ အရိုးသင်ပေးနှင့် လုပ်နေကြသည်မဟုတ်လား။

"တောက်" ဆိုပြီး ထသွားသည့် ဦးကျော်ဖြူအား ချစ်ပန်းပွင့်က မသိမသာခြေထိုးခံလိုက်ရာ ဦးကျော်ဖြူ ဝုန်းကနဲလဲရပါလေရော။

ချစ်ပန်းပွင့်ကတော့ "ကန်တော့. . ကန်တော့နော်" ဟု တောင်းပန်ပါသေး၏။ သို့သော် မျက်နှာက စပရိန်မျက်နှာဖြစ်နေသမို့ ဦးကျော်ဖြူတစ်ယောက် 'တောက်' တစ်ချက်ထပ်ခေါက်မိသွားရပြန်တော့သည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် ခပ်လှမ်းလှမ်းမှ ပျံ့လွင့်လာသောသီချင်းသံကြောင့် နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။

"နှစ်တိုင်းပင်. . ပိတောက်ပွင့်ချိန်မှာ. . သိကြားနဲ့အသူရာ. . သမက်နဲ့ယောက္ခမ. . ဘောက်ကျလို့လည်း. . အားမရနိုင်ရှာ"

သီချင်းသံကို နားထောင်ရင်း နှင်းမောင်က ချစ်ပန်းပွင့်ကို ကပ်ပြော၏။

"ငါက သိကြားမင်းကွ"

ဒါကို နားစွန်နားဖျားကြားရသူ ဒေါ်မိသင်းခိုင်က "မောင်နှင်းမောင်. . သကြားပုလင်းက ဘာလုပ်ဖို့လဲ။ ငရုတ်သီးစပ်လို့လား" ဟု ဆိုကာ သကြားပုလင်းထယူပေးတော့. .

နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့ မျက်နှာများကတော့ မချိုမချဉ်။

☐





**View Point**

မော်လမြိုင်၏ ဗျူးပွိုင့်ဆိုသော ရှုခင်းသာနေရာလေးကား နာဂဝိသတောင်တန်းပေါ်မှာ တည်ရှိသည်။

ဘုရားပုထိုးများစွာဖြင့် တင့်တယ်လှသော နာဂဝိသတောင်တန်းသည်ကား မော်လမြိုင်မြို့၏ကျက်သရေဆောင်ပင်ဖြစ်တော့၏။

ဗျူးပွိုင့်မှကြည့်လျှင် မော်လမြိုင်မြို့ကို အပေါ်စီးမှမြင်ရသည်။ သံလွင်မြစ်တွင်းမှ လှေသင်္ဘောများ သွားလာနေတာမြင်ရသည်။

ဗျူးပွိုင့်မှာ လူလေးဦးရပ်နေကြသည်။ လေတဟူးဟူးတိုက်နေသည့် ဗျူးပွိုင့်မှ လူလေးဦးကား. .

နှင်းမောင်နှင့် နှင်းပွင့်ဖြူ. .

ချစ်ပန်းပွင့်နှင့် ပပခိုင်. .

"မော်လမြိုင်ရဲ့အလှက စွဲမက်စရာပါပဲ မီးဖြူ" ကိုယ်တော့ မီးဖြူနဲ့မခွဲနိုင်တော့ဘူး"

"ဘာဆိုင်လို့လဲဟင်"

"ဆိုင်တာပေါ့။ မော်လမြိုင်ရဲ့အလှကိုစွဲမက်တာဟာ မော်လမြိုင်သူကို စွဲမက်တာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စွဲမက်တော့. ."

"အမြဲဖက်ထားချင်တယ်။ မခွဲချင်ဘူး"

နှင်းမောင် ပြောပြောဆိုဆို နှင်းပွင့်ဖြူ၏လက်ကလေးကို လှမ်းဆွဲကာ သူ့အနားသို့ တိုးကပ်စေသည်။

"ဟိုမှာ ညီမလေးရှိတယ်"

"အို. . သူလည်း သူ့ပြဿနာနဲ့သူ ဒီဘက်ကို ကြည့်အားပါဘူး။ ရွှတ်. ."

ပြောပြောဆိုဆို နှင်းမောင်က နှင်းပွင့်ဖြူ၏ပါးလေးကို ရွှတ်ဆို နမ်းလိုက်သည်။

နှင်းပွင့်ဖြူ၏ပါးလေး မဖြူတော့ဘဲ ရဲခနဲဆို ပန်းနုရောင် ပြောင်းသွား၏။

ထို့အတူ. .

ချစ်ပန်းပွင့်ကလည်း အုတ်ခုံတန်းလျားလေးပေါ် ကပ်ထိုင်နေသော ပပ၏ပါးနှစ်ဖက်အား နှစ်ရွှတ်ရွှတ်လိုက်လေရာ ပပ၏ပါးလေးများလည်း ရဲကနဲရဲကနဲ ဖြစ်သွားရလေတော့၏။

ဘာပဲဖြစ်ဖြစ်. .

ရန်ကုန်မှထွက်ကတည်းက ရည်မှန်းချက်ကြီးကြီးထားခဲ့ကြသော နှင်းမောင်တို့သူငယ်ချင်းနှစ်ယောက် ရည်မှန်းချက်များ အတော်ခရီးပေါက်နေပြီမို့ ကျေနပ်နေကြ၏။

ချစ်သူ၏ပါးလေးကိုနမ်းလိုက်၊ လက်လေးကိုင်လိုက်၊ ဆီမန်းမန်းသလို တိုးတိုးလေးပြောလိုက်နှင့် ဟုတ်လို့။ အလုပ်ကြီးစားနေကြ၏။

"ကိုမောင်"

"ပြောလေ မီးဖြူ"

"မီးဖြူကို တကယ်ချစ်တယ်နော်"





"မီးဖြူကို တကယ်ချစ်ပါတယ်။ ကိုယ့်အမုန်းဆုံးက မီးနီနဲ့ မီးဝါပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ အရေးကြီးလို့ ဆိုင်ကယ်စီးလာပြီဆို မီးဝါရတာနဲ့ မီးနီရတာနဲ့ ရပ်ရပ်စောင့်နေရတာ သိပ်မုန်းတာပဲ"

"မီးဖြူကိုတော့ ဘယ်တော့မှ မမုန်းပါနဲ့နော်"

"မုန်းဘူး။ အမြဲပဲ ချစ်မှာ။ ကြီးပွားတိုးတက်အောင်ကိုချစ်မှာ"

"တကယ်နော်"

"နှစ်ကယ်"

နှင်းပွင့်ဖြူကား အရိုးခံလေးနှင့် တကယ်လားသွားလုပ်နေ၏။ နှင်းမောင်၏ ကြီးပွားရေးစီမံကိန်းကို မသိရှာလေသဖြင့် အဟုတ်ကြီး မှတ်နေသည်။ ကလေးမ နာတော့မည်။

နှင်းပွင့်ဖြူက နှင်းမောင်ကိုကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစားနေသည်။ တစ်စုံတစ်ရာ ပြောချင်ပုံရသည်။ ပြောလည်း ပြောပါပြီ။

"ကိုမောင့်ကို တစ်ခုပြောချင်တယ်"

"ပြောပါဗျာ"

"မီးဖြူကိုချစ်တဲ့သူဟာ မီးဖြူရဲ့ဖေဖေကိုလည်း ချစ်သင့်တယ်"

"ဘာရယ်. . မီးဖြူရဲ့ဖေဖေကိုပါ ချစ်ရမယ်။ မဖြစ်နိုင်ဘူး ထင်တယ်ကွယ်"

"တကယ်တော့ ဖေဖေက သဘောကောင်းပါတယ်။ သမီးတွေကိုချစ်လို့ သူများနောက်ပါသွားမှာစိုးလို့ ကိုမောင်တို့ကို ဂွတိုက်နေတာပါ"

"ကိုမောင်တို့ကို ဂွတိုက်ရအောင် ကိုမောင်က မူလီမှ မဟုတ်ဘဲလေကွယ်"

"မနောက်နဲ့နော်. . ။ စကားအကောင်းပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



"မနောက်တော့ဘူး။ ကဲ. . ပြော"

"မီးဖြူလိုချင်ကာကတော့ ဖေဖေနဲ့ သင့်မြတ်ဖို့ပါပဲ"

"ကိုယ်ကြိုးစားပါ့မယ်"

နှင်းမောင်အဖြေက အားရဖွယ်မရှိ၊ သူ၏ယောက္ခမစစ်ဆင်ရေးစီမံချက်ကို လျှော့ချချင်ပုံမပေါ်။

"ဟင်း. ."

နှင်းပွင့်ဖြူ သက်ပြင်းလေးချသည်။ နှင်းမောင့်ကို တွေကြည့်၏။

နှင်းမောင်ကား သူ့ထက် အသက်သုံးနှစ်ကြီးသည်ဆိုသော်လည်း ရွယ်တူလို့ပဲထင်ရသည်။ နှင်းမောင့်က ဖြောင့်ချော ချောသည်။ ဆံပင်မတိုမရှည်။ နှာတံပေါ်ပေါ်။ မပိန်မပါး။ မဖြူမညို။ အရပ် ၅ ပေ ၅ လက်မဆိုတော့ ကြည့်ကောင်းသည့်ပုံစံမျိုး။

နှင်းပွင့်ဖြူ စဉ်းစားသည်။

သူ နှင်းမောင်အပေါ် မဆွတ်ခင်က ဘာကြောင့်သွတ်မိရသနည်း။

အဖြေက မပေါ်ပါ။

နောက်ဆုံး. . ရှေးရေစက်၊ နောက်ဘုံဘိုင်ကိုသာ ပုံချလိုက်တော့သည်။

ဒါက နှင်းပွင့်ဖြူ၏အတွေး။

ပပကလည်း ဤသို့တွေးနေသည်။

"အင်း. . ဆံပင်ကောက်လိမ်ပြီး စပ်ဖြဲဖြဲမျက်နှာ၊ အရပ်ပုကွကွနဲ့ ချစ်ပန်းပွင့်ဆိုတဲ့သူကို ငါ ဘာကြောင့် တိမ်းနေရတာလဲ။ ဇကန္တဒီပုဂ္ဂိုလ်မှာ လက်ဖွဲ့အဆောင်ရှိလိမ့်မယ်။ ရှာမှ"

"ပပ. . ဘာကြည့်နေတာလဲ"

ပပက သူ့ကိုစိုက်ကြည့်နေသဖြင့် ချစ်ပန်းပွင့်မလုံမလဲဖြစ်သွားသည်။ ပပက ဘာမှမပြောဘဲ ပြုံးပြပြီး ချစ်ပန်းပွင့်၏လက်မောင်းကို





ဆုပ်ကိုင်လိုက်သည်။ နောက်. . လိုက်စမ်းနေ၏။

ချစ်ပန်းပွင့် တွန့်လိမ်နေပြီ။ ပပက ဘာမှမပြော။ ပြုံးဖြဲဖြဲလုပ်ပြပြီးနောက် လက်မောင်းတစ်ဖက်ကို ဆတ်ခနဲကိုင်လိုက်ပြန်သည်။

ချစ်ပန်းပွင့် တွန့်ခနဲ. . ။

ပပက သူ့လက်မောင်းကိုစမ်းသည်။ ဘာမှမတွေ့တော့ ပြုံးပြပြီး ဆတ်ဆို လည်ပင်းကို စမ်းပြန်၏။

"ဟီး. . ဟီး. . ယားတယ်ဟာ. . ပပအချစ်စမ်းတာ တစ်မျိုးပဲနော်။ ဖယ်ကွာ. . ယားတယ်"

ပပက သူ့မှာ အဆောင်လက်ဖွဲ့ရှိမရှိ စမ်းတာကိုများ အချစ်စမ်းတယ်လုပ်နေသေး။

ဘာမှမတွေ့သဖြင့် ပပ စမ်းတာ ရပ်လိုက်၏။

ပပခမျာ သွားစမ်းမိသဖြင့် တန်ပြန်သက်ရောက်မှုအဖြစ် အနမ်းခံလိုက်ရတော့သည်။

"ရွှတ်. . ရွှတ်"

ပပပါးလေး ရဲမသွားတော့။ ဂါတ်လည်း မသွားတော့။ ငိုးသွားပြီလေ။

နမ်းတိုင်းသာ ရဲနေရလျှင်တော့ သွေးချင်းချင်းနီကုန်ရောမယ်လေကွယ်။

❐



www.burmeseclassic.com

www.burmeseclassic.com






<၈>

"မိသင်းခိုင်. . မိသင်းခိုင်. . မီးဖြူလေ. . မီးဖြူ"

"မာမာ ဘာဖြစ်လို့လဲ။ မီးဖြူဘာဖြစ်လို့လဲ"

"ဟို. . ဟို. . မီးဖြူကို ပိန်ရှည်ကားတင်သွားပြီ"

"ဘာ. ."

ဘာဆိုသောအသံကား နှင်းမောင်၏အသံဖြစ်၏။ နှင်းမောင်နှင့်ချစ်ပန်းပွင့် ဦးကျော်ဖြူအိမ်မှာ ရောက်နေတာကြာပြီ။

နှင်းပွင့်ဖြူက ဒေါ်မာမာနှင့် ဈေးလိုက်သွားသဖြင့် ထိုင်စောင့်နေကြခြင်းဖြစ်၏။ ပပကတော့ သူတို့ကို ဧည့်ခံနေဆဲ။ ဒေါ်မိသင်းခိုင်မှာ နှင်းမောင်တို့နှင့် ထိုင်စကားပြောနေရာမှ ရုတ်တရက်ကြားရသည့် သတင်းကြောင့် မူးမေ့သွားသည်။

ဦးကျော်ဖြူက အိပ်ခန်းထဲမှထွက်လာပြီး ဒေါ်မိသင်းခိုင့်အား ပြုစုပေးရသည်။

"အန်ကယ်. . မာမီ့ကို ပြုစုရစ်၊ ကျွန်တော်တို့ လိုက်သွားမယ်။ ဒီကောင့်လက်ကရအောင် ကျွန်တော်လုမယ်"

နှင်းမောင်က ပြောရင်း အိမ်ပေါ်မှပြေးဆင်းသွားသည်။ ဒေသင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည့်ဆိုင်ကယ်ပေါ် တက်ခွစက်နှိုးသည်။ မောင်းထွက်သွားသည်။

ချစ်ပန်းပွင့်ကလည်း လိုက်ရန်ပြင်သည်။

"အန်ကယ်. . ပျှော့ပျော်လည်း လိုက်သွားမယ်။ မေမေ့ကိုယာ ပြုစုရစ်။ လာ. . ပပလည်း လိုက်ခဲ့"

ခပ်တည်တည် ပပလက်ကိုဆွဲ၍ အိမ်ပေါ်ကပြေးဆင်းသည်။ ထိုစဉ် ခြံထဲသို့မောင်းဝင်လာသော ဆိုင်ကယ်တစ်စီးကိုမြင်၍ တား၏။

ဆိုင်ကယ်စီးလာသောကောင်လေးကို အိမ်ပေါ် လက်ညှိုးထိုးတိုးတိုးကပ်ပြောလိုက်တော့ ကောင်လေး ဆိုင်ကယ်ပေါ်မှ ပြေးဆင်းသွားသည်။ အိမ်ပေါ်ပြေးတက်သည်။

ချစ်ပန်းပွင့်က ဆိုင်ကယ်ပေါ်တက်ခွပြီး ပပကိုတက်ခိုင်းသည်။ ပပ ယောင်ယမ်းတက်ထိုင်လိုက်၏။

ချစ်ပန်းပွင့် ဆိုင်ကယ်မောင်းပြေးလေပြီ။ ပပက ကျမှာစိုး၍ ချစ်ပန်းပွင့်ခါးကို ဖက်ထား၏။ ချစ်ပန်းပွင့်က ဆိုင်ကယ်ကို အရှိန်မြှင့်ရင်း ပပကိုပြော၏။

"ပပ. . အခုချိန်ကစပြီး မင်းကို ကိုယ်ဆိုင်ကယ်ထားင်ပြေးပြီ။ အော်ဖို့မစဉ်းစားနဲ့။ ခုန်မချနဲ့။ ချစ်၍ခေါ်ရာ ကြည်ဖြူစွာလိုက်ခဲ့ပေတော့"

"ဟောတော့. . အရေးထဲ"

ပပ ညစ်သွား၏။ သူအစ်မနောက်လိုက်မလားမှတ်သည်။ သူနိုးထတုန်း သူ့ဝက်သောင်းကျန်းနေပြီကော။

ဘာပဲဖြစ်ဖြစ်. .

ပပ ဆုံးဖြတ်လိုက်သည်။

"အော်လည်း အော်ဘူး။ ခုန်လည်း ချဘူး။ ပဲလည်း မများတော့ဘူး။ ခေါ်ချင်ရာခေါ် လိုက်သွားတော့မယ်။ ဟီဟိ. ."

ချစ်ပန်းပွင့်ဆိုင်ကယ်လေးက ကမ်းနားလမ်းအတိုင်းဆင်း၍





သဘော်ဆိပ်ဆီသို့. ။

ထိုအချိန်ဝယ်. .

နှင်းမောင်တစ်ယောက် ဆိုင်ကယ်တစ်စီးနှင့် တောင်လိုလိုမြောက်လိုလိုဖြစ်နေသည်။ လိုက်မည့်ဟူသာ ထွက်လာသည်။ ဘယ်လိုက်ရမှန်းမသိ။

ကံအားလျော်စွာ မုဖိုဘက်သို့ သူမောင်းသွားမိသည်။ မော်လမြိုင်မြို့ပြင်အထွက်မှာ လမ်းဘေး၌ ကားတစ်စီးထိုးရပ်ထားတာတွေ့ရ၏။ ကားဘေးမှာ လူသုံးလေးယောက်ရှိသည်။ ကားစက်ဖုံးကိုဖွင့်၍ လူတစ်ယောက် နှိုက်နေသည်။

ကားပျက်နေကြသည်ကိုး။ ကားပေါ်မှာတော့ နှင်းပွင့်ဖြူ. ။

ဆလွန်းကားအတွင်းမှာ နှင်းပွင့်ဖြူကို ပါးစပ်အဝတ်ဆို့ထား၍ တစ်ယောက်က ဓားနှင့်ထောက်ထားသည်။ ထို့ကြောင့် မအော်ရဲ။

နှင်းမောင်က ဆိုင်ကယ်ကိုကားဘေးထိုးရပ်ရင်း ကြုံးအော်၏။

"ဟေ့ကောင်တွေ. . ပြေး. . ပြေး. . ရဲကားပါတယ်။ လွတ်အောင်ပြေးကြ"

ကားဘေးမှလူများ လန့်ဖျပ်၍ ထွက်ပြေးကြ၏။ ကားစက်ဖုံးဖွင့်နှိုက်နေသူကလည်း မော့ကြည့်ပြီး. . .

"ဘာလဲ. . ဘာလဲ"

ဟု မေး၏။ ထိုသူကား. . ပိန်ရှည်တည်း။ နှင်းမောင်က. .

"ရဲ. . ရဲ. . ပြေး. . ပြေး"

ဆိုတော့ ပိန်ရှည်လည်း ဝှကိုချ၍ ပြေး၏။ ကားပေါ်ကို စိတ်မချသလိုလှည့်ကြည့်တော့ နှင်းမောင်က ထပ်အော်သည်။

"ဟေ့ကောင်. . ရဲကားနီးလာပြီ။ နောက်ဆံမတင်းနဲ့။ မိန်းမကို သူ့အိမ်ပြန်မပို့ဘူး။ စိတ်ချ. ။ လုံခြုံရာမှာ ဝှက်ထားပေးမယ်။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးတော့ မင်းလာခေါ်ပေါ့"

"ကျေးဇူးပဲကွာ. . စိတ်ချမယ်နော်"

ဆိုကာ ပိန်ရှည်ပြေးတော့၏။ နှင်းမောင်က. .

"စိတ်ချစမ်းပါကွာ။ မီးဖြူကို ငါစောင့်ရှောက်မှာပါ"

ဟု ပြောရင်း ကြောက်လန့်နေသောနှင်းပွင့်ဖြူအား ကားထဲမှ ခေါ်ကာ ဆိုင်ကယ်ပေါ်တက်စေ၍ မောင်းထွက်ခဲ့တော့၏။

ဘေးနားက ပရိသတ်တချို့ကတော့ ဗီဒီယိုရိုက်နေသည်ဟုထင်ပြီး ဝိုင်းကြည့်နေကြ၏။ ထိုပရိသတ်ဘက်သို့လှည့်၍ နှင်းမောင် လှမ်းအော်သွားပုံကား. .

"ကျွန်တော်တို့ အခုရိုက်နေတဲ့ ကားနာမည်က သူခိုးလက်က သူဝှက်လုတဲ့ဗျို့"

□





ထိုအချိန်တွင်. . .

ဦးကျော်ဖြူ၏လူများကလည်း လူစုခွဲကာ နှင်းပွင့်ဖြူတို့ကို ရှာလျှက်ရှိကြ၏။

ချစ်ပန်းပွင့်က ဆိုင်ကယ်ကို ကမ်းနားလမ်းဘက်မောင်းလာပြီး လမ်းဘေးမှာထိုးရပ်လိုက်သည်။ ဆိုင်ကယ်ကိုထားခဲ့ပြီး ပပလက်ဆွဲကာ သင်္ဘောဆိပ်သို့ ပြေးတော့သည်။

သင်္ဘောဆိပ်မှာ မုတ္တမသို့ထွက်မည့်သင်္ဘောက မရှိသေး။

ကိစ္စမရှိ. .။

ပဲ့ထောင်များရှိသည်။ ထွက်ဖို့အဆင်သင့် ပဲ့ထောင်ပေါ်သို့ တက်လိုက်သည်။

သည်နေရာတွင် ရယ်ရသေး။

ဘောတံတားပေါ်ကနေ ပဲ့ထောင်ပေါ်တက်ဖို့က တံတားပေါ်မှ ခုန်ချရမှာဖြစ်နေ၏။ ချစ်သူလက်ကိုဆွဲထားသော ချစ်ပန်းပွင့် ခုန်မကူးရဲ။ တွန့်နေသည်။

ပပက ပဲ့ထောင်ပေါ် အရင်ခုန်ချလိုက်၏။ မော်လမြိုင်သူပဲလေကွယ်။ ထို့နောက် ချစ်ပန်းပွင့်ကို လက်ကမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ချစ်ပန်းပွင့်က သူ့လက်ကိုဆွဲကာ ပွဲထောင်ပေါ် ခုန်ဆင်းလေတော့၏။

မြန်မာရာဇဝင်ပါတော်မူဖြစ်ရပ်တွင် သံဘော်ပေါ် တက်တော့ သီပေါမင်းက စုဖုရားလတ်လက်ကို ဆွဲသလား . .။

စုဖုရားလတ်ကပဲ သီပေါမင်းလက်ကို ဆွဲတက်သလား . .။

ဤသို့ မရှင်းမရှင်းဖြစ်စရာမလို။ ယခုဟာက ရှင်းရှင်းလေး . .။

ချစ်ပန်းပွင့်က ပပကိုဆိုင်ကယ်တင်ပြေးသည်။ ပပက ချစ်ပန်းပွင့်ကို ပွဲထောင်တင်ပြေးသည်။ ဒါပါပဲ။

ပပတို့ပွဲထောင်စထွက်ခိုက်မှာပင် နှင်းမောင်တစ်ယောက် နှင်းပွင့်ဖြူ၏လက်ကိုဆွဲလို့ ဆင်းလာပြန်သည်။

ပပတို့ကိုမြင်တော့ လှမ်းအော်၏။

"ညီမလေး . . မမဒီမှာ။ မိန့်ရှည့်လက်က လွတ်လာပြီ။ ညီမလေး မမနောက်မလိုက်နဲ့တော့။ ပြန်ခဲ့"

ပပကလည်း ပွဲထောင်ပေါ်မှ ပြန်အော်သည်။

"မမနောက်လိုက်တာ မဟုတ်ဘူး။ သူ့နောက် လိုက်တာ။ မမလည်း အိမ်မပြန်နဲ့။ ပွဲထောင်တစ်စီးနဲ့ လိုက်ခဲ့တော့။ အတူတူ လိုက်သွားကြမယ်"

"ဟောတော့ . ."

နှင်းပွင့်ဖြူ မျက်လုံးဝိုင်းသွား၏။ မထူးတော့ပြီမို့ ပွဲထောင်တစ်စီးကို နှစ်ထောင်ကျပ်ဖြင့် စီးလုံးငှားလိုက်၏။ ပွဲထောင်ပေါ် သူမကပဲ အရင်ခုန်ဆင်းလိုက်သည်။ ပြီး . . နှင်းမောင်ကို လက်ကမ်းပေးသည်။ နှင်းမောင် ရဲ့ဖွဲ့စွာခုန်ဆင်း၏။ သတ္တိတော့ အတော်ကောင်းသား။

"မီးဖြူ . . နေဦး . . နေဦး။ ဦးလေးနဲ့အန်တီတို့ လိုက်ရှာနေတယ်"

ခြံစောင့်ဦးတိကျက နှင်းပွင့်ဖြူတို့ကို သဘော်ဆိပ်ဆင်းရာမှ





တွေ့သွားသဖြင့် ပြေးဆင်းလာသည်။ တားသည်။

နှင်းပွင့်ဖြူက ပွဲထောင်သမားကို ခဏနေခိုင်းပြီး . .

"ဦးကိကျ . . လာပါဦး။ မြန်မြန်လာ"

ဟု လှမ်းခေါ်၏။ ဦးတိကျက ဆိပ်ခံတောထိပ်မှာလာရပ်သည်။ နှင်းပွင့်ဖြူက အလွန့်အရေးကြီးဟန်ဖြင့် . .

"ဖေဖေတို့ရော"

"ပါတယ်။ ဈေးထဲမှာ ပတ်ရှာနေတယ်"

"ဟုတ်လား . . မြန်မြန်သွားခေါ်ခဲ့ပါ။ မီးဖြူ မိန့်ရှည့်လက်က လွတ်ပြီး နှင်းမောင်က ဆိုင်ကယ်နဲ့တင်ပြေးပြီး အခု ပွဲထောင်နဲ့တစ်ပြေးဖို့ ကြံနေတယ်လို့ အမြန်လိုက်ခဲ့ပါလို့ ခေါ်လာခဲ့"

"စိတ်ချ . . စိတ်ချ . . အခုပဲ သွားခေါ်လာခဲ့မယ်"

"ကိုနှင်းမောင် ရှင်တော့ထောင်ကျပြီသာမှတ်၊ ဦးတိကျက တိကျတယ်။ အခုပဲသွားခေါ်တော့မှာ"

"တိတိကျကျပြောပြီး ခေါ်ခဲ့မှာ။ ကောင်လေး . . မင်းတော့ ထောင်ကျကိန်းပဲ"

ပြောပြောဆိုဆို ဦးတိကျအပေါ် ပြေးတက်သွား၏။ "အခုပြန်လာခဲ့မယ်" ဟုလည်း အော်သွားသေးသည်။

ဦးတိကျထွက်သွားသည်နှင့် နှင်းပွင့်ဖြူက ပွဲထောင်သမားကို ထွက်ရန်ပြလိုက်သည်။

ပွဲထောင်လေးက သံလွင်မြစ်ရေကိုဆန်၍ တရိပ်ရိပ်မောင်းနေပြီ။

"လေပြည်လေးတဖြူးဖြူး . . လှိုင်းလုံးကလေးတွေ တလိမ့်လိမ့်မြူး . . သံလွင်မြစ်ရေ . . အလွန်ထူး . . ပေါင်းကြမယ် . . တို့လေးဦး . . ကျိုက်သလွံကို . . မျှော်ကာဖူး"

နှင်းမောင်က သီချင်းတအေးအေးဖြင့်ရှိနေ၏။ နှင်းပွင့်ဖြူက



www.burmeseclassic.com

www.burmeseclassic.com



တော့ နောက်ကြောင်းမအေးရှိလေ၏။

မုတ္တာမဆိပ်ကမ်းရောက်တော့ အရင်ရောက်နှင့်နေသော ပပနှင့် ချစ်ပန်းပွင့်က စိုးရိမ်စွာစောင့်နေကြသည်။ ပပကိုမြင်တော့ နှင်းပွင့်ဖြူက ကမျောသောပါးပြော၏။

"ညီမလေး. . ဖေဖေတို့လိုက်လာပြီ။ ပြေးကြမယ်"

ပြေးကြမယ်ဆိုပြီး လေးဦးသား ဘူတာထဲဝင်ပြေးကြ၏။

ထိုအချိန်ဝယ် မုတ္တမမှ ရန်ကုန်သို့ထွက်ခွာမည့်ရထားကြီးသည် ဥဩဆွဲ၍ စတင်ထွက်ခွာစပြုနေပြီဖြစ်၏။

သူတို့လေးဦးလုံး ရထားပေါ် အမြေးအလွှားတက်လိုက်သွားကြတော့သည်။

သည့်နောက်တွင်ကား. .





"ဟါ. . ဦးလှညွန့်တို့အိမ်လားကွယ်"

"ဟုတ်ပါတယ်။ အိမ်ပေါ်တက်ကြပါ"

ဦးကျော်ဖြူက ရှေ့မှဦးဆောင်တက်သည်။ နောက်မှ ဒေါ်မြသင်းခိုင်နှင့် ဦးတိုကျ။

"ဘာကိစ္စရှိပါသလဲ"

ဦးလှညွန့်က မဖော်ရွေစွာမေးသည်။ ဦးကျော်ဖြူက မဖော်ရွေစွာ ပြန်ပြောသည်။

"ဒီအိမ်မှာ ဟိုကလေကဝနှစ်ကောင် တည်းတယ်ကွယ်"

"မတည်းပါလားကွယ်"

"ဘာမှတည်းလဲကွယ်။ ကောင်လေးနှစ်ယောက်. . နှင်းမောင်နဲ့ ချစ်ပန်းပွင့်ကွယ်"

"ဪ. . သူတို့တော့ တည်းပါတယ်။ ကလေကဝတွေသာ မတည်းတာ"

"အခု သူတို့ ဘယ်မှာလဲကွယ်"

"မသိဘူးလေကွယ်"

"မညာပါနဲ့ကွယ်။ သူတို့အကြံအစည်တွေကို ဒီအိမ်ကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



သိမှာပါကွယ်”

“မသိရပါလားကွယ်။ ဘာဖြစ်လို့လဲကွယ်”

ကကယ်တော့ ဦးလှညွန့်သည် မွန်သွေးနည်းသဖြင့် ကွယ်သိပ် မသုံးတတ်သော်လည်း ဦးကျော်ဖြူက တစ်ကွယ်တည်းကွယ်နေသဖြင့် တမင်လိုက်ကွယ်နေခြင်းတည်း။

“နှင်းမောင်နဲ့ ချစ်ပန်းပွင့်ကွယ်။ သမီးနှစ်ယောက်ကို ဆိုင်ကယ် တင်ပြေးတယ်ကွယ်။ ပွဲထောင်တင်တယ်ကွယ်။ ရထားနဲ့လည်း တင်ပြေး တယ်ကွယ်”

ဦးကျော်ဖြူစကားကြောင့် ဦးလှညွန့်ခါတ်ပေါက်သွား၏။ နှင်း မောင်နှင့် ချစ်ပန်းပွင့်တို့ကတော့ ကြီးပွားရေးစီမံကိန်းကို အကောင် အထည်ဖော်နေလေပြီတွေးရင်း ပြုံးမိ၏။

“ဘာပြုံးသလဲကွယ်။ ဒါ. . ပြုံးစရာလားကွယ်။ ကျုပ်ရင်မှာ မီးတောက်နေပြီကွယ်”

“ဟုတ်ပါတယ်ရှင်။ ကျွန်မအမျိုးသားက သူ့သမီးနှစ်ယောက်ကို သိပ်ချစ်တာ။ ရထားပေါ် တက်သွားပြီး မျက်ခြည်ပြတ်သွားလို့ ရဲတိုင်ပြီး ဘူတာအနှံ့သတင်းပို့ထားပေမယ့် ရှာမတွေ့ဘူးဖြစ်နေလို့”

ဒီလိုဆိုတော့လည်း ဒေါ်မိလှဲဝင်းက ကိုယ်ချင်းစာသည်။ ပြေ ရာပြေကြောင်း ပြောရှာသည်။

“သူတို့ ဒီမှာတည်းတာတော့ မှန်ပါတယ်။ သူတို့ရဲ့ ပစ္စည်းပစ္စယ တချို့လည်း ဒီမှာရှိပါတယ်။ သူတို့ ဘာလုပ်သွားတယ်ဆိုတာတော့ အစ်မ ကြီးတို့ပြောမှပဲ သိရတာပါ။ သူတို့ ဒီကိုလည်း ပြန်မလာပါဘူး။ ပြန်လာ မယ်လည်း မထင်ပါဘူး”

“ဒုက္ခပါပဲကွယ်။ ငါငိုချင်ပြီကွယ်. . ရှုတ်”

ငိုသံဖြင့်ပြောရင်း ဦးကျော်ဖြူနှပ်ညှစ်လိုက်၏။ နှပ်ပေသောလက်





ကို စားပွဲခင်းစွန်းမှာ သုတ်တာတွေ့သဖြင့် ဦးလှညွန့်က. .

“ဒီမှာမသုတ်နဲ့လေကွယ်။ တစ်ရှူးနဲ့ ယူသုတ်လေကွယ်”

ဆိုကာ တစ်ရှူးလှမ်းပေး၏။ ဦးလှညွန့်က ကိုယ်ချင်းစာကာ အားပေး၏။

“သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြစမြဲပါဗျာ။ သိပ်လည်းစိတ် မပူပါနဲ့။ ကောင်လေးတွေက လူကောင်းလေးတွေပါ”

“ဘာလူကောင်းလဲကွယ်။ သူဝှက်လေးတွေပါကွယ်။ သူခိုးနောက် လိုက်ပေးသလိုနဲ့ လုပြေးတာကွယ်။ ဒါ. . လူကောင်းလား။ ပြောကွယ်”

“အခုမကောင်းပေမယ့် နောင် ကိုယ့်သမက်ဖြစ်လာတော့ လည်း ကောင်းသွားမှာပေါ့”

“ဘာသမက်လဲကွယ်။ သူဝှက်ကို သားမက်မခေါ်ပါရစေနဲ့လေ ကွယ်။ ငိုချင်တယ်ကွယ်”

ဦးကျော်ဖြူ ငိုချင်တယ်ဆိုပြီး နှပ်ညှစ်မည့်လုပ်ရာ ဦးလှညွန့် တစ်ရှူးအမြန်လှမ်းပေးလိုက်ရ၏။

ထိုနေ့က ဦးကျော်ဖြူတို့လင်မယားကို အားပေးနှစ်သိမ့်ရင်း တစ်ရှူးတစ်လိပ်ကုန်သွားလေ၏။ ရန်ကုန်ရှိ နှင်းမောင်၏မိဘလိပ်စာကို ပေးလိုက်ရ၏။ တွေ့လျှင် အကြောင်းကြားပါမည်ဟု ပြောလိုက်ရ၏။

ဦးလှညွန့်အိမ်ပေါ်မှ ဆင်းသွားရင်း ဦးကျော်ဖြူ ညည်းသွား သေးသည်။


“သမီးနှစ်ကောင် နွားနှစ်ထောင်နဲ့ နွားလားနှစ်ကောင် ဘယ် ရောက်နေကြသလဲကွယ်. . ရှုတ်”

❒



www.burmeseclassic.com

www.burmeseclassic.com





<၉>

နောက်(၅)လခန့်ကြာသော်. .

"သတင်းထူးပါတယ် ကူမကြီးတို့ရေ. ."

ဦးလောင်ကူက သတင်းစာတစ်စောင်ကိုကိုင်လာရင်း ပြော၏။ ဦးလောင်ကူကား ဦးကျော်ဖြူ၏ညီဖြစ်သည်။ ပေါင်မှာနေသည်။ ခြေသလုံးမှာ အိပ်၏။

အဲ. . အိပ်တော့ ရာဘာခြံထဲမှာအိပ်၏။ သူ့ ရာဘာခြံကြီးက ကျယ်လှသည်။ ပေါင်မြို့ပေါ်မှာ အိမ်ရှိသော်လည်း မနေ။ သမီးနှင့် သမက်ကိုတင်ထားပြီး သူက ရာဘာခြံထဲမှာနေခြင်းဖြစ်၏။

ဦးကျော်ဖြူနှင့် ဦးလောင်ကူက ညီအစ်ကိုဆိုသော်လည်း စရိုက်ချင်းမတူ။ စိတ်ဓာတ်ချင်းကွာသည်။

ဦးကျော်ဖြူက ဇီဇာကြောင်သည်။ သူ့သမီးများနှင့်ပတ်သက်လာလျှင် ပိုဆိုးသည်။ စာအုပ်ကြီးအတိုင်း လုပ်ချင်သည်။

ဦးလောင်ကူက လူရွှတ်။ သဘောကောင်းသည်။ မှုမှုတာတာတွေးတတ်သည်။ လုပ်ချင်ရာ ဖွတ်လုပ်တာတတ်သည်။

ယခုလည်း ကြည့်. . ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်ဖြူတို့က နပ်သည်။ ရန်ကုန်ရထားပေါ် တက်လိုက်သွားပြီး အနီးဆုံး ပေါင်မှာပဲ ဆင်းလိုက်ကြသည်။ ပေါင်ဘူတာမရောက်ခင် ရထားအရှိန်လျှော့မဉ်ကတည်းက ဆင်းကြခြင်းပင်။

ပေါင်မှာဆင်း၍ ခြေသလုံးနှင့် လျှောက်သွားကြသည်။ ဦးလေး၏ရာဘာခြံသို့ သွားရောက်၍ အကျိုးအကြောင်းပြောပြသည်။ နဂိုက ဇီဇာကြောင်သောသူ့အစ်ကိုဦးကျော်ဖြူအား ကြည့်မရသည့် ဦးလောင်ကူက ကလေးများကို ဝှက်ထားပေးလိုက်တော့သည်။

"ဒါတူမတွေ ယောက်ျားခိုးလာတော့ ဦးလေးက ဝှက်ထားပေးရမှာပေါ့။ ဟေး. . ဟေး. ."

ဦးလောင်ကူက တဟေးဟေးနှင့် သူတို့ကို ရာဘာခြံထဲကအိမ်မှာ ဝှက်ထားပေးလိုက်သည်။

ဦးကျော်ဖြူတို့ကလည်း ရဲစခန်းမှာအမှုဖွင့်ပြီး ပိုက်စိပ်တိုက်ရှာသည်။ ရှာသည်ကား ဝေးဝေးလံလံမှာ။ ရှိသည်ကား နီးနီးလေး။

နှင်းမောင်နှင့် နှင်းပွင့်ဖြူ. .

ချစ်ပန်းပွင့်နှင့် ပပခိုင်. .

ချစ်သူစုံတွဲနှစ်တွဲကား လောကကြီးကို မေ့နေကြလေပြီ။

သူတို့မှာ ဘာမှပူပင်စရာမရှိ။ ဦးလောင်ကူက လိုလေသေးမရှိ ဖိစဉ်ထားပေးသည်။

ချစ်သူစုံတွဲနှစ်တွဲကား နိုင်ငံတော်စရိတ်ဖြင့် အပန်းဖြေနေကြသည့်နှယ်ရှိတော့၏။

ဦးလောင်ကူထံမှ သတင်းထူးဆို၍ အိမ်ထဲမှ ခေါင်းလေးလုံးပြူထွက်လာကြသည်။ သတင်းစာကိုမြင်တော့ တစ်ကိုယ်လုံးထွက်လာကာ ယူဖတ်ကြသည်။

သတင်းက တကယ်ကိုပင် ထူး၍ ဆန်းနေသည်။





မီးဖြူနှင့် ပပ

အပြစ်တွေအားလုံး ခွင့်လွှတ်သည်။ အဖေ့မွေးနေ့အမီပြန်လာပါ။ မွေးနေ့မမီလျှင် သေနေ့လာနေကြရလိမ့်မည်။

မေမေ

"ဘယ်လိုလုပ်ကြမလဲ"

"တို့ဘာလုပ်သင့်သလဲ"

ညီအစ်မနှစ်ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ကြလေပြီ။

နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့လည်း မျက်နှာမသာမယာရှိကြ၏။

"ဖါတူမတွေ ပြန်သွားလိုက်ကြပါ။ အစ်ကိုကြီးက အစွဲအလမ်းကြီးတယ်။ သမီးတွေစိတ်နဲ့ သူတကယ်ဖြစ်နေတာ။ တကယ်သေသွားနိုင်တယ်"

ဦးလောင်ကူကပင် ဤသို့ပြောလေပြီ။ နှင်းမောင်ကလည်း ပြောရှာသည်။

"ဟုတ်သားပဲ. . ။ အပြစ်တွေအားလုံး ခွင့်လွှတ်တယ်ဆိုထားတာပဲ။ ကြောက်စရာမရှိတော့ပါဘူး။ ကိုယ်တို့ကလည်း ဖေဖေ့ရဲ့အပြစ်တွေကို ခွင့်လွှတ်လိုက်မယ်။ အေးရာအေးကြောင်းပေါ့"

"ငါလည်း ယောက္ခမကြီးကို အေးရာအေးကြောင်းဆက်ဆံတော့မှာပါ။ ဟုတ်တယ်နော် ပပ"

"အရေးထဲမှာ အသားယူမနေနဲ့။ ဖေဖေ့မွေးနေ့က ငါးရက်ပဲလိုတော့တာ။ ဘယ်လိုလုပ်ကြမလဲ"

"အားလုံးသွားကြမယ်လေ"

နှင်းပွင့်ဖြူက အလောတကြီး ပြောရှာသည်။ တကယ်တော့ နှင်းပွင့်ဖြူရော ပပလှိုင်ပါ ဖခင်ဦးကျော်ဖြူကို ချစ်ကြပါသည်။

သို့သော်. .



www.burmeseclassic.com

www.burmeseclassic.com



ရှေးရေစက်မကောင်းခဲ့၍ သူတို့အပေါ် အချစ်စိတ်တွေ ပိုမိခဲ့ကြရလေရာ ဤသို့ဖြစ်ရလေတော့သည်။

ယခုတော့ နှောင်တရပါပြီ။ ဖေဖေ့ခြေဖျား ဦးခိုက်ကန်တော့ကာ တောင်းပန်ပါတော့မည်။

"နေဦးကွ. . ။ မောင်နှင်းမောင်တို့မိဘတွေလည်း စိတ်ပူနေမှာ။ အကြောင်းကြား ခေါ်သွားပြီး မိဘစုံရာနဲ့ အပ်သင့်တယ်"

"ဒါဆို ဦးလောင်ကူပဲ ကူညီပါလားဟင်။ နှင်းပွင့်တို့မိဘတွေကိုလည်း ပြောပေး။ ရန်ကုန်က ကျွန်တော်တို့မိဘတွေလည်း သွားခေါ်ပေးပါလားဟင်"

"ဟာကွာ. . ငါ့ရှူးငါ့ပေါက်နေပါပြီ။ အေးလေ. . ဒါ လုပ်ပေးရမယ့်ကိစ္စပဲ။ ငါကလည်း ဝါသနာပါပါတယ်။ ကဲ. . ငါပဲ စီစဉ်တော့မပေါ့"

ဦးလောင်ကူက အာမခံချက်ပေးလိုက်သဖြင့် အားလုံးပျော်သွားကြ၏။

"ဟေး. . ဒါမှ တို့ဦးလေးကွ"

ရာဘာတစ်တောလုံး ဆူညံသွားတော့သည်။ မဆူခံနိုင်ရိုးလား။ လေးယောက်လုံး ဝိုင်းအော်ကြသည်ပဲကွယ်။

❒





ဦးလောင်ကူတစ်ယောက် ဖယားတွေချနေ၏။ ဖယားတွေ ရှုပ်နေသည်။

"အင်း. . အစ်ကို့ဆီ ငါသွားလို့မဖြစ်ဘူး။ ငါ့ကို ကြံရာပါနဲ့ ဆွဲစိနေဦးမယ်။ စိတ်အေးရအောင်တော့ မွေးနေ့အမိ ကလေးတွေလာမယ်ဆိုတာ အကြောင်းကြားထားလိုက်မယ်။ ပြီး. . ငါ ရန်ကုန်ဆင်း။ ဟိုကောင်တွေမိဘတွေဆီသွား။ တစ်ပါတည်းခေါ် လာ. . ။ ကောင်းတယ်"

တစ်ယောက်တည်း ဖယားချ၊ တစ်ယောက်တည်း ကောင်းနေသည်။ သူ့တွက်ကိန်းနှင့်သူ ဟုတ်နေ၏။

ခေါင်းတဆတ်ဆတ်ညိတ်လိုက်၊ လက်လေးချိုးကြည့်လိုက်နှင့် ဧရာမစီမံကိန်းကြီးကိုရေးဆွဲနေသည့် ဦးလောင်ကူအားကြည့်၍ ချစ်ပန်းပွင့်တို့က ရယ်ရယ်မောမော မေးကြသည်။

"ဦးလောင်ကူ. . တစ်ယောက်တည်း ဘာတွေတွက်ချက်၊ ဘာတွေသဘောကျနေသလဲဟင်"

"မင်းတို့ကိစ္စလေကွာ. . မင်းတို့ကိစ္စ။ အကွက်စေ့စေ့နဲ့ အဆင်ပြေဖို့ တွက်နေရတာ"

"ကျေးဇူးကြီးပါပေတယ်. . ရှဲ. . ရှဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပန်းပွင့်က လက်နှစ်ဖက်ကိုဆုပ်ပြီး ရှုံ့ရှုံ့လုပ်၏။

ထိုအချိန်တွင် ရေချိုးခန်းတွင်းသို့ဝင်၍ အပေါ်အပါးထိုင်သွားနေသည့် ပပက သူ့အားနောက်သည်ထင်ကာ လှမ်းအော်၏။

"ကိုယ့်ဟာကိုယ်ရှုံ့တာ ဘာလို့အော်ရတာလဲ။ မရှုံ့တဲ့သူ ဘယ်သူရှိလို့လဲ။ အားလုံး ရှုံ့ရှုံ့တွေချည်းပဲ။ မဟုတ်ဘူးလား . . ပြော"

ပပအသံကြောင့် ချစ်ပန်းပွင့်မျက်လုံးပြူးသွား၏။

"ပပ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး။ ကိုယ့်ဟာကိုယ် ရှုံ့ရှုံ့လုပ်နေတာ။ တော်ပြောစရာလား"

"ဟောဗျ . . ဘာပြောလို့လဲ"

"မုန်လာဥမလုပ်နဲ့။ ခုန ရှုံ့ရှုံ့ဆိုပြီး ပြောလိုက်တယ်"

"ဟုတ်တယ်လေ . . ။ ဦးလောင်ကူကို ကျေးဇူးတင်တယ်လို့ တရုတ်လိုပြောတဲ့ဥစ္စာ။ ဘာလဲ . . ရမ်းသမ်းပြီးတော့"

"သိဘူးလေတော်"

ပပ လျှော့ချသွား၏။ သူ့ဟာသူ အေးအေးဆေးဆေးရှုံ့နေလျှင် ဘယ်သူမှမသိ။ ယခုမှ တစ်ရပ်ကွက်လုံးသိကုန်ပြီ။

ဤတွင် နှင်းမောင်ကလည်း တစ်စခန်းထ၏။

"မီးဖြူရော မရှုံ့တော့ဘူးလား။ သွားရှုံ့လေ။ ဆီးတစ်လုံးကောင်း ကိုယ်လက်မကိုက်ခဲတဲ့။ သွား . . များများသာရှုံ့။ ဘယ်သူမှ အားမနာနဲ့"

"အို . . ဘယ့်နှယ်။ မသွားချင်တဲ့ဟာ"

"သွားပါကွာ . . ။ နှစ်ဆယ်မပေးရပါဘူး"

"အဲဒါဆို ကိုမောင်ပဲ သွားရှုံ့တော့"

"အန် . ."

နှင်းမောင် အန်သွားသည်။ ရှေ့သို့လည်း စကားမဆက်တော့။





တကယ်တော့ . .

သူ နှင်းပွင့်ဖြူကို ရှုံ့ခိုင်းခြင်းသည် အကြောင်းရှိ၏။ သူသည် နှင်းပွင့်ဖြူကို အရိပ်တကြည့်ကြည့်နေရသည်။ ကျန်းမာရေး ဂရုစိုက်ပေးနေရသည်။ ဆီးချုပ်ဝမ်းချုပ် အဖြစ်မခံနိုင်။ ထိခိုက်နာကျင်မှု စိုးစဉ်းမျှ မဖြစ်စေရ။

ယခု နှင်းပွင့်ဖြူသည် ယခင်ကနှင်းပွင့်ဖြူမဟုတ်တော့။

ယခုနှင်းပွင့်ဖြူကား . .

ကျန်စစ်သား အရိန္ဒမာသီချင်းထဲကလို အို . . အို . . အို . . အို . . အို . . အို . . ဟူသော စကားလေးတစ်လုံးနှင့် လုံးဝင်ပြီစွန်းနေပြီ မဟုတ်လား။

ပပကရော ဘာထူးပါမည်နည်း။

ဒီပုတ်ထဲကပဲပဲ မဟုတ်လား။

ဒါကြောင့် ပပက ခဏခဏရှုံ့နေခြင်းဖြစ်လိမ့်မည်။ ဒါကို ချစ်ပန်းပွင့်က သီချင်းလုပ်ဆိုသေးသည်။

"ခဏခဏ . . မကြာမကြာ . . ရှုံ့လွန်းပါတယ် . . ပပကိုသာ အချစ်ဆုံးကွယ် . . ညညတိုင်လည်း ရှုံ့လွန်းတယ် . . မိုးလင်းရင်လည်း ရှုံ့တုန်းကွယ် . . ကိုယ်ကွယ် . . အအိုရယ် . . အိပ်ရေးပျက်ပြီကွယ်"

"ဒေါင်"

နာရီသံချောင်းခေါက်သံမဟုတ်။ ပပက နီးရာသနပ်ခါးဘူးနှင့် ကောက်ပစ်လိုက်ခြင်းဖြစ်သည်။

"အား . . သေပါပြီဗျ"

အော်သံကား ဦးလောင်ကူ၏အသံ။ သနပ်ခါးတုံးက ပစ်မှတ်လွဲချော်ပြီး နောက်မှလာနေသည့် ဦးလောင်ကူခေါင်းကို မှန်သွားသည်။ ဦးလောင်ကူ ဖျင်းခနဲဖြစ်သွားသလို တင်းခနဲလည်း ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း. . ငါ့ကိုလုပ်ကြံတယ်။ ငါ့အိမ်နဲ့ ရာဘာခြံကို အပိုင်စီးချင်လို့ပေါ့လေ။ ငါ့အစ်ကိုနဲ့ သွားတိုင်ပြီး နင်တို့ကို သူ့လက်အပ်မယ်"

"မလုပ်ပါနဲ့ ဦးလေးရယ်။ သူ့ကိုပစ်တာ လက်မတည့်လို့ပါ။ ပြန်လေ့ကျင့်ပါ့မယ်"

"လေ့ကျင့်ရင်ပြော. . ။ ငါတခြားသွားနေမယ်"

သည့်လိုနှင့်ပဲ ဦးလောင်ကူကျေနပ်သွားရပြန်သည်။

ဦးလောင်ကူကား တူမများကိုချစ်သည်မို့ ခွင့်လွှတ်သည်။ အပြစ်မယူ။

ယခု. .

ဦးကျော်ဖြူထံ အကြောင်းကြားရန်ကိစ္စ၊ နှင်းမောင်တို့မိဘများထံ သွားရောက်ရန်ကိစ္စများကို သူတာဝန်ဆောင်ရွက်နေပြီ။

နောက်နေ့ဆို သူရန်ကုန်သွားတော့မည်။ သူပြန်လာလျှင်တော့ ထူးခြားသတင်းများ ပါလာဦးတော့မည်။

ဦးလောင်ကူတစ်ယောက် ဇယားတွေချနေ၏။

အလုပ်တွေရှုပ်နေ၏။

ထိုအလုပ်များမှာ သူ့စီးပွားရေးနှင့် ဘာမှမပတ်သက်။ တူမများ ကြီးပွားရေးသက်သက်သာဖြစ်သည်။

တူမချောများကလည်း ကြီးပွားစပြုနေပြီမဟုတ်လား။

☐





၂၃

"ဟက်ပီးဘတ်ဒေး. . တူးယူ. . ဟက်ပီးဘတ်ဒေး တူးယူ"

"ဟက်ပြီးဘတ်ဒေး. . . ဦးယူ. . ဟက်ပြီးဘတ်ဒေး . ဦးယူ. . ဟက်ပြီးဘတ်ဒေး. . ဦးယူ. . ဟက်ပြီးဘတ်ဒေး. . ဦးဦးယူ"

ပထမသီချင်းသံက ကက်ဆက်မှထွက်လာခြင်းပါ။ ဒုတိယအသံက ဦးကျော်ဖြူ၏တူမဝမ်းကွဲတစ်ယောက်က ဆိုနေခြင်းပါ။

ယနေ့. .

ဦးကျော်ဖြူ၏ ငါးဆယ့်ငါးနှစ်မြောက်မွေးနေ့။

မွေးနေ့ပွဲကို မနက် (၈) နာရီမှ စ,ဖို့ သတ်မှတ်ထားသည်။

မည်သူ့ကိုမျှ ဖိတ်သည်မဟုတ်။

သမီးနှစ်ယောက်ကို ပြန်လည်လက်ခံမည့်ပွဲဟုသာ ဆိုရမည်။

ဦးလောင်ကူ၏စီမံချက်အရ ယနေ့မွေးနေ့တွင် နှင်းပွင့်ဖြူနှင့်ပပလှိုင်တို့အား နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့က လူကြီးစုံရာနှင့် အပ်ကြမည်။

မိန်းကလေးရှင်များဘက်ကလည်း ကျေနပ်ကြည်ဖြူစွာ လက်ခံကြလိမ့်မည်။

ထိုပွဲမှာ ယောက်ျားလေးများဘက်မှ မိဘများလည်း ပါလိမ့်မည်။

ဦးလှညွှန့်နှင့် ဒေါ်မိလှဝင်းတို့ကိုလည်း ဖိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာသကွယ်. . ။ မလာသေးလားကွယ်"

ဦးကျော်ဖြူစိတ်မရှည်။ သူ့သမီးများကို တွေ့လိုလှပါပြီ။ ဦးကျော်ဖြူကိုကြည့်၍ ခုံများနေရာချနေသည့် ဦးတိကျက ဝင်ပြောသည်။

"လာမှာပေါ့ဆရာ။ သေချာစီစဉ်ထားတာပဲ။ စိတ်မလောပါနဲ့"

"မင်းမပြောနဲ့လေကွယ်။ နာမည်ကသာ တိကျတာ။ ဘာမှအသုံးမကျဘူးလေကွယ်။ မင်းနဲ့လို့ သမီးတွေပါသွားတာလေကွယ်"

ဦးကျော်ဖြူစကားကြောင့် ဦးတိကျ ဇက်ကလေးပုသွားသည်။ ဘာမှမပြောတော့ဘဲ အလုပ်ဆက်လုပ်နေသည်။

ဒေါ်မိသင်းခိုင်ကလည်း ဘတ်ဒေးကိတ်ကြီးမှာ ဖယောင်းတိုင်လေးများထိုးစိုက်ရင်း. .

"မေကြီး. . သမီးတို့နဲ့အတူ ဖယောင်းတိုင်မီးမှုတ်ပြီး မုန့်စေပေါ့"

ဟု ပြောရာ ဦးကျော်ဖြူက ခေါင်းညိတ်ရင်း. .

"ကောင်းသလေကွယ်. . ။ ကိတ်မုန့်လှီးဖို့ ဓားပါချထား။ ဘတ်ဒေးမီး ငြိမ်းပြီးရင် အဲဒီဓားနဲ့ကိတ်မုန့်လှီးမယ်ကွယ်။ ဝေကျွေးမယ်ကွယ်။ ဟိုကောင်ကိုတော့ ဓားနဲ့ပဲ ထိုးချင်သကွယ်"

ဟု ပြော၏။ ဒါကို ဦးတိကျ ဝင်ဖော့ရွှေလုပ်သေးသည်။

"ကလေးတွေမို့ မိုက်တာပဲဆရာရယ်။ ကိုယ့်သမက်တွေ ဖြစ်နေမှပဲ။ ခွင့်လွှတ်လိုက်စမ်းပါ။ ဓားကြီးနဲ့တော့ မထိုးချင်ပါနဲ့"

"ဓားနဲ့က မင်းကိုထိုးချင်တာလေကွယ်"

"ဗျာ. . "

ဦးတိကျ လန့်သွား၏။ သူ့အပေါ် ဦးကျော်ဖြူ အခဲမကျေသေးမှန်း ရိပ်မိသွားသည်ဖြစ်ရကား ထိုနေရာမှ တစ်ချိုးတည်းလစ်တော့၏။ မွေးနေ့ပွဲပြီးသည်အထိ ပြန်မလာ။

ဟုတ်တော့လည်း ဟုတ်၏။





ဦးကျော်ဖြူ သမီးနှစ်ယောက်ပါသွားစေရန် သူက အကြံတူစွာ အချိန်ဆွဲပေးသလို ဖြစ်ခဲ့ရသည်မဟုတ်လား။

ထိုစဉ်ခိုက်မှာ. .

ဦးကျော်ဖြူ၏ခြံဝင်းအတွင်းသို့ ဆလွန်းကားလေးနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာသည်။

ခြံဝလွန်ကာရှိသေး ရှေ့ကားက ရပ်သွားရာ နောက်ကားမှာ ဘရိတ်သုံးလိုက်ရသဖြင့် ကားပေါ်မှလူများ ဝရုန်းသုန်းကားဖြစ်ကုန်ကြတော့၏။

နောက်ကားမှာ ချစ်ပန်းပွင့်၊ ပပနှင့် ချစ်ပန်းပွင့်မိဘများဖြစ်သော ဦးချစ်ပန်းနှင့် ဒေါ်ငွေပွင့်တို့ ပါလာကြသည်။

ရှေ့ကားမှာက. .

ဦးလောင်ကူက ရှေ့ခန်းမှာ။ နောက်မှာ နှင်းမောင်မိဘနှစ်ပါးနှင့်အတူ နှင်းပွင့်ဖြူ။

"တီ. . တီ. . တီ"

"တီ. . တီ. . တီ"

နှင်းမောင်တို့ရှေ့ကားရပ်သွားသဖြင့် နောက်ကားက ဟွန်းတီးနေသည်။

"ဟော. . ဟွန်းသံပေးတယ်ကွယ်။ သွားကြိုကြပါကွယ်"

"ဘယ်လိုဖြစ်နေတာလဲ မေကြီးဖြူ။ ကျွန်တော်ရရနေပါ။ ကောင်လေးတွေမိဘတွေ ပါတယ်"

"ဘာဖြစ်လဲကွယ်။ သူတို့ကိုကြိုတာ ကြိုက်မှာပါကွယ်"

"မေကြီးဖြူ ငြိမ်ငြိမ်နေ။ မှင်ဖြည့်ထား။ သမီးတွေမြင့်ရင် မျက်ရည်မကျနဲ့။ ရှတ်. . "

"ဟောလေကွယ်. . ။ ဘယ်လိုဖြစ်လဲကွယ်. . ။ ငါ့ မဒိုရ



www.burmeseclassic.com

www.burmeseclassic.com



မင်းက ငိုရ။ မတရားကွယ်. . ။ တိတ်. . တိတ်. . ။ ငါလည်း မငိုလေ ကွယ်. . ။ မင်းလည်း တိတ်ကွယ်. . ။ ရှက်ဖွယ်ကွယ်"

မငိုနဲ့ဆိုပြီး မျက်ရည်တင်မကာ နှာရည်ပါကျသည့် ဒေါ်မိသင်းခိုင် အား ဦးကျော်ဖြူက ပြန်ချော့နေရသည်။

"တီ. . တီ. . ဘီ. ."

နောက်က ဟွန်းသံက ဆူနေသည်။ ရှေ့ကားကလည်း စက်နိုး မရတော့။ ကားပျက်နေပြီ။

"ဦးလောင်ကူ ဆင်းလျှောက်တော့မယ်ဗျာ"

"ဟာ. . မလုပ်နဲ့။ နိမိတ်မကောင်းဘူး။ မင်းနဲ့ငါ ဆင်းတွန်းမယ်။ ကားဆရာ. . တွန်းပေးရင် ရမလား"

"ရပါတယ်ဆရာ။ ကျွန်တော့်ကားက တွန်းနှိုးကုမ္ပဏီက ထုတ် တဲ့ကားပဲ"

ဦးလောင်ကူ တိုက်ပုံကြီးတဖားဖားနှင့် ဆင်း။ နှင်းမောင်လည်း တိုက်ပုံနှင့် ဆင်းတွန်းရ၏။

မရ. . ။ ကားပေါ်မှ နှင်းမောင်ဖခင်ပါ ဆင်းတွန်း၏။ မရ. . ။ မိခင်ပါ ဆင်းတွန်း၏။ စက်တော့မနိုး။ ကားကတော့ တွန်းရင်း အိမ်ရှေ့ ရောက်နေပြီ။ ဆက်တွန်းရန်မလို။

ကားများအသီးသီးရပ်တော့ ရှေ့ကားကလူတွေ ဆင်းရန်မလို တော့။

နောက်ကားက ချစ်ပန်းပွင့်ဖခင်နှင့် မိခင် အရင်ဆင်းလာ သည်။ ချစ်ပန်းပွင့်ဖခင်က တိုက်ပုံကို လက်နှင့်ခတ်လိုက်ပြီး. .

"မောသကွယ်"

ဟု ပြောလိုက်ရာ နှင်းမောင်အဖေ ဦးခင်မောင်က စွေကြည့် ၏။ ဒေါ်ဆုံက စောင်ကြည့်သည်။ ခြံထည်လေးပါ ဆက်ကြည့်သည်။





"လာ. . တက်ကြကွယ်။ စောင့်ရတာ မောသကွယ်"

ဦးကျော်ဖြူ ထကြိုရင်း ပြောပြန်ရာ ဦးခင်မောင်က စော ကြည့်၍ ဒေါ်ဆုံက ပုဆိုးကြည့်သည်။ မင်္ဂလာလက်ဖွဲ့အကွက် ကင်ပါရဲ့

"အဖေကြီးဖြူ. . ကိုယ့်နေရာမှာ ထိုင်တော်မူဗျာလ"

ဒေါ်မိသင်းခိုင်က ဦးကျော်ဖြူကို ဘာလိုင်းကြီးပြောနေသည် ဦးကျော်ဖြူ မျက်လုံးဖြူးပြီးပြော၏။

"ရိုးရိုးပဲ ထိုင်မယ်ကွယ်"

တကယ်တော့ ဒေါ်မိသင်းခိုင်က ဦးကျော်ဖြူအား ဧည့်သည် များလေးစားအထင်ကြီးစေရန် လုပ်နေခြင်းဖြစ်၏။ ကြိုတင်ဇာတ်တိုက် မထားဘဲ ရုတ်တရက်ဆိုတော့ ဦးကျော်ဖြူမှာ တစ်မျိုးကြီးဖြစ်နေ၏။

အားလုံးနေရာချထားပေးပြီးတော့ ဦးလောင်ကူပင် လူလည် ကြီးလုပ်ကာ မိတ်ဆက်ပေး၏။ ရွှေလမ်းငွေလမ်း ခင်းပေး၏။

"သမီးတို့ကို ခွင့်လွှတ်သကွယ်။ ဟိုနှစ်ကောင်ကိုလည်း ခွင့် လွှတ်သကွယ်"

ဦးကျော်ဖြူက အရိုးခံအတိုင်းပြောသော်လည်း နှင်းမောင်တို့ မိဘများမှာ သူတို့သားကို ဟိုနှစ်ကောင်ဟုခေါ်သဖြင့် ရှုံ့ရှုံ့ရဲ့ရဲ့ဖြစ်နေ ကြ၏။

"သားတွေမှာ နာမည်ရှိတယ်။ ကိုယ့်သမက်တွေပါ။ ကြည့်ခေါ် ပါရှင်"

ဟု ဒေါ်ဆုံက ပြောလေရာ ဒေါ်ငွေပွင့်ကလည်း. .

"ဟုတ်ပါ့ရှင်. . ဟုတ်ပါ့"

ဟု ဝင်ရောက်ထောက်ခံလေ၏။

ဦးကျော်ဖြူက သူ့အမှားကို ခုတ်ပေါက်သွားပြီး ပြန်ဆင်ခေါ် ဝေါ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားကလေး မောင်နှင်းမောင်၊ သားလေး မောင်ချစ်ပန်းပွင့် တို့ကို အဖေခွင့်လွှတ်တယ်လေကွယ်"

ဦးကျော်ဖြူက စီးစီးနင့်နင့်ကြီးပြောချလိုက်ရာ ဒေါ်ဆုံနှင့်ဒေါ်ငွေပွင့်တို့ ငုတ်တုတ်မေ့ချင်သလိုဖြစ်သွားတော့၏။

နှင်းမောင်နှင့် ချစ်ပန်းပွင့်တို့ကလည်း အထူးအပါးနားလည်လျှစွာ. .

နှင်းမောင်က နှင်းပွင့်ဖြူ၏လက်ကိုဆွဲလျက်. .

ချစ်ပန်းပွင့်က ပပလွှိုင်၏လက်ကိုဆွဲယူလျက်. .

ဦးကျော်ဖြူနှင့် ဒေါ်မိသင်းခိုင်ရှေ့မှာ စုံတွဲနှစ်တွဲ ယှဉ်ယှဉ်လေးထိုင်ကာ. .

"အဖေ့သမီးတွေကို ခိုးသွားမိတဲ့အတွက် တောင်းပန်ပါတယ်။ အခု မိသားဖသားပီသစွာ အထုပ်အထည်နဲ့ ပြန်အပ်ပါတယ်"

"သာဓုကွယ်. . သာဓု. . အဲ. . ဘာလဲကွယ်. . အထုပ်အထည်ကွယ်"

ဦးကျော်ဖြူ သဘောမပေါက်။ နှင်းမောင်တို့ကလည်း ဘာမှပြန်မပြော။ နှင်းပွင့်ဖြူတို့ညီအစ်မကလည်း ခေါင်းလေးတွေငုံ့လို့။

ဦးကျော်ဖြူက သူတို့ကို နားမလည်စွာကြည့်နေစဉ် ဦးလောင်ကူက ဒေါ်မိသင်းခိုင်နားကပ်၍ တိုးတိုးပြော၏။

ဒေါ်မိသင်းခိုင်က ဦးကျော်ဖြူနားကပ်ကာ တိုးတိုးပြော၏။

ဒေါ်ဆုံက ဒေါ်ငွေပွင့်နား တိုးတိုးကပ်ပြောပြီး ဦးခင်မောင်နားကပ် တိုးတိုးပြော၏။

ဒေါ်ငွေပွင့်က သိလိုဇောနှင့် မျက်လုံးပြူးကြည့်နေသည့် ဦးချစ်ပန်းနားကပ်ကာ တိုးတိုးပြောလေသည်။

တိုးတိုးကပ်ပြောပွဲ ပြီးဆုံးသွားလေသောအခါ. . .





အားလုံး၏မျက်နှာများမှာ မှိုရသောသူများနှယ် ဖြစ်ကုန်ကြတော့၏။

ထိုစဉ်မှာပဲ. .

ဦးလှည္ဟန့်နှင့် ဒေါ်မိလှဲ့ဝင်းတို့လင်မယား ရောက်လာကြလေ၏။

ကုလားထိုင်တွင်ပြန်ထိုင်ရန် ထလာကြသော နှင်းမောင်နှင့်ချစ်ပန်းပွင့်တို့က ဦးလှည္ဟန့်နှင့် ဒေါ်မိလှဲ့ဝင်းကိုကြည့်ကာ အံ့သြနေကြ၏။

"ဒေါ်လေး. . ဝလာသလိုပဲ"

ဟု နှင်းမောင်ကပြောရာ ဒေါ်မိလှဲ့ဝင်းက ရှက်စနိုးဖြင့် ခေါင်းလေးငုံ့သွား၏။

ဦးလှည္ဟန့်ကတော့ အထူးအပါးမသိရှာ။ အားရပါးရ ပြောချလိုက်၏။

"ဝတာ မဟုတ်ကွယ်. .။ ကြီးပွားတာ. . ကြီးပွားတာ။ မင်းတို့လည်း ကြီးပွားနေကြပြီမဟုတ်လား။ ဟေး. . ဟေး. ."

အားလုံး လူစုံကြပြီဖြစ်သဖြင့် နေရာယူထိုင်ကြပြီးဖြစ်ရာ ဒေါ်မိသင်းခိုင်က ဘတ်ဒေးကိတ်မှ ဖယောင်းတိုင်များကို မီးလိုက်လံထွန်းညှိလေ၏။

ဖယောင်းမီးငြိမ်းရန်အတွက် သမီးနှစ်ယောက်ခြံရံထွဲထားသော ဦးကျော်ဖြူက ကိတ်မုန့်ရှေ့မှာရပ်ပြီး ဘတ်ဒေးမိန့်ခွန်းချွေ၏။

"ဝမ်းသာသကွယ်. .။ သမီးတွေပြန်တွေ့ရတာ ဝမ်းသာတယ်။ အထုပ်အထည်နဲ့ပြန်အပ်တဲ့ သမက်တွေလည်း ကျေးဇူးတင်သကွယ်။ သားတို့နှစ်ယောက်လုံး ဒီအိမ်မှာ အေးရာအေးကြောင်း နေနိုင်ကြပါတယ်ကွယ်"

ဟုပြောပြီး ဖယောင်းတိုင်မီးကို သမီးများနှင့် ပြိုင်တူမှုတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. .

"ဟက်ပီးဘတ်ဒေး. . တူးယူ. . ဟက်ပီးဘတ်ဒေး. . တူးယူ"

ဟူသော သီချင်းဆိုနေကြရာမှ ထူးခြားသောသီချင်းသံတစ်သံ ထွက်လာသဖြင့် အားလုံးပြုံးသွားကြသည်။

ထိုသီချင်းသံမှာ. .

"ဟက်ပီးဘတ်ဒေး. . မြေးယူ. . ဟက်ပီးဘတ်ဒေး မြေးချီ. . ဟက်ပီးဘတ်ဒေး. . မြေးချီ. . ။ ဟက်ပြီးဘတ်ဒေး. . မြေးယူ"

ဟူ၍ ဖြစ်သတည်း။

ဤတွင် သူတို့တစ်မိသားစုလုံး အေးရာအေးကြောင်း ဖြစ်သွားရသကဲ့သို့

စာရှုသူတို့လည်း အေးရာအေးကြောင်း ဖြစ်နိုင်ကြပါစေ. . ။

လူသားအားလုံးကို ရယ်မောစေလိုတဲ့
အချောတော်



www.burmeseclassic.com